

# ရဝေထွန်း

# ဗုဒ္ဓဘာသာဟူသည်မှာ

(ဒုတိယအကြိမ်)

Than Myint Aung

ဗုဒ္ဓဘာသာဟူသည်မှာ
ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် ၃၂၆/၂၀၀၁(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၉၉/၂၀၀၂(၄)
❑
ပုံနှိပ်ခြင်း
ပထမအကြိမ် ၂၀၀၂-ခုနှစ်၊
အုပ်ရေ - ၅၀၀
❑
မျက်နှာဖုံးပန်းချီ
သန်းမြင့်အောင်
❑
အတွင်းစာသားပုံနှိပ်သူ
ဦးတင်မောင်ဝင်း (သင်းလဲ့ဝင်းပုံနှိပ်တိုက်)
၁၊ မိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
❑
မျက်နှာဖုံးပုံနှိပ်သူ
ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်၊
အမှတ် ၂၄၄ လမ်း-၄၀၊ ရန်ကုန်မြို့။
❑
ထုတ်ဝေသူ
ဦးမောင်ကလေး (၀၀၆၅)၊ သောကြာစာပေ
အမှတ် ၁၅၊ သြဘာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
❑
တအုပ်ချုပ်
မောင်မြင့်
တန်ဖိုး ၃၅၀ ကျပ်

# ဗုဒ္ဓဘာသာဟူသည်မှာ

ရဝေထွန်း

# မာတိကာ


၁။ မြန်မာနိုင်ငံရောက်ဗုဒ္ဓသာသနာအနှစ်ချုပ်

မြန်မာနိုင်ငံသို့ ပထမအကြိမ်ဗုဒ္ဓသာသနာရောက်ရှိလာပုံ ၅

၂။ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ဗုဒ္ဓသာသနာရောက်ရှိလာပုံ ၈

၃။ မြန်မာနိုင်ငံသို့တတိယအကြိမ်ဗုဒ္ဓသာသနာရောက်ရှိလာပုံ ၈

၄။ မြန်မာနိုင်ငံသို့စတုတ္ထအကြိမ်ဗုဒ္ဓသာသနာရောက်ရှိလာပုံ ၁၀

၅။ မနုသီဟရုပ်ဖန်ဆင်းခြင်း ၁၃

၆။ သရေခေတ္တရာသာသနာ ၁၄

၇။ ပုဂံသာသနာ သာသနာပြုရှင်အရဟံမထေရ် ၁၆

၈။ သင်္ဂါယနာတင်ခြင်းများ ၂၃

၉။ ဩကာသကန်တော့ခန်းအကြောင်း ၂၆

၁၀။ ဩကာသမှုရင်း ၂၉

၁၁။ ဘုရားရတနာရခဲ့စွာ ၃၅

၁၂။ သာသနာတော်နှင့်တွေ့ကြုံရကျိုး ၃၈

၁၃။ သုံးပါးရတနာကန်တော့ခြင်းသာ ၄၀

၁၄။ ကန်ခြင်း၊ တော့ခြင်း ၄၁

၁၅။ ရှိခိုးခြင်း၊ ပူဇော်ခြင်း ၄၅

၁၆။ ဆုအမျိုးမျိုး ၆၀

၁၇။ သံသရာလည်သည်ဆိုရာဝယ် ၆၄

၁၈။ သရဏဂုံ ၇၀

၁၉။ လူ့သရဏဂုံ, သာမဏေသရဏဂုံ ၇၄

၂၀။ ငါးပါးသီလခန်း ၈၁

၂၁။ သီလရတနာဆင်ယင်ရာ ၈၅

၂၂။ အသက် ၈၈

၂၃။ အသက်ပြီးလျှင်စည်းစိမ် ၉၂
၂၄။ အိုးအိမ် ၉၆
၂၅။ ပေါင်းသင်းဆက်ဆံရေး ၉၉
၂၆။ ယဉ်ကျေးမှု ၁၀၂
၂၇။ ရှစ်ပါးသီလခန်း ၁၀၅
၂၈။ တံတိုင်းသုံးထပ်-ကာရံအပ် ၁၀၉
၂၉။ ဥစ္စာသယန,မဟာသယန ၁၁၃
၃၀။ ကိုးပါးသီလ ၁၁၇
၃၁။ ဆယ်ပါးသီလ ၁၂၀
၃၂။ ဒုစရိုက်,သုစရိုက် ၁၂၄
၃၃။ ဒါန ၁၂၈
၃၄။ သီလ ၁၃၁
၃၅။ ဘာဝနာ ၁၃၅
၃၆။ အပစာယန ၁၃၈
၃၇။ ဝေယျာဝစ္စ ၁၄၂
၃၈။ ပတ္တိဒါန ၁၄၅
၃၉။ ပတ္တာနုမောဒနာ ၁၄၉
၄၀။ ဓမ္မသဝန ၁၅၃
၄၂။ ဓမ္မဒေသနာ ၁၅၆
၄၃။ ဒိဋ္ဌုဇုကမ္မ ၁၆၀
၄၄။ နိဗ္ဗာန်ဆုတောင်း ၁၆၇
၄၅။ ဘုရားလောင်းသုံးမျိုး ၁၇၁
၄၆။ ပစ္စေကဗုဒ္ဓဆုအကြောင်း ၁၇၅
၄၇။ သာဝကဗောဓိ ၁၈၀

# မြန်မာနိုင်ငံရောက်
# ဗုဒ္ဓသာသနာအနှစ်ချုပ်

## မြန်မာနိုင်ငံသို့ပထမဆုံးအကြိမ်
## ဗုဒ္ဓသာသနာရောက်ရှိလာပုံနိဒါန်း

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာစတင်ရောက်ရှိလာသောကာလကို ဥက္ကလာပ ဇနပုဒ်သား တဖုဿနှင့် ဘလ္လိကညီနောင်တို့ မြတ်စွာဘုရားထံမှ ဒွေဝါစိက သရဏဂုံကိုခံယူကာ ဆံတော်ရှစ်ဆူရရှိခဲ့ပြီး မြန်မာနိုင်ငံပြန်ရောက်ခဲ့ချိန်မှ စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရား–ဘုရားဖြစ်တော်မူပြီးနောက် ခုနစ်သတ္တာဟအလွန် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူသောအခါ မြတ်စွာဘုရားရှင်ထံရောက်ရှိကြပြီး ဒွေဝါစိက သရဏဂုံခေါ် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိဟူသော သရဏဂုံနှစ်ပါးကို ဘုရားရှင်ထံမှ ခံယူဆောက်တည်ခဲ့ကြသည်။

ယင်းသို့ သရဏဂုံဆောက်တည်ပြီးနောက် ကိုးကွယ်ရာကိုပါ ရယူလိုကြောင်း ဘုရားရှင်ထံတောင်းပန်လျှောက်ထားကြရာ ဘုရားရှင်သည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူလိုက်ရာ ညိုသောရောင်ခြည်တော်တို့ဖြင့်

တောက်ပလျက်ရှိသော 'ဆံတော်ဓာတ်မြတ်ရှစ်ဆူ' လက်တော်တွင် ကပ်ငြိပါလာသည်။ ထိုဆံတော်ဓာတ်မြတ် ရှစ်ဆူကိုပင် ဘုရားရှင်သည် တဖုဿနှင့် ဘလ္လိကညီနောင်တို့အား ချီးမြှင့်ပေးသနားတော်မူလိုက်ပါသည်။

ညီနောင်နှစ်ယောက်တို့သည် အဆိုပါဆံတော်ဓာတ်မြတ်ရှစ်ဆူကို မိမိတို့ဖွားရာနေရပ်ဓာတိဖြစ်သော ဥက္ကလာပဇနပုဒ်သို့ သယ်ဆောင်လာခဲ့ကြလေသည်။

ဤတွင် ဥက္ကလာပ ဇနပုဒ်ဆိုသည်မှာ ယခုအခေါ်အားဖြင့် ရန်ကုန်မြို့ပင်ဖြစ်ကြောင်း စာပေသမိုင်းမှတ်တမ်းများ၌ ပြဆိုပေသည်။ ဤရန်ကုန်မြို့ကို ရှေးအခေါ်က–

- ဥက္ကလာပမြို့ ဟူ၍လည်းကောင်း၊
- အသိတဉ္ဇနမြို့ ဟူ၍လည်းကောင်း၊
- ပေါက္ခရဝတီမြို့ ဟူ၍လည်းကောင်း၊
- နောက်ကာလတွင် ဒဂုံမြို့ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ကြပေသည်။

တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်နှစ်ဦးတို့သည် ဘုရားဖြစ်တော်မူသည့် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါခေါင်လဆုတ်(၅)ရက်နေ့တွင် ဥက္ကလာပဇနပုဒ် (ယခုအခေါ် ရန်ကုန်မြို့) သို့ရောက်ရှိလာခဲ့ကြသည်။ မြတ်စွာဘုရား–ဘုရားဖြစ်၍ သုံးလနှင့်ငါးရက်မှာ ရောက်ရှိလာခြင်းဖြစ်သည်။ ထိုနေ့ကာလမှစ၍ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိလာသည် ဆိုရမည်ဖြစ်ပေသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်

အခါကာလ စောစီးစွာရောက်ရှိခဲ့ပုံကိုသိနိုင်ပေသည်။ ဤကား- ဗုဒ္ဓသာသနာတော် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာပုံ အကြောင်း အကျဉ်းချုပ်ပေတည်း။

တဖုဿနှင့် ဘလ္လိက ညီနောင်တို့သည် ဘုရားရှင်၏ ဆံတော်ဓာတ်ရှစ်ဆူကို ပင့်ဆောင်ခဲ့ကြပြီးနောက် မြန်မာနိုင်ငံ ဒဂုံမြို့ခေါ် ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းထက်၌ စေတီတည်ထား ကိုးကွယ်ခဲ့ကြပေသည်။ ထိုစေတီတော်ကို 'ဒိဂုမ္ဘစေတီ'ဟု အမည်တော် သမုတ်ကြ၏။

ယင်း ဒိဂုမ္ဘစေတီတော်ကိုပင် ရှေးအခါက 'ရွှေဒဂုံ'ဟုလည်း ကောင်း၊ 'ရွှေဒိဂုဏ်'ဟုလည်းကောင်း၊ 'ရွှေဒိဂုဏ်ဆံတော်ရှင်' ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲဘွဲ့မည်သမုတ်ကြလျက် ယခု အခါ၌ကား 'ရွှေတိဂုံစေတီတော်'ဟူ၍ မြန်မာနိုင်ငံ-ရန်ကုန်မြို့ တော်၌ ထင်ရှားသပ္ပာယ်စွာ တည်ရှိနေသည်ကို အများကြည်ညို နေကြရပေသတည်း။

ဤစေတီတော်မြတ်ကြီးကား-ဤဗုဒ္ဓဂေါတမ သာသနာ တော်တွင် လူ့ပြည်-လူ့လောက၌ ပထမဦးဆုံးပေါ်ပေါက်တည်ရှိ လာသော စေတီတော်မြတ်ကြီးပင်ဖြစ်ပါသည်။ ဤသို့ တဖုဿ နှင့် ဘလ္လိကကုန်သည်ညီနောင်တို့ မြန်မာနိုင်ငံသို့ဆံတော်ဓာတ် ရှစ်ဆူပင့်ဆောင်ရောက်ရှိလာကာ ယင်းဆံတော်ဓာတ်တို့ကို ဌာပနာလျက် ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ထားခြင်းသည်ပင် မြန်မာနိုင်ငံသို့ ပထမဆုံး ဗုဒ္ဓသာသနာတော် ရောက်ရှိလာခြင်း ဖြစ်ပေသည်။

## မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ဗုဒ္ဓသာသနာရောက်ရှိလာပုံ

ဗုဒ္ဓမြတ်စွာ- ဘုရားဖြစ်တော်မူပြီး ရှစ်ဝါအရတွင် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် ဗုဒ္ဓသာသနာတော်ရောက်ရှိခဲ့သည်။

အရှင်ဂဝံပတိ အမည်ရှိတော်မူသော မထေရ်တစ်ပါး၏ တောင်းပန်လျှောက်ထားချက်အရ ဗုဒ္ဓမြတ်စွာသည် ရေးအခေါ် သုဓမ္မပုရ၊ ယခုအခေါ် သထုံမြို့သို့ နောက်ပါသံဃာတော်များဖြင့် ကြွရောက်တော်မူလာသည်။ သီဟမည်သောမင်းကြီးနှင့် တိုင်းသူပြည်သားလူအများတို့အား အမြိုက်တရားဟောကြားတော်မူခဲ့သည်။ သရဏဂုံသီလတို့၌လည်း တည်စေတော်မူခဲ့သည်။ ထိုစဉ်ကာလကလည်း ဗုဒ္ဓမြတ်စွာသည် ဆံတော် ဓာတ်မြတ်ခြောက်ဆူကို ပူဇော်နိုင်ကြရန် ချီးမြှင့်ပေးသနားတော် မူခဲ့ပါသည်။

ဤသည်ပင်လျှင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ဒုတိယအကြိမ် ရောက်ရှိလာခြင်းအကြောင်း အကျဉ်းချုပ်ဖြစ်ပေသည်။

## မြန်မာနိုင်ငံသို့ တတိယအကြိမ် ဗုဒ္ဓသာသနာရောက်ရှိလာပုံ

ဗုဒ္ဓမြတ်စွာဘုရားသည်နောင်အနာဂတ်ကာလ၌ သာသနာတော် အစွန့်ရှည်ကြာရေးကို မျှော်တွေးထောက်ရှုတော်မူလျက် ဝါတော် (၂၀)ကျော်တွင် မြန်မာနိုင်ငံဖြစ်သော သုနာပရန္တ

ဝါဏီဇဂါမသို့ ကိုယ်တော်တိုင် ကြွတော်မူပါသည်။ နောက်ပါ သံဃာတော် ၄၉၉–ပါးတို့နှင့်အတူ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှ ကြွတော်မူလာခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ သုနာပရန္တ ဝါဏီဇဂါမသို့ရောက်သော် ဗုဒ္ဓ ဘုရားရှင်သည် စန္ဒကူးနံ့သာကျောင်းတော်ကိုလည်း အလှူခံယူ တော်မူသည်။ တိုင်းသူပြည်သားများ ကိုးကွယ်ရစ်ကြရန်အတွက် နမ္မဒါနဂါးနှင့် သစ္စဗန္ဓရသေ့တို့ တောင်းပန်သဖြင့် ...'အောက် ခြေတော်ရာတစ်ဆူ'နှင့် 'အထက်ခြေတော်ရာ တစ်ဆူ'အားဖြင့် ခြေတော်ရာနှစ်ဆူချတော်မူထားခဲ့ပါသည်။

ထိုပြင့်–ဗုဒ္ဓမြတ်စွာသည် မဟာပုဏ္ဏမထေရ်ကို သုနာပရန္တ ဝါဏီဇဂါမတွင် သာသနာတော်တည်စေဖို့–သာသနာပြုဖို့အတွက် သုနာပရန္တဝါဏီဇဂါမ၌ ထားတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်အား သုနာပရန္တဝါဏီဇဂါမတွင် ဒါယကာ–ဒါယိကာမအများတို့ စန္ဒကူးသားဖြင့် ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းတော်နေရာ၌ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်တော်မူခဲ့ကြပေသည်။ ယင်းစေတီတော် ကား...ယခုတိုင် တည်ရှိနေသော 'လယ်ကိုင်းကျောင်းတော်ရာ' စေတီတော်ပင်ဖြစ်သတည်း။

ဤအထက်ဖော်ပြချက်တို့ကား– မြန်မာနိုင်ငံသို့ ဗုဒ္ဓ သာသနာတော်မြတ် တတိယအကြိမ်အဖြစ် ရောက်ရှိလာပုံ စကားစဉ်ပင်ဖြစ်သတည်း။

## မြန်မာနိုင်ငံသို့
## စတုတ္ထအကြိမ် ဗုဒ္ဓသာသနာရောက်ရှိလာပုံ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် (၂၃၅) နှစ်ရာသုံးဆယ့်ငါးနှစ်သို့ ရောက်သော် ပါတလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် တတိယသင်္ဂါယနာ တင်တော်မူကြ၏။

ထိုစဉ်အခါက သင်္ဂါယနာတင် မထေရ်ရဟန္တာအရှင်မြတ်တို့သည် နောင်အခါ ဗုဒ္ဓသာသနာတော် ထွန်းကားမည့်နေရာများကို အနာဂတံသဉာဏ်တော်ဖြင့် မြော်မြင်မိတော်မူကြသဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူကြပါသည်။

ယင်းသို့ သာသနာပြု စေလွှတ်တော်မူကြရာတွင် သုဝဏ္ဏဘူမိ (ယခု–သထုံ) အမည်ရှိ မြန်မာပြည်သို့ အရှင်သောဏမထေရ်နှင့် အရှင် ဥတ္တရမထေရ်တို့ ဦးစီးလျက် သာသနာပြုမထေရ်များ ကြွရောက်တော်မူလာကြသည်။ ယင်းမထေရ်နှစ်ပါးနှင့်အတူ အရှင်အနုရုဒ္ဓါမထေရ်၊ အရှင်တိဿဂုတ္တမထေရ်၊ အရှင်သောဏေယမထေရ်တို့လည်း ပါဝင်တော်မူကြသည်။ သာသနာတော်နှစ် (၂၃၅) နှစ်တွင် ကြွရောက်တော်မူကြကာ ဗုဒ္ဓသာသနာပြုတော်မူခဲ့ကြပါသည်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက ဤသုဝဏ္ဏဘူမိ သထုံပြည်သို့ ဘုရားရှင်ကိုယ်တော်တိုင် ရဟန်းတော်အများဖြင့် ကြွရောက်သာသနာပြုတော်မူခဲ့သည့်အပြင် မြတ်စွာ

ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်လည်း သုဝဏ္ဏဘူမိ သထုံပြည်သို့ အရှင်ဂဝံပတိမထေရ်သည် သာသနာပြုတော်မူခဲ့ပါ၏။ သို့သော် ထိုသာသနာများ မှေးမှိန်လျက်ရှိနေခဲ့သည်။ ထို့ကြောင့် ယခုအရှင်သောဏမထေရ်၊ အရှင်ဥတ္တရမထေရ်တို့ သုဝဏ္ဏဘူမိ သထုံပြည်သို့ သာသနာပြုကြွရောက်ချိန်တွင် ထိုအရှင်တို့အား ပြည်သူပြည်သားများက ရဟန်းသံဃာမှန်းမသိကြချေ။

ထိုအချိန်တွင် သီရိဓမ္မာသောကမင်း မင်းပြုလျက်ရှိနေပေရာ မင်း၏အိမ်နန်းတော်တွင်း၌ ဖွားတိုင်း–ဖွားတိုင်းသော ကလေးငယ် သားသူငယ်တို့ကို ဘီလူးမတစ်ကောင်သည် သမုဒ္ဒရာထဲမှ တက်၍ တက်၍ စားပစ်လေ၏။

ထိုသို့သောအချိန်တွင် အရှင်သောဏမထေရ်နှင့် အရှင် ဥတ္တရမထေရ်တို့ ဦးစီးသည့်မထေရ်များ သာသနာပြုကြွရောက်တော်မူသွားကြသောအခါ ထိုအရှင်တို့အား ရဟန်းသံဃာဟု မသိကြဘဲ သားစားဘီလူးမ၏ အပေါင်းအဖော်များဟုထင်မြင်ကြကာ လူအပေါင်းတို့သည် လက်နက်မျိုးစုံစွဲကိုင်၍လာကြကုန်၏။ ထိုသို့လာကြသော လူအပေါင်းကို မထေရ်တို့အနေဖြင့် မိမိတို့သည် ရဟန်းသံဃာများဖြစ်ကြောင်း ဟောပြောတော်မူကြရ၏။ ယင်းသို့ ဟောပြောနေစဉ်မှာပင် စားနေကျ ဘီလူးမတစ်ကောင်သည် သားသူငယ်ကလေးများကို စားမည်ဟူသော အကြံဖြင့် အခြားဘီလူးအခြံအရံများနှင့်တကွ သမုဒ္ဒရာမှ တက်လာလေ၏။

ထိုသို့တက်လာသော ဘီလူးမနှင့်တကွ အပေါင်းအပါများကို အရှင်သောဏ၊ အရှင်ဥတ္တရစသော မထေရ်တို့သည် တန်ခိုးဖြင့်ကြောက်လန့်စေကာ ထွက်ပြေးသွားစေတော်မူကြ၏။

ထိုအခါတွင်မှ မထေရ်တို့သည် ရောက်လာကြသော ပရိသတ်ကြီးအား 'ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်' ကို ဟောကြား၍ ကြည်ညိုမှုကိုဖြစ်စေကာ လူတို့အား သရဏဂုံသီလတို့၌လည်း တည်စေကုန်၏။

ယင်းသို့ ဗြဟ္မဇာလသုတ်ကို ကြားနာကြရသောအဆုံး၌ ပရိသတ် ခြောက်သောင်းတို့သည် သောတာပန်-သကဒါဂါမ်-အနာဂါမ် ရဟန္တာများအဖြစ်သို့ ရောက်တော်မူကြသည်။ သုံးထောင့်ငါးရာသော ယောကျ်ားတို့လည်း ရဟန်းပြုကြကုန်သည်။ အမျိုးသမီးတစ်ထောင့်ငါးရာတို့လည်း ရဟန်းမိန်းမ (ရဟန်းမ) အဖြစ်ပြုကြကုန်၏။ သို့သော် ထိုရဟန်းမဆိုသူများမှာ ဘိက္ခုနီ ထေရီမများ-ရဟန္တာမများကား မဟုတ်သေးချေ။ သောတာပန်- သကဒါဂါမ်-အနာဂါမ် တည်ပြီးသူများဖြစ်ကြလျက် ဘိက္ခုနီ အသွင်ယူထားကြသောသူများဖြစ်ကြ၏။ နောက်ဘိက္ခုနီ သာသနာ ရောက်လာသောအခါ ဘိက္ခုနီမအဖြစ်ယူကာ ရဟန္တာထေရီမများဖြစ်လျက် ဤမြန်မာနိုင်ငံ၌ သီရိခေတ္တရာပြည်-အရိမဒ္ဒနာမည်သော ပုဂံပြည်...သမုဒ္ဒရာဇ်မင်း၊ ပြူစောထီးမင်းတို့ လက်ထက်တိုင်အောင် ဘိက္ခုနီမများဖြင့် စည်ပင်ထွန်းကားခဲ့သည်။

## မနုသီဟာရုပ်ဖန်ဆင်းခြင်း

အရှင်သောဏ–အရှင်ဥတ္တရစသော ၄ ထေရ်မြတ်တို့သည် သုဝဏ္ဏဘူမိ သထုံပြည်၌ လူအပေါင်းတို့ ဘီလူးမဘေးရန် အန္တရာယ်မှာ ကင်းဝေးစေရန် 'ယနေ့မှစ၍ ဘီလူး စသော အန္တရာယ်များ မြို့တွင်းသို့ မဝင်စေသတည်း' ဟု အဓိဋ္ဌာန် အစွမ်းဖြင့် မြို့၏ထက်ဝန်းကျင်ကို အစောင့်အရှောက်အရံအတား ထားတော်မူကြသည်။

အရှင်သောဏနှင့် အရှင်ဥတ္တရတို့ ရောက်သောနေ့မှစ၍ ဘီလူးမတို့၏အန္တရာယ်၊ ဘီလူးစားခံရသည့်ဘေးမှ ကင်းဝေး ခဲ့ရပြီး၊ ယင်းမထေရ်တို့ရောက်သောနေ့၌ မွေးဖွားသည့် ကလေးမှ စ၍ နန်းအိမ်အတွင်း၌ မွေးတိုင်း–မွေးတိုင်းသော ကလေးတို့အား အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့၏ အမည်နာမများကို အစွဲပြုကာ 'သောဏုတ္တရ' ဟူ၍ချည်း အမည်မှည့်ပေးကြကုန်၏။

မထေရ်တို့သည် နန်းတွင်းသူနန်းတွင်းသားများ၊ မြို့သူ မြို့သားများနှင့် ကလေးသူငယ်များ ဘေးအန္တရာယ်ကင်းရှင်း ကြစေရန်အတွက် မနုသီဟာရုပ်ကို ဖန်ဆင်းပေးတော်မူကြ၏။ မြို့သူမြို့သားတို့သည် ကလေးရောလူကြီးပါ ထိုမထေရ်တို့ ဖန်ဆင်းပေးသော မနုသီဟာရုပ်ကို ထန်းရွက်၊ ပေရွက် စသည် တို့၌ ရေးသွင်းကာ လည်ပင်း၌ဆွဲထားကြကုန်၏။ နောက် ကာလတွင် ယင်းကို 'လိပ်ပချုပ်' ဟုလည်း ခေါ်ကြကုန်၏။ နောက်ဆုံးတွင် မြို့သူမြို့သားများသည် မနုသီဟာရုပ်ကို ကျောက်ဖြင့်ပြုလုပ်ကာ မြို့၏ အရှေ့မြောက်ထောင့်တွင်

တည်ထားလိုက်ကြကုန်၏။ ထိုသို့သောအချိန်ကာလမှစ၍ မနုဿဗိဟာရုပ်တို့လည်း မြန်မာပြည်၌ခေတ်စားလာခဲ့ရာ ယနေ့ တိုင်ပင်ဖြစ်၏။

ယင်းသို့ အရှင်သောဏ–အရှင်ဥတ္တရတို့ပြုသော သာသနာ သည် မတည်–တည်အောင် ပြုခဲ့ကြရသော သာသနာမည်၏။ ဘုရားရှင်လက်ထက်တော်က ရောက်ခဲ့သော သာသနာနှင့် အရှင် ဂဝံပတိမထေရ်၊ ဗုဒ္ဓ၏ သွားတော်ဓာတ်များပင့်ဆောင်ကာ သထုံပြည်၌ စေတီတည်ခြင်း စသည်ပြုခဲ့သော သာသနာတို့ကား အလိုအလျောက် အခြေအနေပေါ်မူတည်ကာ ရောက်ခဲ့သော သာသနာများဖြစ်သည်။ မတည်–တည်အောင်ပြုသော သာသနာ များ မဟုတ်ဟု အဆိုရှိပေသည်။

ဤသည်တို့ကား မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ဗုဒ္ဓ သာသနာတော် ရောက်ရှိလာပုံစကားစဉ်ပင်ဖြစ်သည်။ ယင်း အချိန်မှစတင်ထွန်းကားလာသော သာသနာသည် တပည့် အဆက် ဆက် ဆရာအဆက်ဆက် လက်ဆင့်ကမ်းသယ်ယူထမ်းဆောင် ခဲ့ရာ ယနေ့ထိတိုင်အောင် ထွန်းကားလျက်ရှိနေပါပေသတည်း။

## သရေခေတ္တရာသာသနာ

သာသနာတော်နှစ်(၁၀၁)တစ်ရာ့တစ်ခုနှစ်မြောက်၌ သရေ ခေတ္တရာပြည်၌ ဒွတ္တပေါင်မင်းကြီးနန်းစံလေ၏။ ထိုမင်းကြီး လက်ထက်တွင် ဗုဒ္ဓ၏တပည့်သာဝက ရဟန္တာအရှင်မြတ်

သုံးထောင်ခန့်မျှ ထိုသရေခေတ္တရာပြည်၌ သီတင်းသုံးနေထိုင်တော်မူကြသည်။ မင်းကြီးကလည်း ထိုရဟန္တာအရှင်မြတ်တို့အား နေ့စဉ်ပင်ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့်ထောက်ပံ့လှူဒါန်း ပူဇော်သည်။ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များကို ပင့်ဆောင်၍လည်း စေတီတည်သည်ဟု ဆိုပေသည်။

ယင်းအချက်များကို ထောက်ဆပါက အရှင်သောဏ-အရှင်ဉတ္တရတို့ သာသနာနှစ်(၂၃၅)နှစ်ရာ့သုံးဆယ့်ငါးခုတွင် ပြုခဲ့သော သာသနာသည် နောက်ကျလျက်ရှိသည့်ကိုတွေ့ရမည်ဖြစ်ပေသည်။ သို့သော် ယင်း သရေခေတ္တရာသို့ ရောက်ခဲ့သော ပထမသာသနာသည် အင်အားနည်းပါးသောကြောင့် သာသနာမတည်ခဲ့ဟုဆိုပေသည်။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ရာ၌ ယောနကရက္ခိတ မထေရ်သည် သာသနာတော်နှစ် (၂၃၅) နှစ်ရာ့သုံးဆယ့်ငါးခုနှစ်၌ သရေခေတ္တရာပြည်သို့ ကြွရောက်တော်မူရ၏။ ထိုစဉ် သရေခေတ္တရာပြည်၌ ရန်ဘောက်မင်းနန်းစံလျက်ရှိပေသည်။ ယင်းသို့ ယောနကရက္ခိတမထေရ် ကြွရောက်သာသနာပြုခဲ့ခြင်းသည် သရေခေတ္တရာပြည်၌ ဒုတိယအကြိမ် ဗုဒ္ဓသာသနာတော် ရောက်ရှိခြင်းပင်ဖြစ်သည်။

## ပုဂံသာသနာ
## သာသနာပြုရှင်အရဟံမထေရ်

သာသနာတော်နှစ် (၁၅၆၁) တစ်ထောင့်ငါးရာ ခြောက်ဆယ့်တစ်တွင် နော်ရထာမင်းစောဖြစ်သည်။ ထိုနော်ရထာစော နန်းစံ(၉)နှစ်တွင် ရှင်အရဟံမထေရ်ပုဂံသို့ ရောက်တော်မူသည်။ ရှင်အရဟံမထေရ်အကြောင်းကား ဤသို့တည်း။

သထုံပြည် ကျေးတောရွာတစ်ရွာ၌ သီတင်းသုံးလျက်ရှိသော အရှင်သီလဗုဒ္ဓိအမည်ရှိ မထေရ်ကြီးတစ်ပါးသည် သုနာပရန္တတိုင်း–တမ္ဗဒီပတိုင်းဟူသော မြန်မာတိုင်းဌာနတို့၌ ဗုဒ္ဓသာသနာတော် ခိုင်ခံ့စွာမတည်ဆောက်နိုင်သေးသည်ကိုသိမြင်တော်မူသဖြင့် တာဝတိံသာနတ်ပြည် သိကြားမင်းထံ ကြွရောက်လျက် သာသနာကို ချီးမြှင့်ရန်အတွက် စွမ်းနိုင်သော နတ်သားတစ်ယောက်တောင်းလေသည်။ သိကြားမင်းသည် သာသနာတော်ကို ချီးမြှောက်လိုသော စိတ်ကောင်းဖြင့်ပင် နတ်သားတစ်ယောက်ကို တောင်းပန်ကာ လူ့ပြည်ရှိအမျိုးသမီးတစ်ယောက်၏ ဝမ်းဗိုက်၌ ပဋိသန္ဓေ ယူစေခဲ့သည်။

အရှင် သီလဗုဒ္ဓိ မထေရ်ကြီးသည် အရှင်အရဟံလောင်းပဋိသန္ဓေယူသည်မှစ၍ ဖွားမြင်ပြီးနောက် အတန်အသင့် ကြီးပြင်းလာသည်အထိ စောင့်ရှောက်တော်မူခဲ့၏။ ထို့နောက် ရှင်ရဟန်းပြုချိန်ရောက်သော် ရှင်ရဟန်းပြုပေးတော်မူပါသည်။ ရှင်အရဟံသည် ထူးခြားမြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်ပေရာ ဘုရားစကားတော်ပိဋကတ်သုံးပုံကို အလွန်လျင်မြန်စွာ လိမ္မာတတ်ကျွမ်းတော်မူ၏။

ရဟန္တာအဖြစ်သို့လည်း ရောက်တော်မူ၏။ 'အရဟန္တ–အရဟံ' ဟုကျော်စောထင်ရှားတော်မူ၏။

ရှင်အရဟံသည် သထုံပြည်မှ အရိမဒ္ဒနာ ပုဂံပြည်သို့ ကြွတော်မူကာ ဒေသအရပ်ရပ်၌ သာသနာပြုတော်မူ၏။ ရှင်အရဟံသည် ဦးစွာပထမ ပုဂံပြည်ရှိ တောတစ်တော၌ သီတင်းသုံးနေထိုင်တော်မူရာ တောလည် မုဆိုးတစ်ယောက်နှင့်တွေ့၏။ မုဆိုးသည် ရှင်အရဟံလိုပုဂ္ဂိုလ်မျိုးကို မမြင်ဖူးသဖြင့် 'ဤသူကား လူမဟုတ်တန်ရာ၊ ဘီလူးသာဖြစ်တန်ရာ၏၊ လူဆိုလျှင်လည်း တကယ့်လူရိုင်းမျိုးသာ ဖြစ်တန်ရာ၏'...ဟု တွေးထင်ပူဆမိလိုက်၏။

မင်းအားပြသမည်ဟူသော သဘောဖြင့် တောမုဆိုးသည် ရှင်အရဟံအား မြို့သို့ခေါ်ဆောင်သွား၏။ ရှင်အရဟံကလည်း သင်္ကန်း ပရိက္ခရာတို့ကိုယူဆောင်ကာ လိုက်ပါကြွရောက်တော်မူ၏။ မြို့ရောက်၍ မင်းနှင့်တွေ့သောအခါ 'ငါသည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကိုခံယူတော်မူသော သဗ္ဗညုဗုဒ္ဓမြတ်စွာဘုရားရှင်၏ တပည့်သာဝက ရဟန်းတစ်ပါး ဖြစ်ပေသည်'...ဟူ၍ မြွက်ကြားတော်မူ၏။

ထိုအခါ အနော်ရထာမင်းစောသည် ကြည်ညိုစိတ်များဖြစ်ပေါ်လျက် 'အရှင်ဘုရား၏ဆရာ သဗ္ဗညုဗုဒ္ဓ ဟောတော်မူသော တရားတော်ကို အကျွန်ုပ်အား ဟောတော်မူပါ' ဟု လျှောက်ထားတောင်းပန်သည်။ ထိုအခါ–ရှင်အရဟံသည် မင်းတို့နှင့်လျော်သော အပ္ပမာဒသုတ္တန် ဒေသနာတော်ကို

ဟောကြားတော်မူ၏။ တရားတော်ကို ကြားနာရပြီးနောက် မင်းကြီးသည် ရှင်အရဟံအား အလွန့်အလွန်ကြည်ညိုသွားလေ၏။ နောက် မင်းကြီးက ဤသို့ဆက်လက်လျှောက်ထားပြန်သည်-

'အရှင်ဘုရား၏ဆရာ မြတ်စွာဘုရားသည် အဘယ်၌ သီတင်းသုံးနေထိုင်တော်မူပါသနည်း၊ ထိုဘုရားရှင် ဟောတော်မူသော တရားကား အဘယ်မျှလောက်ရှိပါသနည်း။ ထိုမြတ်စွာဘုရား၌ တပည့်သာဝကတွေအဘယ်လောက်ရှိပါသနည်း၊ အရှင်ဘုရားတစ်ပါးတည်းပဲလား၊ အခြားရှိသေးသလား' ...။

ထိုအခါ ရှင်အရဟံမထေရ်က ဤသို့ပြန်လည်အမိန့်ရှိတော်မူပါသည်...။

'မြတ်သောဒကာတော်မင်းကြီး၊ ငါ၏ဆရာ မြတ်စွာဘုရားကား ယခုသက်တော်ထင်ရှား မရှိတော့၊ ပရိနိဗ္ဗာန်စံတော်မူပြီ။ ထိုမြတ်စွာဘုရား၏ အသားတော်-အသွေးတော် စသည်တို့မှဖြစ်သော ဓာတ်တော်တို့သာလျှင်ရှိတော့၏။ ထိုမြတ်စွာဘုရား ဟောကြားအပ်သော တရားတော်တို့ကား ရှစ်သောင်းလေးထောင်ပမာဏရှိ၏။ ထိုတရားတော်တို့လည်း ထင်ရှားရှိပါသေး၏။ တပည့်သာဝကအနေဖြင့်လည်း ငါမှတစ်ပါး ပရမတ္ထသံဃာ-သမုတိသံဃာအားဖြင့် တပည့်သာဝက ရဟန်း-သံဃာတို့များစွာ ရှိနေပါသေးသည်။'

ရှင်အရဟံမထေရ်က ထိုသို့မြွက်ကြားသော် မင်းကြီးသည် သဒ္ဓါတရား ပိုမိုဖြစ်ထွန်းလာလျက်...'အရှင်ဘုရား၊ ဤပုဂံပြည်၌

အရှင်ဘုရားမှတစ်ပါး တပည့်တော်၏ ယုံကြည်–ကိုးကွယ်–အားထားရာသည် မရှိတော့ပါဘုရား၊ ယနေ့မှအစပြု၍ အရှင်ဘုရားသည် အသက်ထက်ဆုံးတိုင် တပည့်တော်၏ ကိုးကွယ်ဆည်းကပ်ရာ ဖြစ်တော်မူပါဘုရား။ အရှင်ဘုရားသည် တပည့်တော်အား ဆုံးမသည့်ဆရာ ဖြစ်တော်မူပါသည်ဘုရား' ဟု လျှောက်ထားလေတော့၏။

အနော်ရထာမင်းသည် ရှင်အရဟံအား သင့်လျော်သော အရပ်၌ ကျောင်းသခ်မ်း ဆောက်လုပ်ကိုးကွယ်သည်။ ထို့နောက် ပုဂံပြည်၌ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေခြင်းငှာ ရှေးမင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသော ရဟန်းတု–ရဟန်းယောင်၊ ရှင်တုရှင်ယောင်ဖြစ်သော (အရည်းကြီး) ရဟန်းတို့အား သုတ်သင်ရှင်းလင်း၏။ ဗုဒ္ဓသာသနာ၌ သက်ဝင်ကြည်ညိုသူတို့အား ရှင်ရဟန်းပြုစေ၍ သာသနာတော်ကို ချီးမြှောက်တော်မူ၏။

ထိုစဉ်က ပုဂံပြည်၌ ပရိယတ္တိသာသနာဖြစ်သော ပိဋကတ်သုံးပုံလည်း မရှိသေးချေ။ ဘုရားရှင်၏ ဓာတ်တော်–မွေတော်တို့လည်း မရှိသေးချေ။ ထိုပိဋကတ်တော်များနှင့် ဘုရားရှင်၏ ဓာတ်တော် မွေတော်များမှာ သုဝဏ္ဏဘူမိသထုံပြည်၌ရှိသည်။ ထို့ကြောင့် သထုံမနုဟာမင်းထံ လက်ဆောင်ပဏ္ဏာများ ဆက်သလျက် ပိဋကတ်သုံးပုံနှင့်တကွ ဓာတ်တော် မွေတော်များကို ပုဂံပြည်သို့ပင့်ရန် ရှင်အရဟံ မထေရ်က အနော်ရထာမင်းအား မိန့်တော်မူ၏။

နောက်ကာလ၌ အနော်ရထာမင်းသည် များစွာသော

လက်ဆောင်ပဏ္ဏာများစီစဉ်ကာ သဝဏ်စာနှင့်အတူ အမတ်တစ်ယောက်အား သထုံပြည်သို့စေလွှတ်သည်။ ထိုအမတ် သထုံပြည်ရောက်၍ မနော်ဟရီမည်သော မနုဟာမင်းထံ သဝဏ်စာဆက်သသော် မနုဟာမင်းသည် စိတ်နှလုံးဆိုးသွမ်းစွာဖြင့် မချေမင်ငံတုံ့ပြန်လိုက်၏။ မနုဟာမင်းက...'သင်တို့၏ မိစ္ဆာဒိဋ္ဌိတိုင်းပြည်၌ ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်တော်များနှင့် ဓာတ်တော်မွေတော်များပေးရန် မသင့်လျော်ချေ။ ဗုဒ္ဓသာသနာတော်သည် သမ္မာဒိဋ္ဌိ အယူရှိသူတို့၏ တိုင်းပြည်၌သာ တည်သည်။ ခြင်္သေ့ဆီသည် ရွှေခွက်၌သာ တည်သလိုဖြစ်၏...' စသည်ဖြင့် မချေမင်ပြောလွှတ်လိုက်၏။

သို့ဖြစ်ရကား စေတမန်အမတ်သည် ပုဂံပြည်သို့ ပြန်လာခဲ့ပြီး အနော်ရထာမင်းထံ အကြောင်းစုံတင်ပြ၏။ အကြောင်းစုံသိရသော် အနော်ရထာမင်းသည် အလွန်အမျက်ဒေါသထွက်တော်မူ၏။ ဤသို့ဖြင့် ဘုရင်အနော်ရထာသည် ရေကြောင်း, ကုန်းကြောင်းတို့မှ သထုံသို့ စစ်ချီတော်မူခဲ့သည်။ ထို့နောက် သထုံမနုဟာ မင်းကို ဖမ်းဆီးလျက် သထုံကိုသိမ်းပိုက်တော်မူ၏။ သထုံပြည် မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသော ရတနာကြုတ်တို့ဖြင့် ထည့်သွင်း ကိုးကွယ် ပူဇော်ထားအပ်သော နန်းစဉ်ဓာတ်တော်များ နှင့်တကွ ပိဋကတ်သုံးပုံ အစုံသုံးဆယ်ကို မနုဟာမင်း၏ ဆင်အစီး (၃၀) သုံးဆယ်ဖြင့်ပင် တင်ဆောင်ကာ (အရိမဒ္ဒနာ)–ပုဂံပြည်သို့ ပင့်ဆောင်ခဲ့တော့သည်။ ထိုသို့ပင့်ဆောင်ခဲ့သောနှစ်ကား–သာသနာ နှစ် (၁၆၀၁)တစ်ထောင့်ခြောက်ရာ

တစ်ခုနှစ်၊ ကောဇာသက္ကရာဇ် (၄၁၉) လေးရာ့တစ်ဆယ့်ကိုးခုနှစ်တွင် ဖြစ်သည်။

ထို့ပြင် အနော်ရထာမင်းသည် ထိုစဉ်ကပင် သထုံပြည်မှ အရိယာသံဃာတော် (၁၀၀၀)တစ်ထောင်ကိုလည်း ပင့်ဆောင်လာခဲ့ရာ ပုဂံပြည်၌ ပိဋကတ်သင်ကြားပို့ချပေးသည့် ပုဂ္ဂိုလ်များပါ ပြည့်စုံစွာ ပါဝင်လာခဲ့တော့သည်။ ထိုကဲ့သို့ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးတို့ဖြင့် ပြည့်စုံသောကြောင့် ပုဏ္ဏာဂါမ– ဟု အမည်တွင်သည်။ ထိုသို့သောအချိန်ကာလမှစ၍ ပုဂံပြည်ကြီး၌ ဗုဒ္ဓသာသနာတော်သည် တစ်စတစ်စ စည်ပင်ထွန်းလင်းခဲ့ပေတော့သည်။

သက္ကရာဇ် (၅၂၀) ငါးရာ့နှစ်ဆယ်ပြည့်နှစ်တွင် ကုလားကျမင်း နန်းတက်သည်။ ထိုမင်းလက်ထက်၌ ပုဂံသာသနာ ညှိုးဖျင်းမှေးမှိန်ပျက်စီးခြင်းသို့ရောက်၏။ ထို့နောက် သက္ကရာဇ် (၅၂၆) ငါးရာ့နှစ်ဆယ့်ခြောက်ခုနှစ်တွင် နရပတိစည်သူမင်း နန်းတက်၏။ ထိုမင်းလက်ထက် သက္ကရာဇ် (၅၄၃) ငါးရာ့လေးဆယ့်သုံးခုနှစ်တွင် သီဟိုဠ်ကျွန်းမှ တာမလိတ္တိရွာသား သီဝလိမထေရ်၊ ကမ္ဘောဇရွာသား တာမလိန္ဒမထေရ်၊ ကဉ္စပုရရွာသား အာနန္ဒာမထေရ်၊ လင်္ကာဒီပကျွန်းသား ရာဟုလာမထေရ်တို့ ဆပ္ပဒမထေရ်နှင့်အတူ ပုဂံပြည်သို့ ရောက်ရှိလာကာ သာသနာပြုကြသဖြင့် ပုဂံပြည်၌ ဗုဒ္ဓသာသနာတော် အလွန်စည်ပင်လာပြန်၏။

ဆပ္ပဒမထေရ်သည် ပုဂံသို့ပြန်ရောက်ပြီးနောက်၌ သဒ္ဒါကျမ်းအဖွင့် နိဒ္ဒေသကျမ်း၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းအဖွင့်၊ သင်္ခေပ

ဝဏ္ဏနာဋီကာ...စသော ကျမ်းများကို ပြုစုတော်မူသည်။ ပုသိမ်ဆပ္ပဒရွာ၌ဖွားမြင်သောကြောင့် ဆပ္ပဒမထေရ်ဟု ထင်ရှားတော်မူသည်။ ထိုမထေရ်၏ ဘွဲ့နာမည်ရင်းကား အရှင်သဒ္ဓမ္မဇောတိပါလဟူ၍ဖြစ်သည်။ ဤသို့ဖြင့် နရပတိစည်သူမင်း လက်ထက်မှာ ပုဂံပြည်၌ သာသနာစည်ပင်ထွန်းကားခဲ့ပါသတည်း။

ထိုနည်းတူစွာပင် သာသနာနှစ် (၁၇၆၃) တစ်ထောင့်ခုနစ်ရာ ခြောက်ဆယ့်သုံးခုနှစ် ကောဇာသက္ကရာဇ် (၅၈၁) ငါးရာ့ရှစ်ဆယ့်တစ်ခုနှစ်၌ နန်းတက်သော ကျစွာမင်းကြီးလက်ထက်၌လည်း သာသနာထွန်းလင်းတောက်ပခဲ့သည်။ အမျိုးသမီးများပင် ပါဠိစာပေအရာ၌ ကျွမ်းကျင်တတ်မြောက်ကြကြောင်းလေ့လာတွေ့ရှိရပေသတည်း။

အကျဉ်းချုံး၍ဆိုရသော် ဗုဒ္ဓမြတ်စွာသာသနာတော်သည် မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်မြောက် ရောက်ခြင်းမှစ၍ တဖြည်းဖြည်းအားကောင်းကာ စည်ပင်ပြန့်ပွားခဲ့ပေသည်။ တစ်နည်းအားဖြင့် တတိယသင်္ဂါယနာတင်ကာလက ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်ရာတွင် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ မြန်မာနိုင်ငံရောက်ရှိ သာသနာပြုရာမှ အထူးစည်ပင်ပြန့်ပွားခဲ့ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်၏။

ဤသို့လျှင် ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံအတွင်း တဖြည်းဖြည်းပြန့်ပွားထွန်းကားလာရာ ပင်းယခေတ်၊ ရတနာပုရအင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ အမရ

ပူရခေတ်၊ ရတနာပုံမန္တလေးခေတ်၊ ရာမညတိုင်း စသည်တို့၌ ဗုဒ္ဓသာသနာတော်ရောင်သည် ထေရဝါဒအစဉ်အဆက်အားဖြင့် ထွန်းလင်းပြန့်ပွားခဲ့ပေသည်။

## သင်္ဂါယနာတင်ခြင်းများ

ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် မဟာသက္ကရာဇ် (၁၄၈) တစ်ရာ့လေးဆယ်ရှစ်ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့နံနက် အချိန်တွင် ဝိသာခါနက္ခတ်နှင့်ယှဉ်၍ သက်တော် (၈၀) ရှစ်ဆယ်၊ ဝါတော် (၄၅) လေးဆယ့်ငါးအပြည့်တွင် ပရိနိဗ္ဗာန် စံတော်မူသည်။

## ပထမသင်္ဂါယနာ

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သုံးလအလွန်–လေးလ အဝင် ဝါခေါင်လပြည့်ကျော် ငါးရက်နေ့မှစ၍ ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်ယံ စရည်းပင်ရောက်ရာ လိုဏ်ဂူတော်၌ အဇာတသတ်မင်းကိုအမှီပြုကာ အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာမထေရ်မြတ် (၅၀၀) တို့ဖြင့် (၇) ခုနစ်လတိုင်တိုင် သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ပထမသင်္ဂါယနာပင် ဖြစ်သတည်း။

## ဒုတိယသင်္ဂါယနာ

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး အနှစ်(၁၀၀)၌ ဝေသာလီပြည်၊ ဝါလုကာရုံကျောင်းတော်၌ ကာဠာသောကမင်းကြီးကို အမှီပြုကာ

အရှင်အာနန္ဒာမထေရ်၏ တပည့်ဖြစ်သော အရှင်မဟာယသမထေရ်၊ အရှင်ရေဝတမထေရ်၊ ဝါတော် (၁၂၀) တစ်ရာ့နှစ်ဆယ်ရှိပြီဖြစ်သော အရှင်သဗ္ဗကာမိမထေရ်အမှူးရှိသော ရဟန္တာမထေရ် (၇၀၀) ခုနစ်ရာတို့ (၈) ရှစ်လတိုင်တိုင် ဒုတိယသင်္ဂါယနာတင်တော်မူခဲ့ကြ၏။

## တတိယသင်္ဂါယနာ

မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး သာသနာတော်နှစ် (၂၃၇) နှစ်ရာ့နှစ်ဆယ့်ခုနစ်နှစ်၌ သီရိဓမ္မာသောကမင်းကြီးကို အမှီပြုလျက် ပါတလိပုတ်ပြည်၊ အသောကရုံကျောင်းတော်၌ အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော မထေရ်မြတ်တို့က တတိယသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

ဤတတိယသင်္ဂါယနာထိ ရဟန္တာအရှင်မြတ်တို့သည် ဗုဒ္ဓပိဋကတ်တော်ကို နှုတ်ငုံဆောင်ရွက်ဖတ်ကာ သင်္ဂါယနာတင်တော်မူခဲ့ကြ၏။

## စတုတ္ထသင်္ဂါယနာ

စတုတ္ထသင်္ဂါယနာတင်သောအခါ၌ကား–ပိဋကတ်တော်များကို ပေထက်အက္ခရာတင်ခြင်း၊ သုတ်သင် တည်းဖြတ်တော်မူကြခြင်းဖြင့် စတုတ္ထသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။ ယင်းစတုတ္ထသင်္ဂါယနာကို သာသနာနှစ် (၄၄၅) လေးရာ့လေးဆယ့်ငါးခုနှစ်၊ သီဟိုဠ် (သီရိလင်္ကာ) မင်းဆက် (၁၈) တစ်ဆယ့်ရှစ်

ဆက်ပြောက် သဒ္ဒါတိဿမင်းကြီး၏ သားတော် ဝဋ္ဋဂါမဏိ မင်းကြီး ဒုတိယအကြိမ် နန်းစည်းစိမ်ပြန်ရသောခေတ်ကာလ၌ ပြုလုပ်ခဲ့ပေသည်။ ဝဋ္ဋဂါမဏိမင်းကြီးသည် စတုတ္ထသင်္ဂါယနာ တင် သာသနာ့ဒါယကာဖြစ်၏။

## ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာ

ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတို့ကိုကား မြန်မာ နိုင်ငံ၌ပြုလုပ်ခဲ့သည်။ မင်းတုန်းမင်းတရားကြီးသည် သာသနာ့ ဒါယကာအဖြစ်ခံယူလျက် သာသနာနှစ် (၂၄၀၀) နှစ်ထောင့် လေးရာပြည့်နှစ်၊ ကောဇာသက္ကရာဇ် (၁၂၁၈) တစ်ထောင့်နှစ်ရာ့ တစ်ဆယ့်ရှစ်ခုနှစ်မှစ၍ ပေထက်အက္ခရာ ရေးကူးခြင်း၊ ထိုပေထက်အက္ခရာမှ ကျောက်ထက်အက္ခရာ ထုလုပ်ရေးသား ခြင်းဖြင့် ပဉ္စမသင်္ဂါယနာကို တင်တော်မူခဲ့သည်။

ဆဋ္ဌမသင်္ဂါယနာကိုကား–မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်တွင် တင်ခဲ့သည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ သင်္ဂါ ယနာ ခြောက်တန်တင်ခဲ့ပြီးဖြစ်သည်။

ခေတ်အဆက်ဆက် ထေရဝါဒ ရဟန်းတော်များ၊ သာသနာ ဒါယကာများ လက်တွဲညီညီ သယ်ဆောင်ထမ်းပိုးလာခဲ့ကြသဖြင့် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် ယခုအခါ နေလိုလလို ထွန်းလင်းတောက်ပလျက် ရှိနေသည်ဖြစ်ပါသတည်း။ (သာသနာ ဗဟုသုတ ပကာသနီ)။

# ဗုဒ္ဓဘာသာဟူသည်မှာ

## သြကာသကန်တော့ခန်းအကြောင်း

ဗုဒ္ဓဘာသာဟူသော ဝေါဟာရမှာ သမိုင်းကြောင်းအရ မကြာလှသေးဟုဆိုရမည်ဖြစ်သော်လည်း မြန်မာလူမျိုးတို့၏ ဗုဒ္ဓဂေါတမ၏ အဆိုအဆုံးအမ အယူဝါဒသို့ လိုက်ပါခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဟုဆိုရပါမည်။ မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသနှင့် ပင်လယ်အော် တစ်ခုမျှသာခြားသော မြန်မာနိုင်ငံတော်၏ အနောက်ဘက်ကမ်းမြောင်ဒေသ ဓညဝတီခေါ် ရခိုင်ပြည်ကြီးသည် ဗုဒ္ဓမြတ်စွာပွင့်တော်မူစဉ်အချိန်အခါကပင် ဗုဒ္ဓ၏အယူဝါဒအဆုံးအမကိုခံယူခဲ့သော ဗုဒ္ဓဝါဒီများ ဖြစ်ခဲ့သည်။ ထို့နောက် ရခိုင်ပြည်မှ အတွင်းဘက်သို့ တစ်စတစ်စရောက်ရှိလာခဲ့သည်မှာ ယုံမှားသံသယရှိစရာမလိုပါ။ ထို့ကြောင့် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတစ်ခုလုံးသို့ ဗုဒ္ဓဝါဒ မပြန့်နှံ့မီလောကကပင် မြန်မာနိုင်ငံ၌ တစ်စိတ်တစ်ဒေသမျှပင် ရောက်ရှိအခြေစိုက်နေပြီဟုဆိုလျှင် ဝန်ခံနိုင်ကြစရာရှိပါပေ၏။

ရန်အောင်စာပေ

ထို့နောက် အထင်ရှားဆုံးအနေဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးနောက် နှစ်–၂၃၅ နှစ်မြောက်တွင် မြန်မာနိုင်ငံ တောင်ဘက်စွန်းဖြစ်သော ရာမညဒေသသို့ ဗုဒ္ဓသာသနာတော် ထင်ထင်ရှားရှား ရောက်ရှိခဲ့ပြီး အခြေတည်ခဲ့လေသည်။ ထိုမှ အထက်မြန်မာပြည်သို့ တစိမ့်စိမ့်တိုးဝင်နေရာမှ သာသနာနှစ် တစ်ထောင်ကျော်အချိန်တွင် ပုဂံပြည်အနော်ရထာခေတ်တွင် လုံးလုံးလျားလျားပင် မြတ်စွာဘုရားသာသနာသည် မြန်မာနိုင်ငံတော် တစ်ဝန်းလုံးအမြစ်စွဲ၍ အမြဲတစေ တည့်တံ့ခဲ့ပေတော့သည်။

ထိုအချိန်တွင် သာသနာတော်၏ ခေါင်းဆောင်ဖြစ်သော သာသနာပြုမထေရ်မြတ်ကြီးကား အရှင်အရဟံဟု အများသိကြသော ဓမ္မဒဿီမထေရ်မြတ်ပင် ဖြစ်ပေသည်။ အရှင်အရဟံသည် ပရိယတ်ဟူသော စရဏသာသနာနှင့် ပဋိပတ် ပဋိဝေဓဟူသော ဝိဇ္ဇာသာသနာဟူ၍ရှိရာ စရဏသာသနာတည်မှ ဝိဇ္ဇာသာသနာ တည်နိုင်မည်ဖြစ်၍ စရဏသာသနာတည်ရေးအတွက် ပိဋကတ်တော်များကို ဦးစွာတည်ရှိစေခဲ့သည်။ ထို့နောက် ယင်းပိဋကတ်တော်များကို သင်ကြားပို့ချ၍ ရဟန်းတော်များ၏ သန္တာန်၌ စရဏသာသနာကို ရှေးဦးတည်စေပြီးနောက် အကျင့်ပဋိပတ်များ၊ ထိုပဋိပတ်ဖြင့် ရအပ်သော ပဋိဝေဓအကျိုးတရားများဟူသော ဝိဇ္ဇာသာသနာတော်ကို ဆက်လက်ရှင်သန်စေခဲ့လေသည်။

ထို့နောက် သာသနာဝင် ဗုဒ္ဓဝါဒီ လူပုဂ္ဂိုလ်တို့အတွက် အစဉ်ကျင့်သုံးရမည့် ကုသိုလ်တရားများကို ဟောကြားခဲ့သည်။ ထိုကုသိုလ်တရားများကို ဖြစ်ပွားစေသော အခြေခံသရဏဂုံနှင့်

သီလတရားများကိုဟောကြား၍ လက်တွေ့ကျင့်သုံးစေခဲ့၏။ သရဏဂုံ သီလကို ကျင့်သုံးစေရာ၌ အဝတ်တစ်ထည်ကို လိုအပ်သော ဆေးရောင်ဆိုးရာတွင် မူလပင်ကို အဝတ်က ညစ်ကြေးစွန်းပေမှုကင်းရှင်း သန့်စင်ဖို့လိုအပ်သကဲ့သို့ သရဏဂုံ သီလကို ခံယူသူတို့၏ စိတ်အစဉ်သည်လည်း အပြစ်ဘေးဟူသော အညစ်အကြေး ကင်းစင်ဖို့လိုအပ်သည့်အတိုင်း ရှေးဦးစွာ ကန်တော့ခြင်းဟူသော အပြစ်ကင်းရေး ညစ်ကြေးမတင် သန့်ရှင်းစင်အောင် ဖွပ်လျှော်မှုကိုပြုစေခဲ့ခြင်း၊ ယခု လူတိုင်းနှုတ်ဝယ် ရရှိနေကြသော ဩကာသ ကန်တော့ခန်းသည် ထိုအခါကပင် ပေါ်ပေါက်လာခဲ့သည်ဟု သိရပေသည်။

လူတိုင်းပင် မိဘစသော ကြီးသူ ဝယဝုဍ္ဎိပုဂ္ဂိုလ်များ၊ ဆရာသမား စသော ကျေးဇူးရှင် ဂုဏဝုဍ္ဎိ ပုဂ္ဂိုလ်များနှင့် အတူနေကြရာ ယင်းတို့အား ကာယ၊ ဝစီ၊ မနော ဟူသော ကိုယ်နှုတ်နှလုံး သုံးပါးသောအစုတို့တွင် တစ်ခုခုဖြင့် ပြစ်မှားမိလျှင် စိတ်အစဉ်တွင် အပြစ်အညစ်အကြေးတင်နေပြီဟုဆိုရ၏။ ထိုအချိန်တွင် သရဏဂုံ သီလကို ခံယူက တည်သင့်သလောက် မတည်၊ စွဲသင့်သလောက် မစွဲဖြစ်နိုင်သဖြင့် သရဏဂုံ သီလ၏ ရှေ့က ကန်တော့ခြင်းဟူသော အပြစ်စင်ရေး ညစ်ကြေးကင်းရှင်းကြောင်း တရားကောင်းကို ဦးစွာ ပြုလုပ်ရပေသည်။ ထို့ကြောင့် ဤခေတ်အထိ သီလခံယူတိုင်း ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ပြုတိုင်း မပြုမနေရ မလုပ်မနေရသော ကိစ္စတစ်ရပ်မှာ ကန်တော့ခြင်း ကိစ္စပင်ဖြစ်ပေတော့သည်။ သို့နှင့် ဩကာသကန်တော့ခန်း

(ဝ၂) ကန်တော့ချိုးမှာ ဗုဒ္ဓဝါဒီတိုင်း၏ နှုတ်တွင် အစဥ်တည်ခဲ့ပေတော့သတည်း။

## ဩကာသမူရင်း

"ဗုဒ္ဓဘာသာအစ ဩကာသ" ဟုဆိုသည့်အတိုင်း ဗုဒ္ဓဘာသာ ပုဂံတွင် အခြေစခဲ့သော ဗုဒ္ဓသာသနာ နှစ်ဆယ့်ငါးရာစု (အေဒီ–၁၁ ရာစု) ကာလက ဗုဒ္ဓသာသနာပြု ဦးဆောင်ထိပ်ပန် အရှင်အရဟံက ဩကာသ ကန်တော့ခန်းကို ဗုဒ္ဓဘာသာတို့၏ နှုတ်တွင်းသို့ ထည့်သွင်းပေးခဲ့သည်။ ဗုဒ္ဓဘာသာ မှန်သမျှ ဩကာသကို ရခဲ့ဆိုခဲ့ကြသည်။ ဗုဒ္ဓဘာသာတိုင်း ရရ–ဆိုရလောက်အောင်လည်း ဩကာသသည် အဆီအနှစ်ပြည့်ဝခဲ့ပါသည်။

ဩကာသ ကန်တော့ခန်းသည် စာအနေဖြင့်လည်း ကျဥ်း၍လိုရင်းလည်းပါသည်။ ရှေးပုဂံ ကျောက်စာများကဲ့သို့ပင် စကားပိုမပါ၊ များစွာ အဓိပ္ပာယ်ပြည့်ဝလှသည်။ ရှေးမူကျကျ ဩကာသ ကန်တော့ခန်းမှာ အများရထားကြသည့်အတိုင်းပင ...

"ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားတော် မြတ်ကို ရပါလို၏ အရှင်ဘုရား” ဟူ၍ဖြစ်၏။

ဤရေးမူရင်း ဩကာသကို သာသနာရေး ဦးစီးဌာန ကလည်း ဆိုင်ရာစာပေများတွင် ဖြန့်ချိထားပေသည်။ ယခုခေတ် တွင် ကျောင်းသား လူငယ်များကအစ ဤအတိုင်း ဆိုရိုးကျ၍ နေသဖြင့် ဝမ်းသာစရာကောင်းလှပါသည်။

ဤဩကာသ အဓိပ္ပာယ်ကိုလည်း သင်တန်းတိုင်းတွင် သင်ကြားပြီး စာအုပ်စာတမ်းများတွင်လည်း ပါရှိဖြန့်ဖြူးနေ၍ သိသူများလှလေပြီ။ ထို့ကြောင့် အကျယ်တဝင့် ရေးသားနေရန် မလိုတော့ပေ။ သို့သော် အချို့အချို့ အယူအဆမတူသော အချက်တစ်ခု၊ နှစ်ခုလောက်တွင်သာ ဆွေးနွေးဖော်ပြလိုပေ သည်။

ဩကာသဟူသော ပါဠိမှာ အများသိနားလည်ထားသလို ပင် ခွင့်ပြုစေကြောင်း အခွင့်တောင်းခြင်းပင်ဖြစ်ပါသည်။ ကောင်း အလုပ်ကို၊ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြစ်၍ အခွင့်တောင်းရန် လိုသေးသလားဟု ဆင်ခြေတက်ရန်မလိုပါ။ ယဉ်ကျေးသိမ်မွေ့ သော သူတိုင်းပင် မည်သည့်ကိစ္စမှာမဆို လေးစားထိုက်သူအား အခွင့်တောင်းကြရမြဲပင်ဖြစ်သည်။ ထိုင်ခွင့်ပြုပါ၊ သွားခွင့်ပြုပါ၊ ပြောခွင့်ပြုပါ ဟူသကဲ့သို့ “ကန်တော့ တောင်းပန်ခွင့်ပြုပါ”

ဟူသောစကားဖြစ်၍ အလွန်ကောင်းမွန်သောအစချီမှုပင် ဖြစ်ပါသည်။

ယင်းကို သုံးကြိမ်ထပ်၍ဆိုရသည်မှာ ဗုဒ္ဓဘာသာသနာ့ထုံးတမ်း စဉ်လာပင်ဖြစ်သည်။ သုံးခါထပ်၍ ခွင့်တောင်းခြင်းပင်ဖြစ်သည်။ တစ်ကြိမ်မှ နှစ်ကြိမ်၊ နှစ်ကြိမ်မှ သုံးကြိမ် လျှောက်ထားခြင်း၊ တောင်းပန်ခြင်းသည် အထူးလေးစားမှုကို ပြသခြင်းပင်တည်း။

"ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို"

ဤ၌ပါသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ဒုစရိုက် ဆယ်ပါးလာ၊ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံ သုံးပါးကို သရုပ်ဖော်၍ အဓိပ္ပာယ် ဆောင်ပြတတ်မိကြသည် မဟုတ်ပါ။ ကန်တော့ခန်း၌ ကန်တော့တောင်းပန်၍ ကြေလောက် သော အပြစ်တို့ကိုသာ ဖော်ပြခွင့်တောင်းခြင်းဖြစ်ရာ ဒုစရိုက် လာ ကာယကံ စသည်တို့ကား ကန်တော့၍ကြေရသော အပြစ် တို့မဟုတ်ပါ။ ဥပမာ–သူ့အသက်ကိုသတ်ခြင်း၊ ပါဏာတိပါတ ကံကိုပြုမိလျှင် ကန်တော့၍ မကြေနိုင်ပါ။ ထို့အတူ အခြား ဒုစရိုက်လာ ကာယကံ၊ ဝစီကံများကို စဉ်းစားကြည့်ပါ။

ဤ၌ပါရှိသော ကာယကံ၊ဝစီကံ၊မနောကံများကား မိဘ မောင်ဖွား အစ်ကို၊ အစ်မများနှင့် နေသူသည် ယင်းမိဘစသည် တို့အား ကာယကံမြောက် ပုတ်ခတ်ရိုက်နှက်ခြင်း၊ ဝစီကံမြောက် ရင့်ရင့်သီးသီး ပြောဆိုမိခြင်း၊ မနောကံမြောက် စိတ်ဆိုး စိတ်ကောက်မိခြင်းတို့ကိုသာ ဆိုလိုသည်။ ထိုသို့ ပြုမိ၊ ပြောဆို

ကြံစည်မိသော သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ဤယခု ကန်တော့ခြင်းဖြင့် ပြေပျောက်ပါစေတော့မည်။ တစ်နည်း- ဤယခုကန်တော့ခြင်းဖြင့် ကာယကံပြစ်၊ ဝစီကံပြစ်၊ မနောကံပြစ် အားလုံးတို့ကို ဖြူစင်စေပါတော့မည်ဟု ဆိုလိုရင်းသာ ဖြစ်ပေသည်။

## အကျိုးတရား

ကန်တော့ခန်းလာ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးတို့ကို ဒုစရိုက်(၁၀)ပါးလာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရောထွေးလိုက်ခြင်းကြောင့် မလိုလားအပ်သောအပြစ် ရောက်လာနိုင်သည်ကို ဖော်ပြလိုပေသည်။ မိမိ၌တင်ရှိနေသော စိတ်အညစ်အကြေးတို့မှ ကင်းဝေး၍ ဖြူစင်ဝင်းသစ်နေသောနှလုံးဖြင့် သရဏဂုံသီလကိုခံယူရန် ကန်တော့ရကြောင်း ရှင်းလင်းသိသာပြီးနောက်မှ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးဗာ၌ ကာယကံ ဟူသည် ပါဏာတိပါတ စသော ကာယကံသုံးပါးဖြစ်ကြောင်း စသည် သင်ကြားလိုက်မည်ဆိုပါက ကန်တော့ခန်းကိုသင်ယူနေသော ကလေးငယ်၏စိတ်တွင် သူ့အသက်ကိုသတ်ခြင်း၊ ပါဏာတိပါတ ကာယကံဟူသည်မှာလည်း ကန်တော့ခြင်းဖြင့် ပျောက်ပျက်နိုင်သည်ဟု စွဲလမ်းသွားဖွယ်ရာရှိပါသည်။ သူ့ဥစ္စာခိုးယူခြင်း၊ အဒိန္နာဒါန ကာယကံဟူသည်မှာလည်း ကန်တော့ခြင်းဖြင့် ပျောက်ပျက်နိုင်သည်ဟု စွဲလမ်းသွားဖွယ်ရာရှိပါသည်။ ထို့အတူပင်

ကာမဂုဏ်တို့၌ မှားယွင်းစွာ လွန်ကျူးခြင်း၊ ကာမေသုမိစ္ဆာစာရ ကာယကံဟူသည်မှာလည်း ကန်တော့ခြင်းဖြင့် ပျောက်ပျက်နိုင်သည်ဟု စွဲလမ်းသွားဖွယ်ရာရှိပါသည်။ ကာယကံနည်းတူ ဝစီကံလေးပါး၊ မနောကံသုံးပါးတို့ကို လွန်ကျူးလျှင်လည်း ကန်တော့ခြင်းဖြင့် ပျောက်ပျက်နိုင်သည်ဟု စွဲလမ်းသွားဖွယ်ရာ ရှိပါသည်။ အမှန်အားဖြင့် ဒုစရိုက်ဆယ်ပါးဖြစ်သော ကံသုံးပါးတို့ကား မကျူးလွန်မိအောင် ရှောင်ကြဉ်ရပါမည်။ ကျူးလွန်မိပါက အပါယ် စသောသံသရာအပြစ်တို့ကား အစဉ်အမြဲကပ်ပါနေပေတော့မည်။ အကျိုးမပေးဘဲ မပျောက်ပျက်နိုင်တော့ချေ။

ရတနာသုံးပါး မိဘ ဆရာသမားတို့အား ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုမှား ပြောမှား နှလုံးသွင်းမှားမှုများသည်သာ ကန်တော့ခြင်းဖြင့် ပျောက်ပျက်သန့်စင်သွားနိုင်ပေသည်။ ထိုသို့ အပြစ်ကင်းစင် ဖြူစင်သန့်ရှင်းနေမှသာလျှင် သရဏဂုံသီလတို့သည်လည်း ကောင်းမွန်စွာတည်နိုင်ပေတော့သည်။ အပါယ်ဘေးစသည်တို့မှလည်း ကင်းဝေးနိုင်ပေတော့သည်။ တရားအားထုတ်နေသူအဖို့လည်း လိုအပ်သောတရားထူးတရားမြတ်ကို လျင်မြန်စွာ ရရှိနိုင်ပေတော့သည်။

ဤနေရာ၌ သာဓက ဝတ္ထုနှစ်ခုကို သိသာရုံမျှ ဖော်ပြလိုပေသည်။ ပထမသာဓကမှာ မြတ်စွာဘုရားလက်ထက်က ဝဿကာရ ပုဏ္ဏားကြီး၏ အဖြစ်ပင်ဖြစ်၏။ ဝဿကာရပုဏ္ဏားကြီးသည် ရဟန္တာမထေရ်တစ်ပါးအား မျောက်ကဲ့သို့ပါတကားဟု ဝစီကံဖြင့် ပြစ်မှားခဲ့လေသည်။ ထိုအကြောင်းကို မြတ်စွာ

ဘုရားသိတော်မူ၍ ဝဿကာရပုဏ္ဏားသည် ထိုရဟန္တာမထေရ် အား မတောင်းပန်ပါက တမလွန်ဘဝတွင် တိရစ္ဆာန်ဘဝသို့ ရောက်ကာ မျောက်ဖြစ်လိမ့်မည်ဟု မိန့်တော်မူလေသည်။ ဝဿကာရပုဏ္ဏားသည် မတောင်းပန်ဘဲ ကွယ်လွန်သွားရာ မျောက်ဖြစ်ခဲ့လေသည်။

နောက်ဝတ္ထုတစ်ပုဒ်ကား ရဟန္တာအား စိတ်ဖြင့်ပြစ်မှား မိသော–သောတာပန် ရဟန်းငယ်တစ်ပါး၏အဖြစ်ပင်။ ယင်း သောတာပန်ရဟန်းငယ်သည် ရဟန္တာမထေရ်ကြီးတစ်ပါး နောက်မှ ဆွမ်းခံကြွ၏။ နံနက် စောစောဖြစ်၍ အိမ်တစ်အိမ်မှ ယာဂု လောင်းလှူလိုက်သည်။ ထိုစဉ် ရှေ့မှကြွသူရဟန္တာမထေရ်ကြီး သည် လေနာရောဂါထလာသဖြင့် ဝမ်းတွင်း၌ အစာရှိရန်လိုအပ် သဖြင့် ရလာသော ယာဂုပူပူကို ရွာတွင်းနေရာတစ်ခုတွင် ထိုင်၍ ဖွင်းပန်းကန် စသည်လည်းမရှိသဖြင့် သပိတ်ကို စောင်း မော့၍ သုံးဆောင်တော်မူသည်။ ထိုကို နောက်ပါ သောတာပန် ရဟန်းငယ်က ဤမထေရ်ကြီးနှယ် ရွာတွင်းမှာ အမြင်မလျော် လိုက်လေစသည်ဖြင့် မနောကံဖြင့် ပြစ်မှားမိလေသည်။ ကျောင်းသို့ ရောက်သော် မထေရ်ကြီးက ‘ငါ့ရှင်၊ ငါ့အား ထောက်ရာတည်ရာ သည် အဘယ်မျှရှိပါသနည်း’ ဟုမေး၍ ‘သောတာပတ္တိဖိုလ်သို့ ရောက်ကြောင်း’ လျှောက်ရာ ‘ငါ့ရှင် ရှေ့ဆက်၍အားမထုတ်နှင့် တော့’ ဟု မိန့်တော်မူလေသည်။ ထိုအခါမှ မထေရ်ငယ်က ငါသည် ရဟန္တာအား မနောကံဖြင့် ပြစ်မှားမိပါပကောဟု သိ၍ ချက်ချင်းပင် တောင်းပန်ကန်တော့လိုက်လေသည်။ မထေရ်ကြီး

က ရှေ့ဆက်၍ အားမထုတ်နိုင်တော့ဟုဆိုသည်မှာ ငါ့ရှင်သည် ရဟန္တာကို မနောကံဖြင့်ပြစ်မှားသဖြင့် အရိယူပဝါဒန္တရာယ် (အရိယာအား ပြစ်မှားသောအန္တရာယ်) ကပ်ရောက်ပြီး ထို အန္တရာယ်ရှိနေသမျှ မည်မျှပင်အားထုတ်စေကာမူ တရားထူး မရနိုင်တော့ဟုဆိုလိုခြင်းပင်ဖြစ်၏။ သို့သော် တောင်းပန် ကန်တော့လိုက်၍ ထိုအန္တရာယ်ကင်းငြိမ်းသွားကာ ဆက်လက် အားထုတ်၍ ရလေတော့သည်။

## ဘုရားရတနာ ရခဲပွာ

"ဘုရား ရတနာ, တရား ရတနာ, သံဃာ ရတနာ"

ရခဲ၍ ရတနာဖြစ်ကြောင်း သိခဲ့ရပြီဖြစ်၏။ ရတနာတို့ တွင် ဘုရားရတနာသည် အမြတ်ဆုံးဖြစ်သလို အရနိုင်ခဲဆုံးလည်း ဖြစ်ပေသည်။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော ဟူသော ပါဠိကို လူတိုင်း ရရှိကြသည်။ ဘုရားတစ်ဆူဖြစ်ရန် အနည်းဆုံး လေးသင်္ချေနှင့် တစ်သိန်းမျှလောက်သော ကမ္ဘာအရေအတွက်တိုင်အောင် ပါရမီ ဖြည့်ကြရသည်ဟု နားလည်ကြသည်။ လေးသင်္ချေ, ရှစ်သင်္ချေ, တစ်ဆယ့်ခြောက်သင်္ချေနှင့် အစွန်းထွက် တစ်သိန်းသော ကမ္ဘာ များတိုင်အောင် ပါရမီဖြည့်ကြရသည်။

ဤ၌ သင်္ချေဟုဆိုသည်မှာ အသင်္ချေပင်ဖြစ်သည်။ အ,ကို ချေ၍ အတိုနည်းဖြင့် သင်္ချေဆိုသည်။ အသင်္ခိယ–မကုန်နိုင် မခန်းနိုင်ဟု အဓိပ္ပာယ်ရသည်။ မကုန်နိုင် မခန်းနိုင်ဆိုသည်မှာ နှစ်မဟုတ် လမဟုတ် ကမ္ဘာတွေဖြစ်သည်။ ကမ္ဘာအသင်္ချေ

ဖြစ်၏။ အကြမ်းအားဖြင့် တစ်အသင်္ချေဆိုသည်မှာ (၁) ဂဏန်း နောက်၌ သုညအလုံးပေါင်း တစ်ရာ့လေးဆယ်ထည့်ထားသော ဂဏန်းပုံပင်ဖြစ်သည်။

အသင်္ချေကိုထားပါဦး။ တစ်ကမ္ဘာဆိုရာ၌ပင် ယင်း ကမ္ဘာ၏ အသက်တမ်းကို ရေတွက်၍မလွယ်ကူပါ။ အနီးကပ် ဆုံးပြောရလျှင် ကမ္ဘာတစ်ခုတစ်ခု၌ပင် နှစ်အားဖြင့်ရေတွက်၍ မရနိုင်သော ကပ်ပေါင်း (၆၄)ကပ်ရှိသည်။ ဤကမ္ဘာသည် ဘဒ္ဒကပ်ကမ္ဘာဖြစ်၍ ဘုရားရှင်ပေါင်း (၅)ဆူပွင့်မည်ဖြစ်ရာ ကမ္ဘာစတင်တည်ထွန်းစမှစ၍ ကပ်ပေါင်း ခုနစ်ကပ်အထိ နှစ်အသင်္ချေယျပေါင်း ခုနစ်ကြိမ်တိုင်အောင် ဘုရားတစ်ဆူမျှ မပွင့်သေး။ ရှစ်အသင်္ချေမြောက်ကျမှ ပထမဆုံးဖြစ်သော ကကုသန္ဓ ဘုရားရှင် ပွင့်တော်မူခဲ့လေသည်။

နောက် (၉)ခုမြောက် အသင်္ချေတွင် ကောဏာဂမန မြတ်စွာဘုရား၊ (၁၀) ခုမြောက် အသင်္ချေတွင် ကဿပမြတ်စွာ ဘုရားပွင့်၍ (၁၁) ခုမြောက်အသင်္ချေကျမှ အကျွန်ုပ်တို့ ဂေါတမ မြတ်စွာဘုရားပွင့်တော်မူခဲ့သည်။ ယခု အသင်္ချေယျတမ်းမှာ (၁၁) ခုမြောက် အသင်္ချေယျကပ်ဖြစ်သည်။ နောက်လာမည့် (၁၂) ခုမြောက် အသင်္ချေယျတမ်းတွင် အရိမေတ္တေယျ မြတ်စွာ ဘုရားပွင့်တော်မူပြီးနောက် (၁၃) ခုမြောက် အသင်္ချေယျတမ်း မှစ၍ (၆၄) ခုမြောက် အသင်္ချေယျအထိ အသင်္ချေယျကပ်ပေါင်း (၅၃) ကပ်အထိ မည်သည့်ဘုရားရှင်မျှ ပွင့်တော်မူကြမည် မဟုတ်တော့ချေ။

ဤသည်မှာ ဘုရားပွင့်သောကမ္ဘာကို ဆိုခြင်းဖြစ်၏။ ဘုရားပွင့်သော ကမ္ဘာတို့တွင် ဘုရားအများဆုံးပွင့်သော ဤဘဒ္ဒကပ်ကမ္ဘာမှာပင် အသင်္ချေယျကပ် (၆၄)ကပ်တို့တွင် (၅) ကပ်မှာသာ ဘုရားပွင့်၍ (၅၉)ကပ်တို့တွင် ဘုရားလုံးဝမပွင့် မရှိနိုင်။ ဘုရားပွင့်သောကပ်မှာလည်း ဘုရားရှင်၏ သက်တမ်းတော် ဘုရားသာသနာတော်ရှိနေချိန် နှစ်အရေအတွက်မှာ အနည်းငယ်သာဖြစ်၍ ဘုရားရှင်မရှိသော သာသနာတော်မရှိသော နှစ်အရေအတွက်ကသာ များပြားနေပေသေးသည်။ ဘုရားမပွင့်သော သုညကမ္ဘာတွေကသာ ပိုမိုများပြားနေသည်ကို ထောက်မျှော်၍ ဘုရားနှင့် ဘုရားသံဃာတော်နှင့် တွေ့ကြုံရခွင့်ကမည်မျှနည်းပါးနေသည်ကို ထောက်မျှော် ကြည့်သင့်ကြလေသည်။

ဤမျှ ဖြစ်ခဲ ပွင့်ခဲ၍ တွေ့ကြုံရန် ခက်ခဲလှသဖြင့် ဘုရားရတနာ၏ အဘယ်မျှလောက်ရခဲသည်၊ တန်ဖိုးရှိသည်၊ မြတ်နိုးဖွယ်ရာ ကြည်ညိုဖွယ်ရာဖြစ်သည်ကို သဘောပေါက်သင့်သည်။ ဘုရားမြတ်စွာ ပွင့်တော်မူလာမှ ပေါ်ပေါက်ရသော တရားရတနာ၊ ထိုတရားနှစ်ပါးမှ ပေါက်ဖွားရသော သံဃာတော် ရတနာတို့ကိုလည်း ဘုရားရတနာ ဖြစ်ခဲ ရခဲသည်ကိုထောက်၍ အလွန်တရာဖြစ်ခဲ ရခဲနိုင်သည့်အကြောင်းကို အကျယ်တွေးခေါ်၍ ကြည့်သင့်ပေသည်။

## သာသနာတော်နှင့် တွေ့ကြုံရကျိုး

ဤအချိန်အခါသည် ဘုရားရှင်ပွင့်တော်မူသော ကမ္ဘာ၌ ဘုရားပွင့်တော်မူချိန်နှင့် ကြုံကြိုက်ရသော ဗုဒ္ဓုပ္ပါဒ အချိန်အခါ ဖြစ်သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သွား၍ ဘုရားနှင့်လည်း မတွေ့ရပါလားဟု ဆင်ခြေတက်ကောင်းတက်ကြမည်။ သို့သော် ဘုရား သာသနာတော် ထင်ရှားရှိနေသည်။ ဘုရားတရားတော်များ တည်တံ့ထင်ရှားနေသည်။ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များ တစ်လုံးတစ်ပါဒမျှ လျော့ပါးခြင်း၊ ပျောက်ကွယ်သွားခြင်းမရှိ၊ လိုသလို ကျင့်နိုင် ကြံနိုင်အားထုတ်နိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသာသနာတော်နှင့် တွေ့ကြုံနေရ၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလုံးကို ရရှိနေသည်။ တွေ့ကြုံနေရသည်။

ကုသိုလ်ကံထောက်မ၍ ဘုရားသာသနာတွင်း၌ လူလာဖြစ်ကြသဖြင့် ခက်ခက်ခဲခဲ မရှာဖွေရဘဲ တွေ့ကြုံခဲ့ရသည်။ ရှင်ဘုရင့်သားသည် ရွှေနန်းစည်းစိမ်ကြီးကို အလိုလိုရနေသဖြင့် ဘုရင်အဖြစ် လွယ်လှပါသလားဟု ထင်ရသလို ဘုရားသာသနာကို လွယ်လွယ်ပဲတွေ့ရသဖြင့် တန်ဖိုးမထားတတ်ဘဲဖြစ်နေကြသည်။ ဤအချိန်အခါတွင် မြန်မာနိုင်ငံမှာမဟုတ်ဘဲ အခြားတစ်နိုင်ငံမှာ လူဖြစ်၍ အခြားဘာသာဝင်မိသားစုဖြစ်နေလျှင် ဗုဒ္ဓဘာသာ သာသနာတော်နှင့် ရတနာသုံးပါးနှင့် အဘယ်ပုံနီးစပ်အောင် လုပ်နိုင်မည်–မလုပ်နိုင်မည်ကို စဉ်းစားကြည့်သင့်သည်။ ထိုအခါမျိုးမှာမှ တန်ဖိုးကို ပို၍သိနိုင်မည်။

မိမိတို့သည် မြန်မာနိုင်ငံတော်သား ဗုဒ္ဓဘာသာမိသားစု များ ဖြစ်နေကြရ၍ ဘုရားလည်း လွယ်လွယ်ရှိခိုးရသည်။ တရားတော်များကိုလည်း လွယ်လွယ်ပင် ကြားနာမှတ်သား အသိဉာဏ်ပွား၊ရသည်။ သံဃာတော်များနှင့်တွေ့ဆုံ၍လည်း ကုသိုလ်တရားတိုးပွားအောင်အားထုတ်၍ အကုသိုလ်တရားများ ကိုလည်း ဝေးကွာအောင် လွှင့်ထုတ်နိုင်ခဲ့သည်။ လောကီရတနာ တို့တွင် တစ်ကမ္ဘာလုံး ခိုင်မြဲဖို့မဆိုထားဘိ၊ ဆယ်နှစ် ဆယ့်ငါးနှစ် စသည် ခိုင်မြဲအောင်ပင် အတော်ထိန်းသိမ်းရသည်။ ဆယ်နှစ် ဆယ့်ငါးနှစ် ချမ်းချမ်းသာသာနေနိုင်အောင် အတော်ကြိုးစား ရသည်။ ယခု မိမိတို့ပက်ပင်းပါ တွေ့ကြုံနေရသော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကမူ ဤဘဝ တစ်ဘဝလုံး ချမ်းသာရေးသာမက နောက်နောင်ဘဝပေါင်းများစွာ ချမ်းသာ ရေးကိုပါ အာမခံချက် ပေးပေလိမ့်မည်။ လောကီချမ်းသာ အမျိုးမျိုးကိုသာမက လောကုတ္တရာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာတွေ ကိုပင် ဖြိုးဖြိုးဝေအောင် ပေးမည် မုချတည်း။

ရတနာသုံးပါးကို တွေ့ကြုံရ၍ ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းမှုပြုရသော ဒါနကောင်းမှု တစ်ခုမျှကပင် ဤဘဝ နောင်ဘဝ နောက်နောင်အဆက်ဆက် စည်းစိမ်ချမ်းသာတို့ကို ဖြစ်စေနိုင်ပေရာ သီလမှု ဘာဝနာမှုတို့ဖြင့် ထပ်လောင်းလိုက် ပါမူ အဘယ်မျှလောက် ကြီးကျယ်ပြန့်ပြောသော အကျိုးတရား များ တိုးပွားဖြစ်ထွန်းလာနိုင်မည်ကို တွေးခေါ် ဆင်ခြင်ကြည့် သင့်ပေသည်။

ဤမှုဖြင့် ရတနာသုံးပါးနှင့် တွေ့ကြုံဆုံစည်းရသော အကျိုးကျေးဇူးကို သိသာနိုင်လောက်ပေပြီ။

"ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို...ကန်တော့ပါ၏"

ကန်တော့ခန်းတွင် ဘုရား တရား သံဃာ ရတနာသုံးပါးအား ကန်တော့ပုံသာပါရှိ၏။ အစ်ကို အစ်မ မိဘ ဆရာသမားအဘိုး အဘွားတို့အား ကန်တော့ပုံမပါပေ။ ထို့ကြောင့် တချို့ဆရာတော်ဘုရားများက ဆရာသမားတို့အား ကန်တော့လျှင် ဆရာသမားတို့အား ဟူ၍လည်းကောင်း၊ မိဘတို့အား ကန်တော့လျှင် မိဘတို့အားဟူ၍လည်းကောင်း ထည့်ဆိုဟု သွန်သင်ကြသည်ကို တွေ့ရ၏။ ထိုအတိုင်းဆိုက အဘိုး အဘွားတို့အား ကန်တော့လျှင် အဘိုး အဘွားတို့အား၊ အစ်ကိုအစ်မတို့အား ကန်တော့လျှင် အစ်ကို အစ်မတို့အားဟူ၍ ဆိုရမလို အဓိပ္ပာယ်ရလေသည်။

## သုံးပါးရတနာ ကန်တော့ခြင်းဖြင့်သာ

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ ယဝ်ဝင်များဖြစ်ကြ၍ အဘိုး၊ အဘွား၊ အမိ၊ အဖ၊ အစ်ကို၊ အစ်မအားလုံးတို့သည်လည်း ဗုဒ္ဓဘာသာများပင်ဖြစ်ကြပေသည်။ အဘိုး၊ အဘွား၊ အမိ၊ အဖ၊ အစ်ကို၊ အစ်မ အားလုံးသည်ပင် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ကြလေသည်။ မိမိက အဘိုး အဘွား အမိအဖ အစ်ကို အစ်မတစ်ဦးဦးအား

မနောကံဖြင့်ဖြစ်စေ၊ ဝစီကံဖြင့်ဖြစ်စေ၊ ကာယကံမြောက်ဖြစ်စေ ပြစ်မှားမိက ထိုပြစ်မှားမှုကို စိတ်တွင် နှလုံးသွင်းသတိရလျက် ရတနာသုံးပါးအား ကန်တော့ရာ၌ အပါအဝင်ပြု၍ ကန်တော့ကြရာ၏။ ထို့ကြောင့် မိဘ ဆရာသမား စသည်တို့အား ပြစ်မှားမိက ရတနာသုံးပါးကို ကန်တော့လျှင်ပင်ပြီးသည်ဟုနှလုံးပြုရာပေသည်။

သီရိမာသည် ဥတ္တရာအား ဆီပူဖြင့်လောင်း၍ ကာယကံမြောက် ပြစ်မှားမိသည်။ ချက်ချင်းပင် မိမိအပြစ်ကိုမြင်၍ ဥတ္တရာအား ကန်တော့တောင်းပန်ရာ ဥတ္တရာက ကျွန်မအား ကန်တော့နေဖွယ်မလိုပါ၊ ကျွန်မတို့၏ အဘမြတ်စွာဘုရားအား ကန်တော့လျှင်ပင် ပြီးသည်ဟု ကျေနပ်ပါသည်ဟုဆိုကာ မြတ်စွာဘုရားအား ကန်တော့စေသည်။ သီရိမာလည်း ဥတ္တရာစကားအတိုင်း မြတ်စွာဘုရားအား ကန်တော့ရာ မြတ်စွာဘုရားတရားကို နာရ၍ တရားထူးရရှိသွားလေသည်။

## ကန်ခြင်း တော့ခြင်း

ကန်တော့သည်ဟူသော မြန်မာစကားမှာ အပြစ်ကို ဖြေဖျောက်၍ ကုသိုလ်စိတ်ဓာတ် ရောက်ပေါက်ဖြစ်ပေါ်လာအောင် လုပ်ခြင်းဖြစ်၍ ရှိခိုးခြင်း၊ ပူဇော်ခြင်းတို့ကဲ့သို့ ကုသိုလ်ရေးတစ်ခုတည်းမဟုတ်ပေ။ ရှေးဦးစွာအပြစ်ကို ပယ်ဖျောက်ကင်းရှင်းစေပြီးမှ ကုသိုလ်စိတ်ဖြစ်လာစေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကန်တော့၍ ကန်တစ်လုံး တော့တစ်လုံး စကားနှစ်လုံးလုံးမှာပင် အဓိပ္ပာယ်ရှိကြောင်း ဆိုလေသည်။

အောက်ပါ စကားရပ်မှာ ကန်တော့ကို အဓိပ္ပာယ်ယူပုံ ဝေါဟာရတ္ထပကာသနီ၏ အဆိုပင်ဖြစ်၏–

"ကန်တော့သည်ဟူသည်ကား အရှေ့ဘက် အရှင်ဥက္ကံ သမာလာအကျော်သည် ကန်တော့ဟူသည်တွင် နသတ် ယူတော်မူ၍ လေ့ကို ထိုးဝါးတက်လက်ဖြင့် ကျောက်ကန်တွန်းလှန်သို့ အကုသိုလ်ကံကို ကန်၍ ကုသိုလ်ကံကိုတော့သည်။ တည်ရပ်စေသည်ဟူသော အရကိုယူတော်မူသည်။ ဤ၌ ကန်သည်ကား အကုသိုလ်၊ တော့သည်ကား ကုသိုလ်ကံဖြစ်၏။ ကန်ခြင်း ကိရိယာ၏ ကံပုဒ်ကို ကုသိုလ်ကံဟူ၍ လောင်းသည်။ တော့ခြင်း ကိရိယာ၏ ကံပုဒ်ကို ကုသိုလ်ကံဟူ၍လောင်းသည်။ ကန်တော့ခြင်းကိရိယာနှစ်ပါး ကံရချည်း အသီးသီး လျော်ရာ ကြံတော်မူသည်။"

ကန်နှင့်တော့ကို တစ်လုံးစီ အဓိပ္ပာယ်ဖော်ပြထားပုံပင် ဖြစ်သည်။ ယခု လက်ရှိခေတ်အနေဖြင့် ပေါ်အောင်ဆိုရလျှင် ဘောလုံးနှင့် ခြင်းလုံးကို ဥပမာထား၍ ပြောရမည်ထင်သည်။ ဘောလုံးကို အဝေးသို့ရောက်အောင် ကန်ထုတ်ရခြင်း၊ ခြင်းလုံးကို မိမိဒူးအနီး၌ ရစ်ဝဲနေအောင် တော့ယူနေခြင်းတို့ဖြင့် မျက်မြင် ဥပမာပြုရလျှင် ပို၍ထင်လွယ်မြင်လွယ်ပေသည်။ ကျောင်းသားကျောင်းသူ ကလေးသူငယ်များပင် အလျင်အမြန် သဘောကျွယ်ရာ ဖြစ်ပေသည်။

## ကံတော့လည်းဟူ

ဤသည်တို့မှာ ကန်တော့၌ ကန်ကို နသတ် ကန့်သတ် ပုံဖြင့် ပြ၍ အဓိပ္ပာယ် ကောက်ယူပုံပင်ဖြစ်သည်။ ဝေါဟာရ ရတ္တပကာသနီဆရာတော်က ကန်ကို နမသတ်ဘဲ နိဂ္ဂဟိတ် (သေးသေးတင်) ကံဖြင့် အဓိပ္ပာယ်ယူပုံတစ်မျိုး ဖော်ပြထား သေးသည်။

"ကံတော့သည်ဟူ၍ ကံကို သေးသောထင်ယူလည်း သင့်ရာ၏။ ကံ၏ အရကို ကုသိုလ်ကံယူလျှင် ပူဇော် ကံတော့ခြင်းကြောင့်ဖြစ်သော ထိုကုသိုလ်ကံကို မိမိ၌ မြဲစေသည်တော့သည်ဟူ၍ ယူသင့်၏။ အကုသိုလ်ကံ ယူလျှင် ပဒုဋ္ဌစိတ်ဖြင့် ပြစ်မှားချေ၍ဖြစ်သော အကုသိုလ် ကံသည် ဖြစ်ပြီး စေတနာသာကံမည်၏။ ထို့နောက် ထပ်ပွားခြင်းမရှိ၊ ရပ်တန့်စေသည်။ အလျဉ်မပြတ် ဖြစ်အံ့သော အကုသိုလ်ကံကို တော့သည်ဟူ၍ ယူမှု သင့်အံ့သို့ ရှိ၏။"

ဤမိန့်ဆိုချက်မှာ အဓိပ္ပာယ်ငုပ်သကဲ့သို့ရှိ၏။ ကန်တော့ ကို ဤခေတ်သတ်ပုံကျမ်းများကလည်း သေးသေးတင် (နိဂ္ဂဟိတ်) မပြ၊ နသတ်သာပြသဖြင့် ပထမပြဆိုချက်သာ ပေါ်လွင်ထင်ရှား ချေသည်။

## စင်ကြယ်မှုက ပထမ

အဘယ်ကြောင့်ဆိုသော် ဤကန်တော့ခန်း အစပိုင်းကပင် "ကာယကံ, ဝစီကံ, မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ" ဟူ၍ ဆိုခဲ့ရကား မိမိဌ ဖြစ်ခဲ့ဖူးသော အပြစ်တို့ ပျောက်ငြိမ်းရန် ပထမအရေးကြီးပေသည်။ ထိုထိုအပြစ်များပျောက်ငြိမ်း၍ မိမိ၏အတွင်းစိတ်သန္တာန် ဖြူဖွေးစင်ကြယ်နေသောအခါကျမှသာ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုတို့တည်တံ့အောင်မြင်လာလိမ့်မည် ဖြစ်ပေသည်။ သို့မှသာ မြတ်စွာဘုရားရှင်တိုင်း၏ အဆုံးအမ ဩဝါဒ ဖြစ်သော-

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

ဂါထာအရ-

အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၊ ဖြူအောင်စိတ်ကိုထား။

ဘုရားတိုင်းသာ ဆုံးမရာ ဩဝါ မြတ်စကား။

ထိုကြောင့် ဗုဒ္ဓဘာသာဟူသည်မှာ-

ရှေးဦးစွာ မိမိစိတ်သန္တာန်၌ အကုသိုလ်ကင်းသန့်ရှင်း စင်ကြယ် တင့်တယ် ဖြူစင်စေကာ ကောင်းမွန်စွာသော ကုသိုလ်တရားများ ဖြစ်ပွားတည်ရှိနေစေလျက် အစဉ်မပြတ် မြင့်မြတ်ဖြူစင်သော စိတ်အစဉ်ဖြင့်သာ နေထိုင်ကြရန် ကြိုးစားအားထုတ်ရပေသည်။

## ရှိခိုးခြင်း ပူဇော်ခြင်း

"အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့..."

ကန်တော့နှင့်စပ်၍ အသင့်အတင့် တင်ပြခဲ့ပြီးဖြစ်၏။ အမှန်အားဖြင့် ကန်တော့မှာ ဝါကျ၏အဆုံးစကားဖြစ်သော်လည်း ကန်တော့ခန်းဟူသည်၌ ပဓာနပုဒ်ဖြစ်၍ ဦးစွာဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ ယင်း၏ ရှေ့ပုဒ်များဖြစ်သော အရိုအသေ အလေးအမြတ် လက်အုပ်မိုး ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့တို့သည်လည်း အရေးကြီးသော ပုဒ်များပင်ဖြစ်လေသည်။ ကန်တော့ခြင်းတွင် ၎င်းတို့သည်လည်း မပါမပြီးသော အပြုအမူများပင်ဖြစ်လေသည်။

### ရိုသေ

ရတနာသုံးပါးအား ကန်တော့ရာ၌ ရိုသေမှုမှာ အထူးပင် အရေးကြီးလှ၏။ ရိုသေဟူသောပုဒ်မှာ ရိုညွတ်ခြင်း၊ သေဝပ်ခြင်းဟူသော ပုဒ်နှစ်ပုဒ်၏ အနှစ်သာရများပါဝင်ပေသည်။ မင်းစသော အသက်ဦးဆံပိုင် ပုဂ္ဂိုလ်များရှေ့သို့ သွားရောက်ရာတွင် ကြောက်ရွံ့ခြင်း ရှေ့သွားရှိသော ရိုသေလေးစားမှုထားရှိရသကဲ့သို့ ဘုရား တရား သံဃာ ရတနာသုံးပါးရှေ့သို့ သွားရောက်ရာတွင်လည်း ကြည်ညိုသဒ္ဓါပွားမှု ရှေ့သွားရှိသည့် ရိုသေလေးစားမှုထားရှိနိုင်ရန် အရေးကြီးလှပေသည်။

ဤလောက၌ မင်းပွဲ စိုးပွဲများသို့ တက်ရောက်ရသောအခါ

မိမိကိုယ်တိုင် မည်ကဲ့သို့သော အဝတ်ကိုဝတ်ဆင်၍ မည်ကဲ့သို့ နေထိုင်ရသည်ကို ဆန်းစစ်ကြည့်ရှုလိုပေသည်။ ထို့နည်း မခြား အလားတူစွာဟုဆိုရမည်ထက် ထိုထက်ပိုမို၍ပင် ရတနာသုံးပါးရှေ့သို့ ဝင်ရောက်ရာ၌ ကျင့်သုံးရန်သင့်ပေသည်။ မင်းပွဲ စိုးပွဲများ၌ အနည်းဆုံး အမျိုးသားဝတ်စုံဝတ်ဆင်ရလေသည်။ အမျိုးသမီးများဆိုက ခန့်ညားလုံခြုံသော အဝတ်အဆင်အပြင် ပဝါကိုပင် ခြုံရတင်ရသေးသည်။

ရဟန်းတော်များသည် ရှိခိုးခါနီး၌ ကိုယ်ဝတ်စမှာယ် လက်ကန်တော့တင်၍ ရိုသေလေးစားစွာ ဘုရားရှေ့တော် ထေရ်ကြီး ဝါကြီးတို့ရှေ့တော်သို့ ကပ်ရောက်ကြရ၏။ နေမြဲတိုင်းထက် ပို၍ သေသေသပ်သပ်ဖြစ်စေကြရသည်။ ဤခေတ်တွင် အမျိုးသမီးတို့သည် ကျောင်းကန်ဘုရားသွားရာ၌ အင်္ကျီလက်ပြတ် လည်ဟိုက်ကျယ်ကျယ် မတင့်မတယ်အဆင်အပြင်တို့ဖြင့် သွားမှုလာမှုတို့ကိုဆင်ခြင်ရန်သင့်ကြောင်းမှာ လွန်စွာထင်ရှား၏။ မိမိဝတ်စားဆင်ယင်မှုသည် ရိုသေလေးမြတ်မှု ဖြစ်မဖြစ် စဉ်းစားဖို့လို၏။ ဤ၌ ရိုသေသည်ထက် ရိုသေ၊ လေးမြတ်သည်ထက် လေးမြတ်သည်ကိုသိစေလို၍ ကန်တော့ခန်းက အရိုအသေ အလေးအမြတ်ဟု လေးနက်စေရန် 'အ'တစ်လုံး ရှေ့ကထည့်ပေးထားသည်။ သွားလာစားသောက်ထက် အသွားအလာ အစားအသောက်ဟူသော စကားက ပိုမိုလေးနက်သည်ကို သတိပြုပါ။

## လေးမြတ်

ရှိသေမှု၌ ကြည်ညိုမှုရေးသွားရှိသလို လေးမြတ်မှု၌ ချစ်ခင်မှုရေးသွားရှိပေသည်။ လေးလေးနက်နက် မြတ်မြတ်နိုးနိုးဟု အဓိပ္ပာယ်ရှိသည်။ အလွန်နက်ရှိုင်းသော ချစ်ခင်လေးစားမှုကို ဖော်ပြသောစကားရပ်ပင်ဖြစ်ပါချေ၏။ ကန်တော့ခြင်း၌ မကန်တော့မီ ဤအထူးရှိသေမှု လေးစားမှု အမူအရာများက ဦးဦးဖျားဖျား ဖြစ်ပေါ်လာရပြီး ယင်းတို့၏နောက်မှ လက်အုပ်ချီမိုးခြင်း ဖြစ်ပွားလာရလေသည်။

## လက်အုပ်မိုး

စာရွက်တို့အစုကို စာအုပ်ဟုခေါ်ရသလို လက်ချောင်းတို့၏အစုကို လက်အုပ်ဟုခေါ်ရသည်။ တစ်နည်းအားဖြင့် လက်နှစ်ဖက်အစုံ ပူးကပ်ထားသည်ကိုပင် လက်အုပ်ဟုခေါ်ရ၍ လက်စုံလက်အုပ် ဝေါဟာရနှစ်မျိုးတွင် နှစ်သက်ရာကိုပင် ဆိုနေကြပေသည်။ ယင်းလက်စုံလက်အုပ်ကို နဖူးသို့အရောက် မြှောက်ချီ၍ ပါဠိလို အဉ္ဇလီကမ်ရဏခေါ် လက်အုပ်ချီခြင်း လက်အုပ်မိုးခြင်းမှာ အလွန့်အလွန် အရိုအသေ အလေးအမြတ်ပြုခြင်းပင် ဖြစ်ပေတော့သည်။ ထိုသို့ လက်အုပ်မိုးခြင်းအပြီး၌ ကိုယ်ကိုကိုင်းညွတ်၍ ရှိခိုးခြင်းဖြစ်လာရပေတော့သည်။

## ရှိခိုး

ဤသို့ ရှိခိုးခြင်းကို အဓိပ္ပာယ်ဖော်လို၏။ ယင်း ရှိခိုး ဟူသော ဝေါဟာရမှာ အလွန်ပင် တိမ်မြုပ်ကွယ်ဝှက်လှပေသည်။ ထိုအကြောင်းကို ကျောက်စာဝန် ဦးလူဝင်းဖေက ဤသို့ သရုပ်ဖော်ခဲ့သည်။

ယခုအခါရှိပာ ရေးပြလိုက်လျှင် ပြည့်စုံခြင်းအနက်ကို ချက်ချင်းကောက်ယူကာ ငွေရှိ ရွှေရှိ လက်ရှိတိုက်ရှိ ပစ္စည်းရှိ စသည့်စကားစပ်တို့ကိုသာ တွေးတောမိကြရာသည်။ ခိုးဟု ရေးပြလိုက် ရွတ်ဆိုလိုက်လျှင်ပင် ဥစ္စာရှင်မပေးဘဲ ယူခြင်း၊ ပစ္စည်းရှင်မသိအောင် ဆွဲယူခြင်း၊ ဝှက်ယူခြင်း အဒိန္နာဒါန သိက္ခာပုဒ်ကို ကမ္ဘပထမြောက်အောင် ဆောင်ရွက်ခြင်းဟူ၍ နားလည်လိုက်ကြချေမည်။

ရှိနှင့်ခိုးကိုပေါင်းလိုက်လျှင် ဂါရဝပြုမှု ဖြစ်ရမည် မဟုတ်ပါလော။ ထို့ကြောင့် ရှိနှင့်တကွ ခိုးပါ စာ ၂-လုံးလုံး မူမမှန်ပါ။ မူလက ရှေ့နှင့်ခိုတို့ ဖြစ်ခဲ့ကြပါသည်။ ပုဂံရှေးဟောင်း ကျောက်စာတို့၌ ရှေ့ခိုဟုလာရှိ၏။ ရှေ့ကို သဝေထိုး ရကောက်ဟထိုးအမြစ် ခကွေးလုံးကြီးဟင် တစ်ချောင်းငင်၌ ဝိသဇ္ဇရှေ့ဆီး ဗိန္ဒု ၂ လုံးပေါက်မပါချေ။ ထုတ်နုတ်၍ဖော်ပြရပါမူ ပုဂံပြတိုက် ကျောက်စာတိုင် နံပါတ် ၁၇၊ မြန်မာတိုင်းရင်း ကျောက်စာပုံ ၄၀၊ စာကြောင်းရေ ၅ မှ ၇ အထိ သက္ကရာဇ် ၅၇၅ နှစ်ထိုး၌ ...

"ငွယ်ပုရှာလေ(သဉ်) အရှည်တိုဝ် ရှယ်ခိုဝ်စိယ်ဟူရှယ်

ပိတ်လိုက် အံ်” (ငွေဘုရားလည်းသဉ် အရည်းတို့ ရှေ့ခိုစေ ဟူ၍ ပေးလိုက်၏)

ပုဂံဖွားစောရှာ ဆုတောင်းပြည့်ဘုရားကြီး သက္ကရာဇ် ၅၉၁–ခုနှစ်ထိုးပုံ ၉၈ ကျောက်စာကြောင်း ၂–၃ ၌...

“သို့ဝ်ပ္လသော ပိတကတ် ငါရှိယ်ခိုအံ။)

(သခင်ပြုသော ပိဋကတ် ငါရှေ့ခိုအံ့။)

ဘာသာဗေဒ စည်းအမျဉ်းအရ တင်ပြဖော်ပြရလျှင် ရေးဟောင်းမူလ ရှေ့ခိုမှ ရှေ့သည် ပါဠိဝါရိမှ ရိ၊ ရိမှရေ ပြောင်းလဲလာသကဲ့သို့လည်းကောင်း၊ မျက်စေ့မျက်ဆန်ဟု ပုဂံခေတ်ကျောက်စာများ၌ လာရှိသည်ကို ယခု မျက်စိမျက်ဆန်ဟု ခေါ်ဝေါ်ပြောဆိုရေးသား ရွတ်ဖတ်ကြသကဲ့သို့လည်းကောင်း၊ ရှေ့မှရှိဖြစ်လာလေသည်။ ခိုမှ ခိုးဖြစ်လာခြင်း၌ကား ဝိသဇ္ဇ ပါလေ့မရှိသော ပုဂံကျောက်စာများကို ဝိသဇ္ဇရှေ့ဆီးဝစ္စပေါက် ထည့်၍ ဖတ်ရွတ်ရခြင်းမှာ ထုံးစံပင်ဖြစ်၍နေလေပြီ။

## ရှိခိုးပုံ

ဤသို့ ရှိခိုး၏ ဝေါဟာရသမိုင်းကို မှတ်သားပြီးလျှင် ရှိခိုးပုံ ရှိခိုးနည်းကိုလည်း သိရန်လိုပေသေးသည်။ ရှိခိုးနည်းကို သိ၍ စနစ်တကျ ရှိခိုးတတ်ရန်လည်း အရေးကြီးပေသည်။ ရှိခိုးရာ၌ ဗုဒ္ဓစာပေက ပဉ္စပတိဋ္ဌိတ–တည်ခြင်းငါးပါး၊ သို့မဟုတ် ထိခြင်းငါးပါးနှင့် ခြေ၊ လက်၊ နဖူးထိ ငါးဦးဟုဆို၏။ ခြေ

နှစ်ဖက် လက်နှစ်ဖက်နှင့် နဖူးမြေထိ တိတိကျကျ ရှိခိုးခြင်း ပါပေ။ သို့သော် အသေးစိတ် သင်ကြားရာ၌...

"လက်ထောက် ဒူးချ တံတောင်ချ နဖူးချကာ ဦးချပါ"

ယောကျ်ားလေးများအတွက် ဆောင့်ကြောင့်ထိုင် အနေအထားဖြင့် ရှေးဦးစွာ အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ဆိုသည့်အတိုင်း လက်အုပ်မြှောက်ချီ နဖူးဆီ၌ထားရှိပြီးနောက် လက်ကို ရှေ့သို့ဖြန့်၍ချလိုက်ကာ ဒူးနှစ်လုံးကိုပါ ချရမည်။ ထိုနောက်မှ လက်ကိုအနည်းငယ် ရှေ့သို့ တိုးရွှေ့၍ တံတောင်ဆစ်ကိုပါ မြေ သို့မဟုတ် ကြမ်းပြင် ဖျာတို့သို့ ချရထိစေရပြီးနောက် လက်နှစ်ခုအကြား၌ နဖူးကိုချ၍ ဦးချရမည်။ ဤအတိုင်း ရှိခိုးခြင်းသည်သာ နဖူးမြေကျဦးချခြင်းဖြစ်၍ ရှိခိုးခြင်းအစစ် ဖြစ်ကာ နောက်ထပ်ပြလတ္တံ့သော ပူဇော်ဖူးမြော်မာန်လျှော့တို့နှင့် တစ်ပြေးညီဖြစ်ရပေမည်။

(မိန်းကလေးများအတွက်ကား "ကျုံ့ယုံ့ လက်ချ တံတောင်ချ နဖူးချကာ ဦးချပါ" ဟုဆိုကာ ကျုံ့ယုံ့ထိုင်အနေမှ လက်အုပ်ကို ဦးစွာချ၍ တံတောင်ဆစ်နှစ်ခုပါချပြီး နဖူးချ၍ ဦးချရှိခိုးကြရန် သဟိုပြုရပေမည်။)

## ဖူးမြော်

ကန်တော့ခြင်း ရှိခိုးခြင်းအကြောင်းကို အတော်အတန်နားလည်သွားပြီးလျှင် ပူဇော်ခြင်း၊ ဖူးမြော်ခြင်းတို့ကို သိစရာလိုပေသေးသည်။

ပူဇော်ခြင်းဆိုသည်မှာ ပါဠိ 'ပူဇာ' မှ မြန်မာစကားအဖြစ် ပူဇော်သို့ ရွေ့လျောဖြစ်လာရသော စကားဖြစ်၍ ပါဠိပူဇာ အကြောင်းကို ရှေးဦးစွာသိရန်လို၏။ ပူဇာ–ပူဇော်ခြင်းဟူသည်မှာ (ဝ) ပူဇော်ခြင်းတွင် သက္ကာရ–လက်ဆောင်ပြုခြင်းနှင့် ဂရုဂါရဝ အလေးအမြတ်ပြုခြင်း–နှစ်မျိုးပါဝင်၏။ ပုဂ္ဂိုလ်ကို အလွန်ကြီး အလေးဂရုမပြုဘဲ ပစ္စည်းထူးထူးမြတ်မြတ်ရ၍ ပစ္စည်းကိုသာ ကောင်းမွန်စွာစီရင်၍ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းသည် သက္ကာရ လက်ဆောင်ပြုခြင်းဖြစ်၏။ ပေးကမ်းဖွယ် လှူဒါန်းဖွယ်တို့ကို ကောင်းမွန်စွာစီရင်ခြင်းပြုမနေဘဲ ပုဂ္ဂိုလ်ကိုအလေးအမြတ်ပြု၍ ပေးကမ်းလှူဒါန်းခြင်းသည် ဂရုဂါရဝမည်၏။ ပူဇာ သက္ကာရ ဘာဇနံ ဟူသော ပါဠိတော်အရ–သက္ကာရနှင့် ဘာဇန ဟူ၍လည်း ဆိုနိုင်၍ ဖော်ပြပါ ဂါရဝနှင့် ဘာဇနကိုလည်း အတူယူနိုင် ပေသည်။ ဤသက္ကာရနှင့် ဂရုဂါရဝ တစ်နည်း–ဘာဇန နှစ်မျိုးလုံးပင် ပစ္စည်းဝတ္ထုဖြင့် ချဉ်းကပ်၍ ရိုရိုသေသေ လေးလေး စားစား ပေးကမ်းလှူဒါန်း ဝေဖန်ဆက်သမှုမျိုးကို ပူဇော်သည်ဟု ဆိုရပေသည်။ တစ်နည်းဆိုရလျှင် ဖော်ပြပါ သက္ကာရ ဂရုဂါရဝ နှစ်မျိုးနှင့် ပြည့်စုံစွာ ချစ်မြတ်နိုးခြင်းနှင့်တကွ ကောင်း မွန်စွာစီရင်အပ်သောပစ္စည်းဖြင့် ရတနာသုံးပါး မိဘဆရာသမား စသည်တို့အား အလေးအမြတ်ပြု၍ လှူဒါန်းပေးကမ်းခြင်းသည် ပူဇော်ခြင်းမည်ကြောင်း မှတ်သားအပ်ပေသည်။

ဖူးမြော်ဟူသည်မှာ ရတနာသုံးပါး ဆရာသမား စသည် တို့အား အလေးအမြတ်ပြု၍ တွေ့ဆုံခြင်း၊ ရိုရိုသေသေ ချဉ်းကပ်

တွေ့ဆုံခြင်းပင်ဖြစ်သည်။ ဤနေရာ၌ မျှော်နှင့်မြော်ခွဲထားသတ်ပုံကို သတိပြုရပေမည်။ ဤ၌-ဖူးမျှော်ဟုမဆို၊ ဖူးမြော်ဟု ဟထိုးမဲ့အရစ်ဖြင့် ရေးသားထားသည်။ မျှော်မှာ အဝေးသို့ ရှုမျှော်ခြင်း၊ မျှော်ကြည့်ခြင်း၊ ရော်ရမ်းမှန်းဆခြင်း အဓိပ္ပာယ်ဖြစ်၍ မြော်မှာ မြော်မြင်မှုဟူသော ဉာဏ်ပညာဆင်ခြင်တွေးခေါ်မှုဖြစ်၍ ဖူးမြော်၍ သံသရာအကျိုးစီးပွားကိုတွေးရှု၍ ရတနာသုံးပါး မိဘဆရာသမားတို့အား ရိုသေလေးစားစွာ ချဉ်းကပ်တွေ့ဆုံခြင်းမျိုးကို ကဗျာတို့တွင် "တရားသိမြော်၊ အရှည်မျှော်၍၊ မျက်တော်ရှုးရှူး" (ဘူရိဒတ်လင်္ကာ ၂၀၄) တွင်လည်းကောင်း၊ "နှစ်လို့ဉာဏ်တော်၊ ရှုလတ်မျှော်က၊ မြော်သည့်အတိုင်း" (ရှင်မဟာသီလဝံသ-နန်းတည်မော်ကွန်း) တွင်လည်းကောင်း မြော်နှင့်မျှော်ကို ခွဲခြားစပ်ဆိုတော်မူခဲ့ကြသည်။

## မာန်လျှော့

မာန်လျှော့ဟူသည်မှာ တက်ကြွထောင်လွှားမှု မာနတရားကို လျှော့ချထားခြင်း၊ ချိုးနှိမ်ထားခြင်းဟု ဆိုအပ်၏။ ပယ်ရှားပစ်ရမည်ဟု ဆိုရမည်ဖြစ်သော်လည်း မာနဟူသော အကုသိုလ်စေတသိက်မှာ မဂ်တရား, ဖိုလ်တရားများဖြင့်သာ ပယ်သတ်နိုင်မည်ဖြစ်၍ ပုထုဇဉ်ပုဂ္ဂိုလ်တို့အဖို့ ရတနာသုံးပါး မိဘဆရာသမားတို့အား ကန်တော့သောနေရာ၌ မတက်ကြွမထောင်လွှားစေဘဲ ချိုးနှိမ်လျှော့ချထားလျှင်ပင် လျော်ကန်လှလေပြီ။

ဤ၌ မာနတရားကို လျှော့ချချိုးနှိမ်ထားရမှုဟု ဆို၍

မှုရင်းမာနဟူသည်ကို သိရန်လိုအပ်ပေသေးသည်။ မာနဟူသော အကုသိုလ်စေတသိက်မှာ မဂ်တရားတို့ဖြင့်သာ ပယ်သတ်နိုင်လောက်အောင် အစွဲအလမ်းကြီးရုံမျှမက အပါယ် စသော ပဋိသန္ဓေကျိုးကို မပေးနိုင်သော်လည်း ဖြစ်ရာဘဝ၌ သူဆင်းရဲဘဝ–အောက်တန်းကျသော အကျိုးကိုပေးသည့် ယာထာဝမာနနှင့် အပါယ်ပဋိသန္ဓေအကျိုးအထိပေးသော အာယာထာဝမာနဟူ၍ နှစ်မျိုးရှိသည်။

ဟုတ်မှန်သည့်အတိုင်း ထောင်လွှားတက်ကြွသော မာနသည် ယာထာဝမာနဖြစ်၏။ ရှင်ဘုရင့်သားဖြစ်၏။ ရှင်ဘုရင့်သားဖြစ်၍ ငါမင်းသားဟု တက်ကြွထောင်လွှားသော မာနမျိုးဖြစ်လေသည်။ မဟုတ်မမှန်ဘဲ တက်ကြွထောင်လွှားသော မာနကား အယာထာဝမာနဖြစ်သည်။ ၎င်းမှာ သူဆင်းရဲက ငါမင်းတကားဟု တက်ကြွထောင်လွှား အလကား မာနကြီးနေမှုမျိုးတည်း။ ယာထာဝမာနသည် ပဝတ္တိကျိုးဖြစ်ရာဘဝ၌ အောက်တန်းကျခြင်း၊ ဆင်းရဲနွမ်းပါးခြင်းမျိုးဖြစ်တတ်၏။ ၎င်းမာနမှာ သိမ်မွေ့၍ဖြစ်လွယ်သဖြင့် သူ့ကိုအရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်၏။ တစ်နည်းဆိုသော် ရဟန္တာဖြစ်မှ ကင်းပျောက်နိုင်ပေသည်။ အယာထာဝမာနမျိုးကား အလွန်မာနကြီးသူတို့သာဖြစ်၍ ကြမ်းသော မာနမျိုးသာဖြစ်၍ သောတာပတ္တိမဂ်ဖြင့်ပင် ပယ်သတ်နိုင် ပေသည်။

ရတနာသုံးပါး မိဘဆရာသမားတို့အား ကန်တော့သောနေရာ၌ ဤမာနနှစ်မျိုးလုံးကိုပင် ချိုးနှိမ်လျှော့ချထားရပေမည်။ မာနကိုချိုးနှိမ်လျှော့ချထားမှ တစ်နည်းဆိုသော် မာန်လျှော့မှသာ

ကန်တော့နိုင်ပေသည်။ မာန်မလျှော့က မကန်တော့နိုင်ပေ။ ဥပမာ ဆရာကို ကန်တော့သည်ဆိုပါစို့။ "ဤဆရာသမားဆိုသော ပုဂ္ဂိုလ်မှာ တကယ်တော့ ငါ့လောက်တောင် မတတ်ပေ"ဟု မိမိမာနက ချိုးနှိမ်၍ မရလောက်အောင် မောက်မာတက်ကြွနေက ကန်တော့၍ မဖြစ်တော့ပေ။ အခြားသူများကဲ့ရဲ့ရှုတ်ချမည်စိုး၍ ရှိခိုး ဦးနှိပ်နေရသော်လည်း မာန်မလျှော့သဖြင့် ကန်တော့သည် ပင် မမည်တော့ပေ။

ထို့ကြောင့် ကန်တော့ကြသောနေရာ၌ အမှန်တကယ် ပူဇော်လိုသော–စိတ်ဓာတ်နှင့် ချဉ်းကပ်ဖူးမြော် ကော်ရော်မြတ်နိုး ကြကာ ရိုရိုကျိုးကျိုးနှင့် နှစ်မျိုးလုံးသော မာန်မာနများ မဖြစ် ပေါ်လာဖို့ အလွန်လိုအပ်လှပေသည်။ ကန်တော့ခြင်းတွင် ရှေးရှေး ဆရာအရှင်တို့က ကန်တော့ပါ၏ဟု တစ်မျိုးတည်း၊ စကား တစ်လုံးတည်းမဆိုဘဲ ရှိခိုးပူဇော်မှု၊ ဖူးမြော်မှုတို့နှင့် မာန်လျှော့မှု မာနမထားမှု မထောင်လွှား မမောက်မာ မတက်ကြွမှုတို့ကိုပါ ထည့်သွင်းပေးထားသည်မှာ လွန်စွာအဓိပ္ပာယ်ရှိပေသည်။ ရှိခိုးမှု မပါလျှင်၊ ဖူးမြော်မှုမပါလျှင်၊ မာန်လျှော့မှုမပါလျှင် ယင်းရှိခိုး ပူဇော်, ဖူးမြော်မာန်လျှော့စကားကလေး တစ်လုံးလုံး လျှော့ပါး နေလျှင်ပင် ကန်တော့မှုသည် မပီပြင်နိုင်တော့ပေ။ အင်္ဂါချွတ် ယွင်း၍ ကန်တော့ခြင်းမမြောက်နိုင်တော့ပေ။ သို့ဖြစ်၍ ရတနာ သုံးပါး စသည်အား ကန်တော့ကြရာ၌ ရှိခိုး, ပူဇော်, ဖူးမြော်, မာန်လျှော့မှုများ မပါမပြီး အလွန်တရာ အရေးကြီးလှကြောင်း အထူးသတိပြုကြရပေမည်။

# အပိုင်း ၂-ပိုင်း

ဩကာသ ကန်တော့ခန်းကိုဆိုကြည့်လျှင် အပိုင်း နှစ်ပိုင်း ပါရှိကြောင်း သတိပြုမိကြပေလိမ့်မည်။ ပထမ "ဩကာသက" စပြီး ကန်တော့ပါ၏။ အရှင်ဘုရားအထိမှာ ကန်တော့ခြင်းအပိုင်း ဖြစ်၍ "ကန်တော့ရသောအကျိုးအားကြောင့်" ကစ၍ "ရပါလို၏ အရှင်ဘုရား" အထိမှာ ဆုတောင်းခြင်းဖြစ်လေသည်။

ဤ၌ "ကန်တော့ရသော အကျိုးအားကြောင့်" ဟူသော စကားကို အချို့ဆရာများက မကြိုက်ကြပေ။ ကန်တော့ခြင်းမှာ အကျိုးမဟုတ် အကြောင်းသာဖြစ်သည်။ ထို့ကြောင့် အကျိုး ဟူသော စကားလုံးအစား ကန်တော့ရသော ကုသိုလ်ကံ စေတနာ ကြောင့်ဟု ပြင်ပေးကြသည်။ ကောင်းပါသည်။ သို့သော် ရှေးမူ အကျိုးအားကြောင့်ဟူသည်မှာလည်း မမှားပါပေ။ ကံကိုအကျိုး ဆိုရသောအရာကား "တဿနုဘာဝေန ဟတန္တရာယော" ဟု ပါရာဇိကဏ် အဋ္ဌကထာ-၌ မိန့်ဆိုသည်။ ယင်းကို သာရတ္ထ ဒီပနီဋီကာတွင် "တဿမဟာတော ပုညပ္ပဝါဟဿ တာနုဘာဝေန ဟတဝ႒န္တရာယောတိ အယမေဝအတ္ထော ယုဇ္ဇတိ" ဟုဆိုကာ ကုသိုလ်ကံသည်ပင် ကုသိုလ်၏အကျိုးဖြစ်ကြောင်း ဆက်လက် ဖွင့်ဆိုပြလေသည်။ ထို့ကြောင့် ကန်တော့ရသည့် ကုသိုလ်ကံသည် ပင် ဖြစ်စေအပ်သော ကောင်းမှုအကျိုးတရားကို ယူနိုင်ပေသည်။

ထို့ပြင် ဤကန်တော့ရသော ကုသိုလ်ကံကြောင့် အကျိုး တရားများ ရရှိမည်ဆိုလျှင် ဤသို့ ဤပုံရရှိလိုသည်ဟု ဆုတောင်း ဆန္ဒပြုလိုက်ခြင်းပင်ဖြစ်ကြောင်း သတိပြုနိုင်ပေတော့သည်။

ယခုရေးသားတင်ပြပြီးသမျှတို့မှာ ပထမပိုင်းဖြစ်သော ကန်တော့ခြင်းအပိုင်းဖြစ်ရာ ယင်းအပိုင်းဆိုင်ရာ သိမှတ်စရာ အချို့ကို အတော်အသင့် ဆက်လက်တင်ပြပါဦးမည်။

ဖော်ပြခဲ့ပြီးသည့်အတိုင်း မိမိ၏စိတ်အစဉ်တွင် တင်ရှိနေသော အကုသလကမ္မ ညစ်ထေးအညစ်အကြေးတို့ကို ကန်တော့ခြင်းဟူသော ရေစင်ရေအေးဖြင့် ဆေးကြောဖွပ်လျှော်ထားပြီး ဖြစ်၍ စင်ကြယ်၍နေခဲ့ပေပြီ။ ဤအချိန်တွင် မိမိတို့လိုအပ်သော ပန်းချီ ဆေးရေးရုပ်သဖွယ် တင့်တယ်ကောင်းမြတ်သော ဆုကောင်း ဆုမွန်များကို တောင်းဆိုကြရန်ပင်ဖြစ်တော့သည်။ အမှန်အားဖြင့် ရတနာသုံးပါးအားကန်တော့ရှိခိုးပြီးချိန်ဟူသည်မှာ မိမိ၏စိတ် သန္တာန်တွင် ရတနာသုံးပါး၌ အလွန်ယုံကြည်လေးစားသော သဒ္ဓါတရားကြည်လင်ဖြောင့်မတ် မြင့်မြတ်စင်ကြယ်နေသော သီလတရား၊ ရတနာသုံးပါးသည် ကန်တော့ရှိခိုး ရိုကျိုးပူဇော်ထိုက်သည်ဟူသော အကြားအမြင် သုတတရား၊ ဤရတနာသုံးပါးတို့အား လှူဒါန်းရသည်။ ရတနာသုံးပါးတည်ရာ မြတ်သော သာသနာ၌ အာမိသဓမ္မနှစ်ဖြာနှစ်ဝတို့ကို စွန့်ကြဲရသည်ဟု သိမြင်သည့်အတိုင်း လှူဒါန်းစွန့်ကြဲခြင်း စာဂတရားနှင့် ဤလှူဒါန်းစွန့်ကြဲကြခြင်းကြောင့် ကောင်းသောအကျိုးတရားများကို ရရှိနိုင်ခြင်း ကမ္မဿကတာဉာဏ်ပညာဟူသော သူတော်ကောင်းတရားများ တည်ရှိနေချိန်ပင် ဖြစ်တော့သည်။

ဗုဒ္ဓဘာသာသမ္မာန္ဓယ်ဝင် သူတော်စင်များဖြစ်ကြသည်နှင့် အညီ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို မကန်တော့

မိကာပင် အကုသိုလ်တရားတို့ကိုပြုရန် ရှက်ခြင်း ဟိရီတရားနှင့် အကုသိုလ် ဒုစရိုက်တရားတို့ကို ပြုလုပ်ခြင်းကြောင့် ကြုံတွေ့ဖြစ်ပွားရမည့် အပြစ်တို့ကို ကြောက်ရွံ့ခြင်း ဩတ္တပ္ပတရားတို့က ရှိနေကြပြီးပင်ဖြစ်သည်။ ဤရှိရင်း ဟိရီနှင့်ဩတ္တပ္ပတို့တွင် ကန်တော့နေဆဲတွင် သဒ္ဓါ သီလ သုတ စာဂ ပညာ ဟူသော တရားငါးပါးတို့က ဆင့်လောင်းဖြည့်စွက်၍နေသောအခါ ကန်တော့နေသူတွင် သူတော်ကောင်းဥစ္စာခုနစ်ဖြာလုံး ပြည့်စုံ၍ နေပေတော့သည်။

## တောင်းမှရသည်

ရတနာရှိရာ ရတနာစုဆိုသော မြန်မာစကားပုံအတိုင်း သူတော်ကောင်းဥစ္စာ ရတနာတို့နှင့်ပြည့်စုံနေသူအဖို့ ဆုတောင်းခြင်းကြောင့် ရအံ့သော အကျိုးတရားကို ဖွံ့ဖွံ့ထွားထွား ဖြစ်ပွားလာရတော့မည်မှာ သေချာပေတော့သည်။ "သူတော်ကောင်းပဲ၊ ဆုတောင်းနေရမှာလား၊ ဆုမတောင်းကော ကောင်းကျိုးချမ်းသာတို့ကို မရနိုင်တော့ဘူးလား" ဟု မေးဖွယ်ရာကားရှိပေသည်။ ရနိုင်ပါ၏။ သို့သော် မိမိလိုသော တရားကောင်း တရားမွန်တို့ ဟုတ်ချင်မှဟုတ်ပါမည်။ ဈေးသွားသူအား ငွေပေး၍ တစ်ခုခု ဝယ်ခဲ့ပါဆိုသကဲ့သို့ တစ်ခုခုကိုကားရပေလိမ့်မည်။ သို့သော် မိမိတကယ်လိုသော တစ်ခုခုကား ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။

ကုသိုလ်ပြုလျှင် ကောင်းသောအကျိုးတရားကို ရမည် ဆိုသည်မှာ မှန်ပါသည်။ သို့သော် မည်သည့်ကောင်းကျိုးများ

ရရှိလာမည်ကား မသေချာပါ၊ မသိသာပါ။ ကောင်းကင်သို့ တုတ်တစ်ချောင်းကို ပစ်မြှောက်လိုက်လျှင် မြေပြင်သို့ပြန်ကျလာမည်ကား မှန်ပါ၏။ သို့သော် မည်သည့် အစွန်းဘက်က အရင်ကျမည်ကိုမသိနိုင်ပါ။ ထိုတုတ်ကိုကျစေလိုသောဘက်က အလေးတင်းထားလျှင်ကား ယင်းအလေးတင်းထားသောဘက်က အရင်ကျမည်ကို သံသယကင်းစွာ သိသာနိုင်ပေတော့မည်။ ထို့ကြောင့် ကောင်းကင်သို့ ပစ်မြှောက်သော တုတ်ကို လိုရာဘက်မှ အလေးတင်းပေးထားသကဲ့သို့ ကုသိုလ်ပြုရာ၌ လိုသောဆုကိုတောင်းထားဖို့ ဧကန်လိုအပ်ပါသည်။

ဆွမ်းအကျိုးငါးပါး မတောင်းဘဲရသည်၊ ရေအကျိုးဆယ်ပါး မတောင်းဘဲရသည်ဟူသော စကားရှိသည်။ ကုသိုလ်ပြုလျှင် ကောင်းကျိုးများရရန် သေချာ၍ ဆုတောင်းစရာမလိုဟု ဆိုသူကဆိုပါသည်။ မှန်ပါသည်။ ယင်းအကျိုးငါးပါး ဆယ်ပါးတို့မှာ လောကီကျိုးများသာဖြစ်သည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကောင်းခြင်း စသည့်လောကီကျိုးများသာဖြစ်၍ ဘဝပေါင်းဘယ်မျှလောက်ပင် အကျိုးပေး၍နေနေ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့နှင့်ကား မကင်းနိုင်ပေ။ အို–နာ–သေများ ကပ်၍ပါနေပါသည်။ ဆုမတောင်းသော ကုသိုလ်ကား အိုနာသေကင်းသော အကျိုးကို ပေးနိုင်သည်မဟုတ်ပါ။ ထို့ပြင် ဆုတောင်းပြုသောကုသိုလ်မှသာ အိုနာသေ ကင်းရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုကြောင်း ပါရမီကုသိုလ်ဖြစ်နိုင်ပေသည်။ ဤခေတ်တွင် "သဒ္ဓါကြည်လင် ပါရမီ

ရှင်” ဟူသော စကားလုံးကို လွန်စွာပင် အသုံးများလှ၏။ လူတိုင်း ပါရမီရှင်အခေါ်ခံနေပေသည်။ သို့သော် နိဗ္ဗာန်ဆုကို တောင်းမိကြပါရဲ့လားဟု မိမိကိုယ်ကို ပြန်လည်စစ်ဆေးကြည့်ရန် လိုပါသည်။

“ပါရံ နိဗ္ဗာ နံ မယတိ ဂစ္ဆတီတိ ပါရမီ” နိဗ္ဗာန်ထက် လမ်းတစ်ဖက်ကမ်းသို့ တက်လှမ်းသွားရောက်တတ်သော ပါရမီ ဒါနဟူသည်ကား ဆုတောင်းခြင်းသာ ရေးသွားရှိပါသည်။ ဆုတောင်းဆိုသော်လည်း ဒါနသီလပြုတိုင်း “နိဗ္ဗာနဿ ပစ္စယော ဟောတု”ဟူသော နိဗ္ဗာန်ဆုသာလိုကြောင်း မှတ်သားကြရန် ဖြစ်ပါသည်။ ထိုသို့ နိဗ္ဗာန်ဆုတောင်းသော ကောင်းမှုကုသိုလ် များသာ-ဝိဝဋ္ဋ နိဿိတ ကုသိုလ်များဖြစ်ကြောင်းလည်း သတိ ပြုကြရပါမည်။

ဆုတောင်းနှင့် ပတ်သက်၍ ...

၁။ ကျွတ်ဆုမတောင်း ကောင်းစွာမကျင့် ကျွတ်ခွင့်မရ ‘ခါဏုက’

၂။ ကျွတ်ဆုမတောင်း ကောင်းစွာကားကျင့် ကျွတ်ခွင့်မရ ‘ဘိရတ’

၃။ ကျွတ်ဆုသာတောင်း ကောင်းစွာမကျင့် ကျွတ်ခွင့်ကိုရ ‘နိဿိတ’

၄။ ကျွတ်ဆုလည်းတောင်း ကောင်းစွာလည်း ကျင့် ကျွတ်ခွင့် ကိုရ ‘ဝိဝဋ္ဋ နိဿိတ’ ဟု ကျိုးသဲလေးထပ်ဆရာတော်ဘုရား ကြီးက မိန့်ဆိုသည်။

ဤတွင် ဆုလည်းမတောင်း ကျင့်လည်း မကျင့်သူမှာ ဝဋ္ဋခါကျက ပုဂ္ဂိုလ်ခေါ်သည်။ ဝဋ်အတွင်းတွင် သစ်ငုတ်ပမာ မရွေ့မလျား ဒုက္ခများနေသူဖြစ်သည်။ ဝဋ်သစ်ငုတ် ငရဲသစ်ငုတ် ဟုဆိုကြ၏။ ဆုမတောင်းဘဲကောင်းစွာကျင့်နေသူ၊ လူ့ဒါန်း နေသူမှာ ဝဋ္ဋာဘိရတ=ဝဋ်၌ပျော်သူဖြစ်၍ ၎င်းသည်လည်း ကျွတ်လမ်းမမြင်ရသူပင်ဖြစ်သည်။ ဆုသာတောင်းပြီး ကောင်းစွာ မကျင့်သူမှာလည်း ဝဋ္ဋနိဿိတ=ဝဋ်မှာ မှီ၍ တလည်လည် ကျင်လည်နေရသူ သာ ဖြစ်ပေလိမ့်မည်။

## ဆုအမျိုးမျိုး

"ကျော်ခြောက်နတ်ရွာ၊ ပြဟ္မာကစ၊ ထိုမှအများ၊ သုံးဘုံ သားတို့၊ ခုနစ်ပါးရတနာ၊ ကိုယ်စီပါလျက်၊ များစွာဖျော်ဖျော်၊ ပူဇော်ကြလှာ၊ လိုရာယူလှိုင်း ဆုကြီးခိုင်းက၊ တောင်းတိုင်း ပြည့်စုံ၊ တန်ခိုးဖုံသည် တိဂုံစေတီ လှ၏တည်း"

ရွှေတိဂုံပို့စာပိုဒ်တွင် ဖော်ပြခဲ့သည့်အတိုင်း လူနတ် ဗြဟ္မာ သတ္တဝါ မည်သူမဆို သဒ္ဓါစသော သူတော်ကောင်းဥစ္စာ ခုနစ်ဖြာတို့နှင့် ပြည့်စုံနေချိန်တွင် မိမိတောင်းလိုသောဆုကို တောင်းပါ၊ မုချပြည့်စုံနိုင်ပါသည်။ ဤသို့ဆုတောင်းရာ၌ မြတ်စွာ ဘုရား သက်တော်ထင်ရှားမရှိသော်လည်း မြတ်စွာဘုရား၏ ဥဒ္ဒိဿ စသောစေတီများ၌ ဆုတောင်းနိုင်ကြောင်း၊ အထက်ပါ စာတွင် 'တောင်းတိုင်းပြည့်စုံ၊ တန်ခိုးဖုံသည်၊ တိဂုံစေတီ

လှ၏တည်း’ ဟု ရွှေတိဂုံစေတီတော်ကြီးကဲ့သို့ ဓာတုစေတီတော် များ၌လည်း ဆုတောင်းနိုင်ကြောင်း ဆိုပေသည်။

ဤသို့ဆုတောင်းရာ၌ ‘လိုရာယူလှိုင်း၊ ဆုကြီးခိုင်းက’ ဟု ဆိုသဖြင့် ဆုကြီး ဆုကလေးဟုခွဲခြားနိုင်သေးကြောင်း မှတ်သားသင့်ပါ၏။

ဆုကြီး–ဆုကလေးဟုဆိုသော်လည်း လောကီဆုများကို မဆိုလို၊ လောကုတ္တရာဆုဖြစ်သော–

(၁) သမ္မာသမ္ဗောဓိ ဆု၊

(၂) ပစ္စေကဗောဓိ ဆု၊

(၃) သာဝကဗောဓိ ဆု၊

ဤဆုသုံးမျိုးကိုပင် အကြီးအသေးခွဲ၍ ဆိုပေသည်။ အမှန်အားဖြင့်–နိဗ္ဗာန်ဆုပင်ဖြစ်သော်လည်း သမ္မာသမ္ဗောဓိဆု မှာအမြတ်ဆုံးဘုရားအဖြစ် နိဗ္ဗာန်ခွင်သို့ ဆုတောင်းခြင်းဖြစ်၍၊ ပစ္စေက ဗောဓိဆုမှာ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် နိဗ္ဗာန်ဝင်ရန်ဖြစ်လေ သည်။ အမှတ် (၃) သာဝကဆု၌ အဂ္ဂသာဝကဆု၊ မဟာသာဝက ဆုနှင့် ပကတိသာဝကဆုဟု သုံးမျိုး ထပ်မံခွဲကာ အရှင် သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့လို အဂ္ဂသာဝကအဖြစ် ဖြင့် နိဗ္ဗာန်ဝင်စံရန် ဆုတောင်းခြင်းမှာ အဂ္ဂသာဝကဆုဖြစ်၍ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာကဲ့သို့ မဟာသာဝက ရှစ်ကျိပ်ဝင် ရဟန္တာမြတ်များအဖြစ်ဖြင့် နိဗ္ဗာန်ဝင်ရန်ဆုတောင်း ခြင်းမှာ မဟာသာဝကဆုဖြစ်လေသည်။ ယင်းမဟာသာဝက ရှစ်ကျိပ်မှအပဖြစ်သော ဘုရားလက်ထက်က ရဟန္တာအရှင်မြတ်

များ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ဤခေတ်တွင် ရဟန္တာ ဖြစ်တော်မူကြသော အရှင်မြတ်များအထိကို ပကတိ သာဝကဟု ဆိုသဖြင့် ထိုကဲ့သို့ ရဟန္တာမြတ်များကဲ့သို့ဖြစ်၍ နိဗ္ဗာန်ဝင်စံ နိုင်အောင် ဆုတောင်းခြင်းဖြစ်လေသည်။

## ဝဋ္ဋ နှင့် ဝိဝဋ္ဋ

ဆုတောင်းပြည့်ရာ အချိန်အခါအားဖြင့်ကား သမ္မာ သမ္ဗောဓိ ဆုအတွက် ကမ္ဘာပေါင်း တစ်ဆယ့်ခြောက်သင်္ချေနှင့် တစ်သိန်း၊ ရှစ်သင်္ချေနှင့် တစ်သိန်း၊ လေးသင်္ချေနှင့် တစ်သိန်းကြာအောင် ပါရမီဖြည့်ပြီးမှ နိဗ္ဗာန်ဝင်နိုင်ပေလိမ့်မည်။ ပစ္စေကဗောဓိဆု အတွက် နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝကဆုအတွက် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရပြီး မဟာသာဝက ဆုအတွက်ကမ္ဘာတစ်သိန်းပါရမီဖြည့်ရပေမည်။ ထိုဆုများအတွက် ကား နိယတဗျာဒိတ်ရရန် ဘုရားရှင်တစ်ဆူဆူနှင့် တွေ့ကြုံ ဖူးမြော်၍လှူဒါန်းဆုတောင်းနိုင်ဖို့လည်း လိုအပ်ပေသေးသည်။

ပကတိ သာဝကဆုဟူသည်မှာ ယခုခေတ်တွင်အလှူဒါန ပြုလုပ်သူတိုင်း 'ဣဒံ မေပုညံ နိဗ္ဗာ နဿ ပစ္စယော ဟောတု' ဟုဆုတောင်း၍ ပါရမီဖြည့်ကြလျှင် သို့မဟုတ် ဒါန၊ သီလ၊ ဘာဝနာ တရားတို့ကို ကြိုးစားအားထုတ်လျှင် ဤဘုရားရှင် သာသနာ၌ပင် ကျွတ်တမ်းဝင်ခွင့်ရှိနေပေသည်။ ထို့ကြောင့် ဤခေတ် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့သည် သံသရာဝဋ်ဒုက္ခ

တိုတိုနှင့် နိဗ္ဗာန်ကိုမြော်၍ ပကတိသာဝကဆုကို တောင်းဆိုကြလေ့ရှိပေသည်။

ယခင်ကရေးခဲ့သည့်အတိုင်း . 'ကျွတ်ဆုလည်းတောင်း၊ ကောင်းစွာလည်းကျင့်၊ ကျွတ်ခွင့်ကိုရ၊ ဝိဝဋ္ဋ နိဿိတ' ဟု ဆိုသည့်အတိုင်း ဆုတောင်းရုံနှင့်မပြီး၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရန်လည်း လိုပေသည်။ ဝဋ္ဋဒုက္ခတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက သံသရာရှည်ရှည် ပါရမီဖြည့်ရသော ဘုရားဆုစသော ဆုကြီးများထက်ပင် ပို၍ကြိုးစားဖို့လိုပေလိမ့်မည်။ လွယ်လွယ်နှင့်ကား ရနိုင်မည်မဟုတ်ပေ။ ပကတိသာဝကဆုအနေနှင့် ဤသာသနာအတွင်းမှာပင် ဆုတောင်း၍ တကယ်တမ်းအားထုတ်ပါက ဤသာသနာအတွင်း၌ပင် ကျွတ်တမ်းဝင်နိုင်သဖြင့် 'ဘဝ တိုတိုနှင့် မဂ်ဖိုလ်ကို ရနိုင် ရလိုပါ၏' ဟု ဆိုသည့်အတိုင်း ဤဘဝတွင် မရနိုင်သေးသည့်တိုင်အောင် နှစ်ဘဝ, သုံးဘဝနှင့် ရနိုင်ရန် အကြောင်းရှိပေသည်။

ဤတွင် ဆုတောင်းခန်းကို အပြီးသတ်ပါမည်။ ဤသို့အပြီးသတ်ရာ၌ ကျေးဇူးရှင် ဒီပဲရင်းဆရာတော်ဘုရားကြီး၏ နည်းအတိုင်း ဝိဝဋ္ဋနိဿိတ ဆုတောင်းဖြစ်သော နိဗ္ဗာန်ဆုကို ပိုင်နိုင်စွာတောင်းဆိုပြီးက မိမိလိုအပ်သော သုဂတိဘဝ၌ ရတနာသုံးပါး ထွန်းကားရာဒေသတွင် မိဘကောင်း ဆရာကောင်းများနှင့် တွေ့ဆုံရရေး လောကီဆုများကို ဆက်တွဲတောင်းဆိုလျှင်လည်း တောင်းဆိုနိုင်ကြောင်း မှာကြားပြီး ဆရာတော်ဘုရားကြီး နည်း

အတိုင်း အောက်ဖော်ပြလတ္တံ့ပါ ဆုတောင်းလင်္ကာကလေးများကို မှတ်သားစေလိုပါသတည်း။

၁။ ဒုက္ခကင်းကုန်၊ အေးမျိုးစုံ၊ နိဗ္ဗာန်ခိုလှုံ့ရလို၏။
၂။ နိဗ္ဗာန်မလှူ၊ ဖြစ်ဖို့ကြုံ၊ လူ့ဘုံနတ်ဘုံဖြစ်လို၏။
၃။ သုံးပါးရတနာ၊ ဖြစ်ပွင့်ရာ၊ မြို့ရွာကောင်း၌ဖြစ်လို၏။
၄။ မိဘကောင်းစွာ၊ မြတ်ဆရာ၊ ပညာရှင်နှင့်တွေ့လို၏။
၅။ လင်ကောင်း မယားကောင်း၊ သားသမီးကောင်း၊ မိတ်ဆွေကောင်းနှင့်ပေါင်းလို၏။
၆။ ဆုံးမသင်ကြား၊ ဆိုစကား၊ ထောင်နား နာနိုင်ရလို၏။
၇။ တုတ်မျိုးဖုံဖုံ၊ အလုံးစုံ၊ မြင်ရုံ ကြားရုံတတ်လို၏။
၈။ ဒါန သီလ၊ ဓမ္မမွေ့ထုံ၊ ဘေးရန်လုံ၊ ကောင်းသောအာရုံတွေ့လို၏။
၉။ ပညာအုပ်ခြုံ၊ ဥစ္စာလုံ၊ လောကီဂုဏ်နှင့် ပြည့်လို၏။
၁၀။ ဒုစရိုက်ကင်းကွာ၊ အရာရာ၊ လိမ္မာကျွမ်းကျင်ရလို၏။
၁၁။ နက်နဲထက်သန်၊ ထိုးထွင်းပြန်၊ ပညာဉာဏ်နှင့် ပြည့်လို၏။
၁၂။ တစ်ပုဒ် တစ်ဂါထာ၊ ကြားနာကာ၊ လျင်စွာမဂ်ဖိုလ်ရလို၏။

## သံသရာလည်သည် ဆိုရာဝယ်

"ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး..."

ကန်တော့ပြီးနောက် ဤကုသိုလ်ကံစေတနာတို့ကြောင့်...

ရန်အောင်စာပေ

ဟု ဆိုကာ အပါယ်လေးပါး စသည်တို့မှ ကင်းလွတ်ရပါလို၏ ဟုဆက်၍ ဆုတောင်းသည်။ ဤစာအုပ်တွင် အပါယ်လေးပါး ကပ်သုံးပါး စသည်တို့ကို အကျယ်မရေးပြတော့ပါ။ သို့သော် ယင်းတို့၏ဆိုးကျိုးနှင့် တစ်ခါရောက်က တစ်ခေါက်အပြန် ခက်ပုံကိုကား ထင်ရှားစေချင်ပါသေးသည်။

ယခု ဗုဒ္ဓဘာသာဟု အမည်ခံနေကြသူတို့သည်ပင် အပါယ် လေးပါးဟူသည်ကို တကယ်မကြောက်လန့်ကြပေ။ ဘုံခန်းနှင့် မြှောက်၍ ငရဲခန်းနှင့်ခြောက်နေတာပါဟု ငရဲဟူသည် အမှန် တကယ် ရှိသည်မဟုတ်ဟူ၍ ဆိုသူကဆိုကြသည်။ အချို့က 'သည်ဘဝ သည်ကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်ခံဟုဆိုကာ ငရဲဟူသည် ရှိချင်ရှိ၊ မရှိချင်နေ၊ ရှိလည်း ကိုယ်နှင့်မဆိုင်၊ ကိုယ်က သည်ဘဝတွင် သေ၍ ပြတ်နေပြီ၊ ဟိုဘဝငရဲရှိ၍ခံရလျှင်လည်း ဤကိုယ်မဟုတ်၊ အခြားကိုယ်၊ အခြားရုပ်နာမ်ဖြစ်သည်' ဟုဆိုကာ ပေါ့ပေါ့နေ ပေါ့ပေါ့စားကာ ငရဲရောက်ကြောင်း မကောင်းမှုဟူသမျှ ကို မရှောင်မဖယ်လွယ်လွယ်ဖြင့် လုပ်နေကြသည်။ နာမည်ကသာ ဗုဒ္ဓဘာသာဖြစ်ကာ ဗုဒ္ဓတရားတော်များကို မျက်ကွယ်ပြုကြ ကုန်၏။

သံသရာဟူသည် တစ်ဘဝပြီးတစ်ဘဝ ဆက်ကာဆက်ကာ ဖြစ်နေသည်ဟု အကြမ်းအားဖြင့်ဆိုပေရာ အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ သံသရာမပြတ်သေးချေ။ အနည်းဆုံး သောတာ ပတ္တိဖိုလ်သို့ရောက်လျှင် သံသရာဘဝလုံးလုံး မပြတ်သေးသည့် တိုင်အောင် အပါယ်သံသရာကား ပြတ်လေပြီ။ သို့မဟုတ်ပါမူ

ဘယ်ဘုရား (ဘယ်ပစ္စေကဗုဒ္ဓ၊ ဘယ်ရဟန္တာ)နှင့်တွေ့၍ ဘယ်ဆုကိုတောင်းထားလင့်ကစား အပါယ်ထဲတွင် တဝဲလည်လည်ဖြစ်နိုင်သေးသည်ကို ဘုရားလောင်း၏ဖြစ်စဉ်တို့တွင် ဘုရားလောင်း ကိုယ်တော်တိုင် တိရစ္ဆာန်ဘဝရောက်လိုက်၊ ငရဲငယ်တို့တွင် ကျရောက်လိုက်ဖြစ်ရပုံကို ဇာတ်တော်များတွင် တွေ့နိုင်ပေသည်။ တေမိမင်းဘဝ မဖြစ်ခင်က ဗာရာဏသီပြည်တွင် အနှစ် (၂၀) မင်းလုပ်ခဲ့ရ၍ ဥဒ္ဒသငရဲတစ်ခုတွင် ငရဲသက်နှင့် အနှစ်တစ်သောင်း ငရဲခံခဲ့ရပုံကို စဉ်းစားကြည့်ပါ။

ဤသည်မှာ ဘုရားလောင်းဖြစ်၍သာ ငရဲတစ်ဘဝ အနှစ်တစ်သောင်းနှင့် လူ့ပြည်ပြန်ဖြစ်လာသေးသည်။ သာမန်သာဝကအလောင်းဖြစ်က မည်မျှ အပါယ်ဘဝ ခရီးဆက်နေဦးမည် မသိချေ။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံကား တစ်ခါရောက်လျှင် တစ်ခေါက် လူ့ပြည်ပြန်ဖြစ်ရန်ပင် ခက်လှပုံကို သာဓကတစ်ခု ပြချင်ပါသည်။

လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က ဂေါတမမြတ်စွာဘုရားအလောင်းသည် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ သုမေဓာရသေ့အဖြစ်ဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့၏။ ထိုဗျာဒိတ်ပွဲတွင် သုမေဓာရသေ့ကို အားကျ၍ ဒီပင်္ကရာမြတ်စွာဘုရားအထံ၌ ဤရသေ့ကြီး ဘုရားဖြစ်တော်မူလျှင် တပည့်တော်တို့လည်း ဤရသေ့ကြီးမှဖြစ်လာသော ဘုရားမြတ်စွာတရားကိုနာယူ၍ အကျွတ်တရားရပါစေဘုရားဟု ဆုတောင်းသူ အတော်များပြားသည်ဟုဆိုပေသည်။ ဒီပင်္ကရာ

မြတ်စွာဘုရားကို မျက်မှောက်ဖူးတွေ့ရသည့်တိုင် မျက်မှောက်ဘဝတွင် ကျွတ်လွတ်ရန်မတွေး၊ အလွန့်အလွန် ရှည်ဝေးလှသောလေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကို မျှော်ခဲ့ကြသူများ များပြားလှသည်ကိုတွေး၍ ဤမျက်မှောက် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ ဘဝကြီးမှ လာမည့် အရိမေတ္တေယျဘုရားပွင့်မှ ကျွတ်လွတ်လိုသူများကို အပြစ်တင်ဖွယ်ပင် မလိုတော့ချေ။

## ဆုတောင်းခဲ့လင့်ကစား

ရှိပါစေတော့။ ဆောင်းပါးဆိုလိုရင်းကို ဆက်ရလျှင် ထိုသုမေဓာ၏ နိယတ ဗျာဒိတ်ပွဲတွင် အမျိုးကောင်းသားတစ်ဦးသည်လည်း ဝင်၍ဆုတောင်းသည်။ သူသည် သုမေဓာရသေ့၏ မိတ်ဆွေရင်းနှီးသူ ဒါယကာတစ်ဦးဖြစ်သည်။ သူ့အမည်ကား ရစီယမည်လေ၏။ သူ၏ မိတ်ဆွေဆရာသမား သုမေဓာဘုရားအဖြစ် မုချရရှိတော့မည်ဆို၍ သူ့ဆရာနှင့်အတူ ကျွတ်တမ်းဝင်ရန် ဆုတောင်းလေသည်။ 'ဤသုမေဓာရသေ့ ဘုရားဖြစ်လျှင် တပည့်တော်လည်း ကျွတ်တမ်းဝင်ရလိုပါ၏ ဘုရား' ဟု ဒီပင်္ကရာမြတ်စွာဘုရားထံ ဆုတောင်းခဲ့လေသည်။

သို့သော် သူသည် လူပုဂ္ဂိုလ်ဖြစ်၍ သုမေဓာလို ရသေ့ရဟန်းမဟုတ် သုမေဓာနှင့် မကွဲမကွာ ခွဲ၍မနေနိုင်။ လူ့လောကတွင် လူတွေနှင့်ပေါင်း၍နေရပေရာ သူ့အပေါင်းအသင်းများတွင် လူကောင်းရှိသလို လူဆိုးများလည်းရှိနေပေသည်။ ထို့ကြောင့် သူသည် ထိုဘဝတွင်ပင် လူဆိုးများနှင့်ပေါင်းမိ၍ မိဘကိုပင်

ပြန်၍သတ်မိသော အနန္တရိယကံကြီးကို ကျူးလွန်မိလိုက်သည်။ ထို့ကြောင့် ထိုဘဝမှကွယ်လွန်လျှင် အဝီစိငရဲကြီးတွင် ကျရောက်ရလေတော့သည်။

ငရဲဆိုသည်မှာ အမြဲ နိစ္စ ဒုက္ခခံနေရ၍ အဘယ်မှာ ကုသိုလ်လုပ်ခွင့်ရ၍ ကုသိုလ်အကျိုးပေးဖြင့် သုဂတိဘဝသို့ လားနိုင်ပါမည်နည်း။ "ကြောက်ဖွယ်လည်းကောင်း၊ သံချောင်း ရှည်မော၊ မြေရရောနှင့် အကြောင်ငင်ဆန့် တလွန့်လွန့်လျှင် တွန့်တွန့်အဝှံ၊ မမြင်ဝံ့သည်၊ ဘယ်နံ့ကျွတ်ပါလတ္တံ့နည်း" ဟူသော နေမိငရဲခန်းပျို့ အဆိုအတိုင်း အကုသိုလ်အကျိုးပေးများ ဆက်၍ ဆက်၍သွားကာ လူ့ဘဝကနည်းနည်းပါးပါးရှိသော ကုသိုလ်က လည်း ကြားဝင်၍ အကျိုးမပေးနိုင်သဖြင့် ငရဲကပြီး ငရဲဆက်ကာ ဆက်ကာ ငရဲမှာသာဘဝများစွာ ဖြစ်ရတော့သည်။

ဖော်ပြပါ ရစီယသည် သုမေဓာရှင်ရသေ့ ဗျာဒိတ်ရသော လေးသင်္ချေနှင့်တစ်သိန်းသော ကမ္ဘာတို့ပတ်လုံး ငရဲပြီးငရဲ မဆုံးနိုင်ဘဲ ငရဲကပင်မထွက်ခဲ့ရဘဲ ရှိနေရာက ဤကမ္ဘာတွင် ကမ္ဘာသက်ကမ်း အန္တရကပ် ဆယ့်တစ်ကပ်မြောက်ကျမှ ဂေါတမမြတ်စွာအပွင့်တွင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်က ဒီပင်္ကရာမြတ်စွာဘုရားထံ ဆုတောင်းခဲ့သော ဆုတောင်းခြင်းပြည့်ရန် ကြုံလာသဖြင့် မဇ္ဈိမဒေသနှင့် မနီးမဝေး အိန္ဒိယသမုဒ္ဒရာ ပို့မဟုတ် ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ငါးမန်းလို ငါး သတ္တဝါကြီး ဖြစ်လာရလေသည်။ ကျွတ်ခါနီးနေသည့်တိုင်အောင် လူ့ဘဝမရသေးသည်ကို သတိပြုဖွယ်ပင်။ လေးသင်္ချေနှင့်

ကမ္ဘာတစ်သိန်းလုံးလုံး လူ့ဘဝလိုဘဝကိုထားပါဦး၊ ဤငါးဘဝ သည်ပင် သူ့အဖို့အမြင့်ဆုံးဖြစ်လာရခြင်းဖြစ်သည်ကို သတိပြု ဖွယ်ပင်။

ဤတွင် ဂေါတမ မြတ်စွာဘုရားထံမှ တရားနာပြီး ကုန်ရောင်းထွက်လာသော ကုန်သည်တစ်ဦးသည် သင်္ဘောတစ်စင်း ဖြင့် ထိုငါးမန်းသတ္တဝါအနီးသို့ ခုတ်မောင်းရောက်ရှိလာရာ အစာငတ်မွတ်နေသော ထိုငါးသတ္တဝါကြီးက သင်္ဘောကို မှောက် အောင်ပြုလိုက်သည်။ ထိုအခါ သူတော်ကောင်း ကုန်သည်သည် သင်္ဘောပေါ်ကစဉ်၍ကျလာကာ "အို...ဂေါတမမြတ်စွာဘုရား ကယ်တော်မူပါ" ဟု ဘုရားကိုတ,၍ အော်ဟစ်လိုက်သည်။ ထိုငါးသတ္တဝါကြီးသည် "အို...ဂေါတမမြတ်စွာဘုရား" ဟူသော အော်သံကိုကြားသောအခါ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းထက်က ဆုတောင်းကို သတိတရား ပြန်လည်ရရှိလာပြီး ငါ့မိတ်ဆွေ သုမေဓာတောင်မှ ဘုရားဖြစ်နေပါလားဟု စဉ်းစား ကာ ငါးအဖြစ်မှစုတေစိတ်ကျ(သေလွန်)သွားကာ ဗာရာဏသီ ပြည်တွင် သေဋ္ဌေးမျိုး၌ လူဖြစ်၍ လာလေသည်။

သူ၏ ကံအလျောက် သူခုနစ်နှစ်သားအရွယ်တွင် မြတ်စွာ ဘုရား ဗာရာဏသီပြည်သို့အရောက်တွင် သူ့မိဘများနှင့် ဘုရားထံ ရောက်သွားရာ မြတ်စွာဘုရားက သူ့အား မြင်လျှင်မြင်ချင်း "အို...ရစိယ ကြာမြင့်စွတကား"ဟု ဆီးကြိုမိန့်တော်မူရာတွင် သူ ယခင်အဖြစ်ကို သံသရာတစ်လျှောက်လုံးမြင်သွားပြီး ဘုရားထံ တောင်းပန်၍ သာမဏေအဖြစ်ကိုရယူလျက် တရားအားထုတ်ရာ

ဆုတောင်းသည့်အတိုင်းပင် အကျွတ်တရားရရှိသွားပြီး ရစိယ မထေရ်ဟု အပါဒါန်တွင် ထင်ရှားသော ရဟန္တာတစ်ပါး ဖြစ်သွား ရလေသည်။

ဤ၌ ဆိုလိုရင်းကား အပါယ်ငရဲတို့ဟူသည် တစ်ခါ ရောက်က တစ်ခေါက်ပြန်လာနိုင်ခဲသဖြင့် အပါယ်ငရဲသို့ မကျ ရောက်ရအောင် ကုသိုလ်ကောင်းမှုတို့ကိုပြုကြဖို့ လိုကြောင်းနှင့် အပါယ်လေးပါးတို့မှ ကင်းဝေးရန် ဆုတောင်းရခြင်း၏ အဓိပ္ပါယ် ကို သိရှိကြရန်ပင် ဖြစ်ပါသည်။

## သရဏဂုံ

"ဥပါသကာ၊ သူကောင်းလျာကား၊ ရောင်ဝါလွှလွှ၊
ပါဝါရဟု၊ ဆွဆွပဇ္ဇူ၊ စုလျားဖြူကို၊ ယူ၍ဝဲဖက်၊
ကင်ပြီ·လျက်တည့်၊ ဖမျက်နှင့်ဒူး၊ လက်တင်ဖူးမှ၊
နဖူးထိဆိုင်၊ ဦးခေါင်းဆိုင်ထက်၊ နှစ်ခိုင်လက်ခုပ်၊ ကြာဖူး
ယှုပ်၍၊ သရုပ်အင်္ဂါ၊ ငါးဖြာပဋ္ဌာန၊ ညီစေဘိမှ၊ မုနိသေဌ
နှင်း၊ ရှင့်ကျွန်းရင်းဟု၊ ဝပ်စင်းရှိသေ၊ စိတ်စေတနာ၊
ဖြူစင်စွာလျက်၊ သာစိတ်ဖြန်းဖြန်း၊ မန္တန်မန်းက"
(တဗ္တော့ဝါဒ ဆုံးမစာပျို့၊ ပိုဒ်-၃)

'ဗုဒ္ဓဘာသာအစ သရဏဂုံက' ဟူသော စကားရှိသည်။ အကြောင်းအားလျော်စွာ ကန်တော့ခန်း ဆုတောင်းခန်းတို့မှ စတင်၍ ရေးနေရသော်လည်း သရဏဂုံ သုံးပါးကို ခံယူပြီးမှသာ ဗုဒ္ဓဘာသာဖြစ်နိုင်သဖြင့် သရဏဂုံသည် လွန်စွာမှပင် အရေးကြီး

လှပေသည်။ သရဏဂုံဟူသည်မှာ သရဏ+ဂမန ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက်စကားဖြစ်၍ သရဏ=ကိုးကွယ်အားထားရာဟု၊ ဂမန=လားရောက်ခြင်း, ဆည်းကပ်ခြင်းဟူ၍ အဓိပ္ပာယ်ရှိသည်။ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာ အားထားရာဟူ၍ ဆည်းကပ်စွဲမှတ်ခြင်းပင် ဖြစ်လေသည်။

ဤ၌ ဘုရားဟူသည်မှာ ယခုလူတို့ ဝေါဟာရပြု၍ ခေါ်ဆိုနေသော စေတီပုထိုးများ၊ ရုပ်ပွားတော်များကိုမဆိုလိုသေး၊ ယင်းတို့၏ ကိုယ်စားပြုရာဖြစ်သော သစ္စာလေးပါး တရားသခင် သဗ္ဗညုတဂုဏ်တော်အရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အသိဉာဏ်တွင် ထင်ထင်ရှားရှား မြင်အောင်ရှု၍ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို ဆိုရပေမည်။ စိတ်ထဲနှလုံးထဲကပင် သဗ္ဗညုတဉာဏ်တော်ရှင်မြတ်စွာဘုရားကြီးသည် မိမိအားအပါယ်ဘေးကြီးမှ တားဆီးဖယ်ရှား၍ သုဂတိတံခါးကြီးကို ဖွင့်လှစ်ပေးနေသည်ဟု ယုံကြည် အားထားကိုးစား စွဲယူမှုရှိရပေမည်။

ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုရာမှာလည်း ထိုမြတ်စွာ ကိုယ်တော်တိုင် ဟောကြားတော်မူသော ဗောဓိပက္ခိယတရား ၃၇-ပါး တရားတော်မြတ်တို့ကို နှလုံးသွင်းနိုင်ရမည်ဖြစ်၍ သံဃံ သရဏံ ဂစ္ဆာမိ၌ လက်ရှိရဟန်းတော်များလောက်တွင် စိတ်ကိုမထားဘဲ မြတ်စွာဘုရားလက်ထက်ကရှိတော်မူသော ရဟန္တာအရှင်မြတ်အားလုံးပါဝင်သည့် သံဃာ့အဖွဲ့အစည်းကြီး တစ်ခုလုံးကို နှလုံးသွင်းရမည်ဖြစ်လေသည်။

ထိုမှတစ်ပါးလည်း သရဏဂုံခံယူဆောက်တည်မှုဟူသည် မှာ မြတ်စွာဘုရားသာသနာတော်နှင့်တွေ့ဆုံမှ ခံယူဆောက်တည် နိုင်သောတရားဖြစ်၍ မြတ်စွာဘုရားအလောင်းတော် ပါရမီတော် များကို ဖြည့်ကျင့်ဆည်းပူး၍ ဘုရားအဖြစ် ရရှိရသလောက် ခဲယဉ်းငြိုငြင်စွာရရှိအပ်သော ဒုလ္လဘတရားဟု စိတ်မှာစွဲမှတ်၍ မြတ်မြတ်နိုးနိုးရှိဖို့ လိုအပ်လှပေသည်။

"ပါသုံးဆယ်နှင့် ဝယ်၍ရင်းမှ မိသုံးကွင်း၏ ဆိုင်တွင်း မှာ ထိုင်ရမည်"ဟု မုံရွေးမေတ္တာစာတွင်ဆိုသည်မှာ ဘုရား သာသနာတော်နှင့်တွေ့၍ သရဏဂုံသုံးဖြာ ကောင်းစွာ ဆောက် တည်နိုင်ရန်အတွက် ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့် ရမည်ကိုဆိုသည်။ပါရမီများကိုဖြည့်ကျင့်ပါမှဘုရားသာသနာတော် ကိုတွေ့ရမည်။ ဤသို့တွေ့ရမှ သရဏဂုံကို ခံယူဆောက်တည် နိုင်မည်ဖြစ်၍ အလွန်ခံယူဆောက်တည်ရန် ရခဲကြောင်း သဘော ပေါက်ဖို့လို၏။

ဤစာအစတွင်ပါသော ပျို့လင်္ကာတွင် "သာဝိတ်ဖြန်း ဖြန်း မန္တန်မန်းက" ဟူသည်မှာ ဗေဒင်ကျမ်း ဆန်းကျမ်း၏ အစမှာ သာဝိတ္တိဂါထာဖြစ်သည်။ သာဝိတ္တိဂါထာသည် အပိုဒ် သုံးပိုဒ်နှင့် အက္ခရာ ၂၄–လုံးရှိလေသည်။ ထို့အတူ ဗုဒ္ဓဘာသာဝင်တို့ ဗုဒ္ဓ သားတော် သမီးတော်များဖြစ်ရန် ရှေးဦးစွာရွတ်ဆိုရသည်မှာ သာဝိတ္တိဂါထာကဲ့သို့ပင် အပိုဒ်သုံးပိုဒ်နှင့် အက္ခရာ ၂၄–လုံးရှိသော "သရဏဂုံပါဠိ"ပင်ဖြစ်လေသည်။ သရဏဂုံပါဠိမှာ ဗုဒ္ဓ ဓမ္မ သံဃ အပိုဒ် သုံးပိုဒ်ပါသည်။ တစ်ပိုဒ် တစ်ပိုဒ်လျှင် အက္ခရာ

၈-လုံးစီအညီရှိ၍ ၈ × ၃ လီ =၂၄ လုံးဖြစ်လေသည်။ ထို့ကြောင့် ဗေဒင်အစ သာဝိတ္တိဂါထာပမာ၊ ဗုဒ္ဓဘာသာ၏ သာဝိတ္တိ ဂါထာမှာ သရဏဂုံသုံးပါးပင်ဖြစ်၍ အမြဲမပြတ် ရွတ်ဖတ်ကြရမည်ဟု ဆိုလိုပေသည်။

သရဏဂုံသည် လူတို့၏ သရဏဂုံနှင့် ရှင်သာမဏေ တို့၏ သရဏဂုံဟူ၍ နှစ်မျိုးရှိသည်။ လူတို့ဟူသည်မှာ ဗုဒ္ဓ ဘာသာဝင် သူတော်စင်တို့ကိုဆိုလိုသည်။ ထိုလူတို့သည် သရဏဂုံ ကို ရွတ်ဆိုရာ၌ ဤဆောင်းပါးတွင်ဖော်ပြသလို ဘုရား တရား သံဃာ ရတနာသုံးပါး အစစ်အမှန်ကို စိတ်တွင် မြင်အောင် ရှုမြော်၍ အမိပ္ပာယ်ပေါ်ပေါ်လွှင်လွှင်ဆင်ခြင်ပြီး ရွတ်ဆိုခံယူရ ပေမည်။ ရှင်သာမဏေတို့ကား အမိပ္ပာယ်ပေါ်လွင်မှုထက် အက္ခရာ ပုဒ် ပီပီသသ ဌာန်ကရိုဏ်းကျကျ ဗျဉ္ဇနဗုဒ္ဓိ အညီညွှိ၍ ရွတ်ဆို ရသည်။ ဆရာရော တပည့်ပါ ဥဘတောသုဒ္ဓိ ပီသညီမျှမှ သရဏဂုံဖြစ်လေသည်။ မြတ်စွာဘုရားပွင့်တော်မူစက ဤသရဂုံ ဖြင့်ပင် ရဟန်းပြုခဲ့ကြရသဖြင့် သရဏဂုံ ရွတ်ဆိုခံယူမှုကို ပေါ့ပေါ့ဆဆ သဘောမထားသင့်ပေ။ သရဏဂုံသုံးဖြာ ပီသစွာ ရွတ်ဆိုနိုင်လျှင် ရဟန်းဘဝသို့ပင် ရောက်ရှိနိုင်ခဲ့ကြောင်း သတိ ပြုရပေမည်။

ဘုရားဖြစ်တော်မူစက ဒွေဝါစိက သရဏဂုံမှစ၍ တေဝါစိက သရဏဂုံအထိ "သောဟံဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ-သံဃဉ္စ"ဟုဆိုသည်။ တစ်ခေါက်တည်းပင်ဖြစ်သည်။ နောက်အရိုးကျ အသားကျဖြစ်လာသောအခါတွင်မှ "ဗုဒ္ဓံ သရဏံ

ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ” ဟူ၍ စနစ်တကျဖြစ်လာပြီး တစ်ကြိမ်မက ဒုတိယမ္ပိ, တတိယမ္ပိ ဟူ၍ ၃-ကြိမ် ၃-ခါ စေတနာထက်ထက်သန်သန်နှင့် ခံယူဆောက်တည်လာရန် စနစ်ပြုထားခဲ့ပေသည်။

## လူ့သရဏဂုံ သာမဏေသရဏဂုံ

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” စသည်ကို ရိုးရိုးဆို၍ ဘုရားတရား သံဃာတော်အား ကိုးကွယ်ဆည်းကပ်ပါ၏ဟု နှလုံးသွင်း၍ဆိုရသော လူတို့နှင့်ဆိုင်ရာ သရဏဂုံကို ဆောက်တည်ထားသူသည် ဆံရိတ် သင်္ကန်းဝတ်ဆင်ပြီး ဆရာ့ရှေ့၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ကို ဌာန်ကရိုဏ်းပီသစွာ ရွတ်ဆို၍ ဆရာနှင့်တပည့် ဉဘတောသုဒ္ဓိ နှစ်ဦးစုံညီလျှင် ရှင်သာမဏေဖြစ်လေ၏။ ထိုအခါ၌ သရဏဂုံရွတ်ဆိုသူ၏ သန္တာန်၌ သာမဏေသရဏဂုံတည်၍ လူ့သရဏဂုံ ကွယ်တော့သည်။

တစ်ဖန် ထိုသာမဏေသည် အသက် ၂၀ ပြည့်၍ ရဟန်းခံလျှင် ပဉ္စင်သမ္မုတိဂတ အင်္ဂါဝပြည့်စုံက သာမဏေ သရဏဂုံပျောက်၍ ရဟန်းဘုံသို့ရောက်ရတော့၏။ ထိုအခါ ရဟန်းဖြစ်သော သူသည် သာမဏေမဟုတ်၍ သာမဏေဘဝကယူခဲ့သော သရဏဂုံလည်း မရှိတော့ပေ။ လူ့သရဏဂုံကား သာမဏေဘဝရောက်စဉ်ကပင် ပျောက်ကွယ်ခဲ့သဖြင့် ရှိသည်ဟုမဆိုသာတော့ပေ။ သို့သော် နေ့စဉ်ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်တို့ကို သရဇ္ဈာယ်ခြင်း၊ ရတနာသုံးပါးကို ယုံကြည်လေးမြတ်မှုရှိနေခြင်းတို့ကြောင့်

ရဟန်းဘဝ၌ သရဏဂုံမရှိ၊ သရဏဂုံ ပျက်စီးနေသည်ဟုကား မဆိုသာပါ။ “ငါ မမွေးမီကပင် ငါ့အမိသည် ငါ့အတွက် သရဏဂုံခံယူထားပြီးဖြစ်၏။ ထို့ကြောင့် ငါသရဏဂုံ မခံယူသော်လည်း ငါ့၌ သရဏဂုံ တည်ပြီးဖြစ်၏”ဟုဆိုသော ဗောဓိမင်းသားကဲ့သို့ မိမိယုံကြည်မှုဖြင့် သရဏဂုံ တည်နေသည်ဟုဆိုသင့်ပါသည်။

ထိုနောက် ထိုရဟန်းသည် သိက္ခာချ၍ လူ့ဘဝသို့ ရောက် လာသောအခါတွင်ကား လူဖြစ်စဉ်က သရဏဂုံကလည်း သာမဏေဘဝသို့ရောက်၍ ကွယ်ပျောက်ခဲ့ပြီ၊ သာမဏေ သရဏဂုံလည်း ရဟန်းဘဝအရောက်၌ ပျောက်ပျက်ပြီးဖြစ်ရကား ရဟန်းမှ ပြန်ဆင်းလာသူ (ရဟန်းလူထွက်)အဖို့ သရဏဂုံမရှိတော့ပေ။ ဥပါသကော မံ ဓာရေဟိ တပည့်တော်အား ဥပါသကာ မှတ်တော်မူပါဟုဆို၍ သိက္ခာချကာ လူဖြစ်လာခဲ့သော်လည်း သရဏဂုံကို ပြန်လည်ဆောက်တည်မှသာ ဥပါသကာဖြစ်ပေတော့မည်။ ထို့ကြောင့် ရဟန်းဘဝမှ ပြန်ဆင်းလာသူသည် ဦးဦးဖျားဖျား သရဏဂုံခံယူရန် အရေးကြီးပေသည်။

လူ့ဘဝတွင်နေရန် သိက္ခာချလာသူမဟုတ်ဘဲ သိက္ခာပျက်လာသူဖြစ်က ချက်ချင်းအဝတ်ဖြူဝတ်၍ လူ့သရဏဂုံကို ခံယူကာ ဥပါသကာအဖြစ် ဝန်ခံပြီးနောက် ဆရာရဟန်းထံတွင် သာမဏေသရဏဂုံကို ဌာန်ကရိုဏ်း ပီသစွာဆို၍ သာမဏေပြုမှ သာမဏေဘဝတွင်နေနိုင်သည်။ ရဟန်းဘဝက သိက္ခာပျက်ရုံဖြင့် သာမဏေမဖြစ်ဟူသည်ကို သတိမူသင့်ပေသည်။

ထိုကိစ္စမျိုးမှတစ်ပါး သရဏဂုံကို စနစ်တကျ ခံယူဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်လာသူတစ်ဦးအဖို့ ဤတစ်သက်တွင် နောက်ထပ် သရဏဂုံဆောက်တည်ဖွယ်ပင် မလိုတော့ပေ။ ဤတစ်သက်တွင် ဗုဒ္ဓဘာသာမှ အခြားဘာသာတစ်ခုသို့ ပြောင်းကူးမသွားလျှင် သရဏဂုံ ပျက်ဖွယ်မရှိ။ သရဏဂုံသည် တစ်ကြိမ်ခံယူဆောက်တည်ထားလျှင် ထပ်မံဆောက်တည်ဖွယ် မလိုတော့ဟုဆိုသော်လည်း ဗုဒ္ဓဘာသာဝင်တို့သည် ဒါနပြုတိုင်း, သီလဆောက်တည်တိုင်း သရဏဂုံကို ခံယူ၍နေကြသည်။ ဤသို့ဆောက်တည်ခြင်းမှာ အပြစ်မရှိသည့်အပြင် ခံယူတိုင်း ခံယူတိုင်း ကုသိုလ်အသစ်အသစ်ဖြစ်နေသဖြင့် ကောင်းသောအမှုပင် ဖြစ်ပေသည်။

သရဏဂုံ တစ်ကြိမ်ခံယူထားက ဤဘဝတွင် ထပ်မံခံယူစရာမလိုဘဲ သေမှသာပျက်တော့သည်။ ဘာသာပြောင်း၍ပျက်ခြင်းနှင့် သေဆုံးကွယ်လွန်၍ပျက်ခြင်းနှစ်မျိုးရှိရာ၊ သေဆုံးကွယ်လွန်၍ပျက်ခြင်းမှာ သရဏဂုံကို သေသည်အထိ စွဲမြဲစွာ ခံယူဆောက်တည်သွားခြင်းဖြစ်၍ သေသူအဖို့ ကောင်းရာ သုဂတိသို့ ရောက်ရှိကြောင်း လမ်းကောင်းလမ်းမှန်ပင် ဖြစ်တော့သည်။

ဤနေရာ၌ လူသေ၍ သရဏဂုံတင်ခြင်းမှာ သေသူအတွက် ပြုလုပ်ခြင်းမဟုတ်၊ သေလွန်စဉ်ဖြစ်စေ၊ သုသာန်၌ဖြစ်စေ၊ ရက်လည်၌ဖြစ်စေ သေလွန်သူအတွက် ရည်မှန်း၍ အလှူဒါနပြုရာဟို၌ သရဏဂုံသီလကို အဦးမူ၍လှူသဖြင့် မွန်မြတ်သော ဒါနအမှုဖြစ်၍ ဘဝတစ်ပါးမှ သာဓုခေါ်နိုင်လျှင် ပို၍ ထူးမြတ်

ခြင်း၊ သေသူအတွက် သောကပွားများနေသူများအဖို့လည်း သရဏဂုံသီလဖြင့် သောကကိုထိန်းသိမ်းနိုင်ခြင်းနှင့် သုသာန်မြေရှိ ပေတများ သာဝ အနုမောဒနာပြုနိုင်စေခြင်း အကျိုးကျေးဇူးတို့အတွက် ဖြစ်လေသည်။

နတ်ကိုးကွယ်ခြင်းကြောင့် သရဏဂုံပျက်ပါသလားဟု မေးမြန်းကြသူ အတော်များပါသည်။ နတ်ကိုးကွယ်ခြင်းဟူသည်မှာ ဘာသာတစ်ရပ်အနေဖြင့် ကိုးကွယ်ပါမူ သရဏဂုံပျက်သည်ဟုဆိုနိုင်ပါမည်။ နတ်တို့က မိမိအားချမ်းသာအောင်၊ ဘေးအန္တရာယ်တို့မှကင်းဝေးအောင်၊ ဘဝတိုင်း ကောင်းမွန်စွာ နေသိုင်ရအောင် လုပ်ပေးလိမ့်မည်ဟု ယုံကြည်၍ ကိုးကွယ်ကြပါမူ ကုသိုလ်ကံ အကုသိုလ်ကံကို ပစ်ပယ်ခြင်းပင်ဖြစ်၍ ဗုဒ္ဓဘာသာတို့၏ ကမ္မသကတာ အယူဘာသာမှ သွေဖည်၍သွားသည်ဟု ဆိုရပေမည်။

"ကိုးကွယ်ပါသည်"ဟူသည်မျိုးမဟုတ်ဘဲ မိရိုးဖလာဆိုင်ရာ နတ်တို့အား ပူဇော်ပသခြင်းကိုမူကား ဗုဒ္ဓဘာဘာသာဝင်တို့အနေဖြင့် မတားမြစ်သောကြောင့် သရဏဂုံကို ထိခိုက်ခြင်းမရှိပေ။ ပူဇော်ပသခြင်း၊ ဗလိနတ်စာပေးခြင်း၊ ကျွေးမွေးခြင်း၊ အမျှဝေခြင်း၊ မေတ္တာပို့ခြင်းမျိုးကိုမူကား ပြုလုပ်သင့်ပေသည်။

## သရဏဂုံကဏ္ဍ နိဂမ

ယခင်အပတ်က သရဏဂုံအခန်းကို နိဂုံးချုပ်ဟုသဘောထားကာ ဤအပတ်တွင် တစ်ဆက်တည်း ငါးပါးသီလခန်းကို

ရေးသားမည်ဟု ပြင်ဆင်နေခိုက် ဤဆောင်းပါးများနှင့် ပတ်သက်၍ လာရောက်ဆွေးနွေးသော မိတ်ဆွေတစ်ဦး၏ဆန္ဒကို ဖြည့်ဆည်းရန် သရဏဂုံကဏ္ဍကို တစ်ပတ်ဆက်ရပြန်ပါဦးမည်။

ထိုမိတ်ဆွေက သရဏဂုံပါဠိ၏ လိုရင်းအနက်နှင့် ယင်း သရဏဂုံကိုခံယူခိုက် အာရုံပြုပုံကိုဆွေးနွေး၏။ ထို့ကြောင့် ယင်း၏ ဆွေးနွေးချက်ကို ပြန်လည်ရှင်းလင်းရပေသည်။

သရဏဂုံဟူသည်မှာ ရတနာသုံးပါးဟုဆိုအပ်သော ဗုဒ္ဓမြတ်စွာ၊ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်နှင့် ဗုဒ္ဓမြတ်စွာ၏ သားတော်ဖြစ်ကုန်သော အရိယာ သံဃာတော်များနှင့်တကွ သမုတိသံဃာပါ သံဃာ အဖွဲ့အစည်းကြီးတစ်ရပ်လုံးအား မတုန်မလှုပ်သက်ဝင်ယုံကြည်မှု၊ ခိုလှုံဆည်းကပ်မှု၊ ကိုးကွယ်မှုပြုခြင်းပင်ဖြစ်သည်။ ဤသို့ ယုံယုံကြည်ကြည် ကိုးကွယ် ဆည်းကပ်ရာတွင် ရှေးဦးစွာ "ဆည်းကပ်ကိုးကွယ်ပါ၏" ဟူသော နှုတ်မြွက်ရွတ်ဆို၍ ခံယူတည်ဆောက်မှုနှင့် စိတ်ကယုံကြည်မှု တို့သည် လွန်စွာ အရေးကြီးလှပေသည်။

နှုတ်မြွက်ရွတ်ဆို ခံယူဆောက်တည်မှုမှာ...

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ

ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ” ဟူ၍ ပါဠိကိုဆို၍ ခံယူဆောက်တည်ရပါမည်။

ပါဠိကို မှန်ကန်စွာဆိုရန်လည်း လိုပါသည်။ ‘ဒုတိယမ္ပိ တတိယမ္ပိ’ ဟူသည်ကို မြန်မာတို့နှုတ်က ‘ဒုတိယာပိ, တတိယာပိ’ နှင့် ဆိုမိတတ်ကြသည်။ ‘ဒုတိယံပိ, တတိယံပိ’ ဟု ပီပီသသ ဆိုရန် လေ့ကျင့်ပေးပါ။ ဘုရားပွင့်တော်မူစက သရဏဂုံပါဠိမှာ “ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ သံဃဉ္စ” ဟုဆိုသည်။ ဒုတိယမ္ပိ, တတိယမ္ပိ မပါ၊ တစ်ခါက်တည်း၊ တစ်ကြိမ်တည်းနှင့်ပြီးသည်။ နောင် သရဏဂုံအဆောက်တည် များ၍ အရိုးကျလာမှ ယခုကဲ့သို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ၃–ကြိမ်ဆောက်တည်ရမှုကို မြတ်စွာဘုရားသခင်ကပင် မှုချပေး ထားခဲ့ပေသည်။

သရဏဂုံ အနက်အဓိပ္ပာယ်မှာ…

ဗုဒ္ဓံ–သစ္စာလေးပါးတရားသိမြင် ရှင်တော်မြတ်ဘုရားကို၊ သရဏံ သရဏံ ဣတိ–ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခို ရာဟူ၍၊ ဂစ္ဆာမိ–ကိုးကွယ်ဆည်းကပ် သိမှတ်ပါ၏။ ဓမ္မံ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို၊ ဂစ္ဆာမိ–ကိုးကွယ်ဆည်းကပ် သိမှတ်ပါ၏။ သံဃံ–မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော် တို့နှင့် ထင်ပေါ်ဂုဏ် သမုတိသံဃာတော်အား၊ ဂစ္ဆာမိ–ကိုးကွယ် ဆည်းကပ် သိမှတ်ပါ၏။ ဒုတိယမ္ပိ–နှစ်ကြိမ်မြောက်လည်း၊ တတိယမ္ပိ–သုံးကြိမ်မြောက်လည်း ရှေးအတိုင်းဆိုရန်ပင်။

ဤသို့ဆိုရာ၌ နှလုံးသွင်းရန်မှာ မြတ်စွာဘုရားဟူရာ၌ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ကိုးကွယ်ဆည်းကပ်ရာ သစ္စာလေးပါးသခင် ပွင့်တော်မူခဲ့ပြီးသော မြတ်စွာဘုရားရှင်ကို ထင်မြင်လာအောင် အာရုံပြုဖို့လိုပေသည်။ မိမိတို့ကိုးကွယ်ထားသော ဘုရားပုံတော်များ၊ ရုပ်ပွားတော်များ၊ စေတီတော်များတွင် အာရုံမထားမိ, တန့်ရပ်မနေမိပါစေနှင့်။ ပုံတော်, ရုပ်ပွားတော်, စေတီတော်များမှာ မြတ်စွာဘုရားအစစ်ကိုမမေ့ရန်, အမြဲသတိရနေရန် ထားသော အတုအစား ပုံတော်များမျှသာ ဖြစ်ပေသည်။ ဓမ္မ-တရားတော်ဟုဆိုရာမှာလည်း မြတ်စွာဘုရား ဟောတော်မူ၍ သံဃာတော်များ သင်္ဂါဝါများ အကျွတ်တရား ရရှိသွားလေသော မဂ္ဂဖလ နိဗ္ဗာန်တရား အနုက္ကန္တလက္ခဏာသုတ်တော် ၃၇ ပါးသော ဗောဓိပက္ခိယ တရားတော်များကို နှလုံးသွင်းထားဖို့လိုပေသည်။ ကျောက်စာ ပေစာ တရားစာအုပ်လောက်ကိုသာ အာရုံမထားမိပါစေနှင့်။ သံဃ-သံဃာတော်မှာလည်း မြတ်စွာဘုရားတရားတော်ကို သိမြင်၍ နိဗ္ဗာန်တရားကို လက်ရောက်ရယူတော်မူသွားကြသော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်ကြီးများမှ အစပြု၍ ဟစ်သာသနာလုံးရှိ သံဃာတော်များကို ထင်မြင်လာရန် အာရုံပြုနိုင်ရပေမည်။ မိမိတို့ သိမြင်ကြည်ညိုထားသော ရဟန်းတော်များမျှသာ အာရုံမထားရပေ။

မိမိတို့ ငယ်စဉ်ကပင် နှုတ်တက်ရနေသော ဣတိပိသော ဘဂဝါ အရဟံ စသော ဘုရားဂုဏ်တော်၊ သွာက္ခာတော

ဘဂဝတော ဓမ္မော သန္ဒိဋ္ဌိကော စသော တရားဂုဏ်တော်၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော စသော သံဃာ ဂုဏ်တော်တို့ကို အာရုံပြု၍ သရဏဂုံ ဆောက်တည်နိုင်လျှင်ကား အကောင်းဆုံးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ မိဘဘိုးဘွားများ၊ ဆရာသမားများသည် ကျွန်ုပ်တို့အား ငယ်စဉ်ကပင် ဤဂုဏ်တော် တို့ကို နှုတ်တက်ရအောင် သင်ကြားပေးလိုက်ကြပါသည်။ ထိုဂုဏ်တော်များကား သရဏဂုံသုံးပါးခံယူရာ၌ အကောင်းဆုံး သော အာရုံပြုရန် အမှန်တရားများပင် ဖြစ်ကြပါပေသည်။

## ငါးပါးသီလခန်း

သရဏဂုံတည်လျှင် အပါယ်ဘေးကြီးတားဆီးနိုင်သည်ဟု ဆို၍ သရဏဂုံတည်က ပြီး၏။ အခြားဘာမျှ ဆောက်တည်နေဖွယ် မလိုဟု ထင်မှတ်စရာရှိသည်။

သရဏဂုံတည်ပြီး သူ့အသက်ကို မသတ်ဘဲနေမည်၊ သူ့ ဥစ္စာကိုလည်း မခိုးမယူဘဲနေသည် စသည်ဖြင့် ငါးပါးသီလကို အထူးမဆောက်ဘည် မခံယူသည့်တိုင်အောင် ငါးပါးသီလ ကံငါးပါး လုံခြုံနေမည်ဆိုလျှင် အပါယ်ဘေးကြီး တားဆီး နိုင်မည်မှာ သေချာပေသည်။ သို့သော် သရဏဂုံသာတည်၍ သူ့အသက်ကို သတ်နေလျှင်, ခိုးနေလျှင် စသည့် ငါးပါးသီလလာ သိက္ခာပုဒ်များကို ဖောက်ဖျက်နေလျှင်ကား အပါယ်မကျနိုင်ဟု အာမခံနိုင်မည် မဟုတ်ချေ။

ဥပမာအားဖြင့် မင်း၏သားဖြစ်၍ မင်းဖြစ်ရမည်ဟုအစဉ်

အလာရှိသော်လည်း မင်းသားတို့တတ်အပ်သော အဌာရသသိပ္ပ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာများကို သင်ကြားတတ်မြောက်ဖို့ လိုအပ်ပေသေးသည်။ မင်းသားဖြစ်၍ ခမည်းတော် နတ်ရွာစံသောအခါ မင်းဖြစ်နိုင်ဖွယ်ရှိပါ၏။

တိုင်းတစ်ပါးက စစ်ဘေးအန္တရာယ် ရောက်လာသောအခါ အဌာရသ အတတ်ပညာတို့ကို မတတ်ပါက တိုင်းရေးပြည်ပါဆုံးရှုံး၍ လုံးလုံးပျက်စီးဖို့သာရှိလေသည်။ ထို့ကြောင့် သရဏဂုံက အပါယ်ဘေးကြီး တားဆီးနိုင်သည်ဟု ဆိုသော်လည်း ငါးပါးသီလ သိက္ခာပုဒ်များကိုတည်ရန်လည်း လိုပေသေးသည်။

သီလဟူသည်မှာ လူ၏အနှစ်သာရပင်ဖြစ်သည်။ သီလမရှိလျှင် အနှစ်မရှိသော သစ်ပင်ကဲ့သို့ မြဲမြဲခိုင်ခံ့ တည်တံ့နိုင်မည် မဟုတ်ချေ။ မုန်တိုင်းပမာ ကြီးစွာသော လေဒဏ်ကိုမခံနိုင်၊ မခိုင်မမြဲ ယိုင်လဲကျိုးကျသွားစရာသာရှိပေမည်။ လူမှာလည်း သီလအကျင့်ရှိမှ အကုသိုလ်မုန်တိုင်းကို ခံ့ကျိုင်းမြဲမြဲစွာ ခံနိုင်ပေလိမ့်မည်။ သီလဟူသည် ကောင်းသောအကျင့်တရားဖြစ်၍ ကာယကံမှု, ဝစီကံမှုဟူသော လုပ်ကိုင်မှု၊ ပြောဆိုမှု၌ နူးညံ့သိမ်မွေ့ပြီး အလိုလိုယဉ်ကျေးနေအောင် ပြုလုပ်ပေးပေလိမ့်မည်။

အများသိကြသော ကာယကံသုံးပါး (သတ်ဖြတ်မှု၊ ခိုးဝှက်မှုနှင့် ကာမဂုဏ်မှားယွင်းမှု)၊ ဝစီကံလေးပါး (လိမ်လည်မှု၊ ဆဲရေးမှု၊ ကုန်းတိုက်မှုနှင့် အကျိုးမဲ့စကားဆိုမှု)တို့ လုံခြုံခြင်းမှာ သီလဖြစ်၍ သီလဟူသည် ကိုယ်ကိုစောင့်ထိန်းမှုနှင့် နှုတ်ကိုစောင့်ထိန်းမှုသာဖြစ်သည်။ ကိုယ် နှုတ် ထိန်းသိမ်းစောင့်စည်း

နိုင်လျှင်ပင် သီလလုံခြုံသည်ဖြစ်ရာ ဤကိုယ် နှုတ်နှစ်ပါး ပြတ်ပြတ်သားသား ယဉ်ကျေးသိမ်မွေ့နေလျှင်ပင် သူတော်ကောင်းဟု ဆိုရပေသည်။ စိတ်ကို ထိန်းသိမ်းမှုကား သီလနယ်ကို ကျော်၍မသွားသော်လည်း သီလနှင့် တိုက်ရိုက်အကျုံးမဝင်တော့ဘဲ သမထ ဝိပဿနာ ဘာဝနာနယ်သို့ ဆိုက်ရောက်သွားသည်ဟု ဆိုရပေလိမ့်မည်။

ကာယကံသုံးပါး ဝစီကံလေးပါးဟု ဆိုသော်လည်း လူတို့အဖို့ ရှေးဦးစွာ လိုအပ်သည်မှာ ငါးပါးသီလသာဖြစ်သည်။ ငါးပါးသီလမှာ ကာယကံသုံးပါး အဦးထား၍ ဝစီကံမှ ဦးဆောင်ဖြစ်သော မမုန်စကားကို ရှောင်ကြဉ်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုကို ဦးစားပေးရသော မူးယစ်သေစာတို့မှ ရှောင်ရှားမှုပင်ဖြစ်သည်။ ဤငါးပါးကို အရေးတကြီး စောင့်ထိန်းရခြင်းကား ယင်းတရားငါးပါးမှာ အရေးအကြီးဆုံးဖြစ်သော လူကျင့်တရား၊ တစ်နည်း-လူ့ဥပဒေသဖြစ်၍ ပထမဦးစားပေး တရားအဖြစ် အလေးထားကာ စောင့်ရှောက်ရပေသည်။

ဤငါးပါးသီလ၊ တစ်နည်း-ပဥ္စသီလမှာ လူကျင့်တရားဖြစ်၍ လူဟူ၍ ပေါ်ပေါက်လာသောအခါကပင် တည်ရှိနေသောတရားဖြစ်သည်။ ဘုရားပွင့်တော်မူမှ ဟောကြားပေါ်ပေါက်လာသော တရားမဟုတ်။ ဘုရားတိုင်းပင် ဤလူကျင့်တရားကို ကျင့်သုံးရန် ရှေးရိုးစဉ်လာတရားကိုထပ်၍အလေးအနက် ဖော်ထုတ်ကျင့်သုံးစေခြင်းဖြစ်လေသည်။ ထို့ကြောင့် ငါးပါးသီလသည် ဘုရားမပွင့်မီကပင်ရှိသည်။ ကမ္ဘာဦးကပင်ရှိနေသောတရား

ဖြစ်သည်။ ကမ္ဘာပေါ်ရှိလူဟူသမျှ သတ္တဝါဟူသမျှ လိုက်နာကျင့်သုံးရသည်။ မကျင့်သုံးဘဲမနေရ။ မကျင့်သုံးလျှင်အပြစ်ရှိသည်။ အပါယ်ကျသည်။ သရဏဂုံတည်သူ ပင်ဖြစ်လင့်ကစား ငါးပါးသီလလာ တရားတစ်ပါးပါး ဖောက်ဖျက်က အပါယ်ကျနိုင်သည်။

ကမ္ဘာဦးကလူတို့သည် ဤတရားငါးပါးကို မဖောက်ဖျက်ဘဲနေ၍ ချမ်းသာသုခအတိဖြင့်နေကြရသည်။ ပဒေသာပင် ခေတ်ကြီးဖြစ်၍ အေးအေးမြမြရှိကြသည်။ လောဘပွားများလာ၍ ဤတရားငါးပါး တဖြည်းဖြည်းပျက်ယွင်းလာသောအခါ ပဒေသာပင်ခေတ်ကြီး ပျက်စီး၍လာတော့သည်။ ထိုအခါ မဟာသမ္မတမင်းတင်မြှောက်၍ မဟာသမ္မတမင်းက ဤတရားငါးပါး မပျက်ပြားရန် ဟောကြားဆုံးမရသည်။ ပျက်ပြားသူအား ဒဏ်ပေးခြင်းစသည်ပြုရသည်။ ထို့ကြောင့် ဤငါးပါးသီလသည် ကမ္ဘာဦးတရား၊ ကမ္ဘာ့ဥပဒေ လူ့ကျင့်တရား၊ လူ့ဥပဒေပင်ဖြစ်၍ မစောင့်မနေရ စောင့်ကိုစောင့်ရမည့် တရားဖြစ်ပေတော့သည်။

သီလကို ဝါရိတ္တသီလ, စာရိတ္တသီလဟု နှစ်မျိုးနှစ်စား ခွဲခြားထားရာတွင် ငါးပါးသီလမှာ ဖော်ပြပါအတိုင်း မစောင့်မနေရ၊ မထိန်းမနေရ၊ စောင့်ကိုစောင့်ရ၊ ထိန်းကိုထိန်းရသဖြင့် ဝါရိတ္တသီလဟုခေါ်သည်။ ငါးပါးသီလမှတစ်ပါး အခြား ရှစ်ပါးသီလ၊ ကိုးပါးသီလကိုပါ ဝိကာလဘောဇနာ စသည့်သိက္ခာပုဒ်များမှာ စောင့်လိုမှစောင့်ရသော သီလသိက္ခာပုဒ်များ၊ မစောင့်ဘဲနေလိုက နေနိုင်သောတရားများ၊ စောင့်နိုင်လျှင် အထူးအကျိုး

ရှိ၍ မစောင့်ကလည်း အပြစ်မရှိသော တရားများဖြစ်၍ စာရိတ္တ သီလ၌ အကျုံးဝင်သည်ဟု ဆိုရပေသည်။

## သီလရတနာ ဆင်ယင်ရာ

ငါးပါးသီလသည် နိစ္စသီလ (အမြဲမပြတ် စောင့်ရှောက်ကျင့်သုံးရသော သီလ)ဖြစ်၍ အလွန်လေးစားအပ်သည့် တရားဖြစ်သဖြင့် ဂရုဓမ္မဟူ၍ခေါ်သည်။ ခါးဝတ်အထည်ပမာ လွန်စွာ မြဲမြံစေရသကဲ့သို့ အမြဲကျင့်ဆောင်ရပေသည်။ အဝတ်အထည်ကို သေသေသပ်သပ် ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသူသည် ပရိသတ်အလယ်၌ တင့်တယ်လှပကြွရွကြည်လင် ဣန္ဒြေရှင် ကျက်သရေရှင် ဖြစ်နေဘိသကဲ့သို့ ငါးပါးသီလ ဂရုဓမ္မတရား မပျက်ပြားသူမှာ အရှယ်ခပ်သိမ်း လှပတင့်တယ်၍ နေပေတော့သည်။

"သီလ-သီလသည်၊ ယာဝဇရာ-အိုမင်းရင့်ရော်သည့်တိုင်၊ သာဓု-တင့်တယ်လျောက်ပတ် ကောင်းမြတ်လှပေ၏" ဟု သံယုတ်ပါဠိတော်၌ ဟောတော်မူသည့်အတိုင်း ဂုဏ်ရှိ ဂုဏ်မဲ့ မရွေး၊ မင်း ပုဏ္ဏား ကုန်သည် ဆင်းရဲသား အမျိုးလေးပါး မရွေး၊ ကျားမ မရွေး ပျိုအိုမရွေး တင့်တယ်ကြည်လင် မြင်သူတိုင်း ချစ်ခင်ရပေတော့၏။ ထို့ကြောင့် သီလရတနာနှင့် တန်ဆာဆင်နိုင်ရန် အရေးကြီးလှပါသည်။ "သီလရတနာ၊ မြတ်တန်ဆာသည်၊ သတ္တဝါခပင်း၊ မင်းဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊ ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်း

တင့်၏။" ဟု မဃဒေဝ (၂၃၀)လာ စကားမှာလည်း ဤအချက်ကိုပင်ရည်ရွယ်၏။

သီလရတနာနှင့်စပ်၍ မိလိန္ဒပဉှာတွင် "သီလတည်းဟူသော ရတနာဖြင့် တန်ဆာဆင်အပ်သော ပုဂ္ဂိုလ်အား နတ်မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကသည် ချစ်မြတ်နိုး၏။ တောင့်တ၏။ သီလရတနာကိုပင် ပန်ဆင်သောသူသည် တူရူအရပ် အထောင့်အရပ် အထက်အရပ် အောက်အရပ် ဖီလာအရပ် (ဟူသော အရပ်မျက်နှာအားလုံး) ၌ တင့်တယ်၏။ အလွန်တင့်တယ်၏။ အောက်အဝီစိမှ အထက်ဘဝဂ်၏အတွင်း၌ရတနာအားလုံးတို့ကိုလွန်၍ ဖိစီး၍ လွှမ်းမိုး၍တည်၏" ဟု မိလိန္ဒမင်းကြီးအား အရှင်နာဂသေနမထေရ် မိန့်တော်မူ၏။

ငါးပါးသီလသည် လူတို့၏ ရတနာအဖြစ် အမြဲပန်ဆင်ရသော တရားဖြစ်၍ မြတ်စွာဘုရား ပွင့်တော်မူနေသည့် သာသနာတော်အတွင်း၌ဖြစ်စေ၊ မြတ်စွာဘုရားမပွင့်ပေါ်တော်မူသည့် သာသနာပအခါ၌ဖြစ်စေ၊ မြတ်စွာဘုရားဟူ၍ လုံးဝမပွင့်နိုင်သည့် သုညကမ္ဘာများမှာဖြစ်စေ လူတို့၏ ကိုယ်ကျင့်တရား အမြဲထိန်းသိမ်းစောင့်ရှောက်ရမည့် စည်းမျဉ်းဥပဒေအနေဖြင့် တည်ရှိနေသော ထာဝရတရားကြီးပင် ဖြစ်သည်။ ထို့ကြောင့် လူဟူ၍ရှိနေလျှင် လူတို့၏ကျင့်ဝတ်အနေဖြင့် ငါးပါးသီလသည်လည်း ရှိနေမြဲပင်ဖြစ်လေသည်။

မြတ်စွာဘုရားတို့ ပွင့်တော်မူသော အသုညကမ္ဘာတို့တွင်

ကမ္ဘာဦးကာလ အခါသမယ၌လည်းကောင်း၊ မြတ်စွာဘုရားတို့ ပွင့်တော်မမူမီလည်းကောင်း၊ ပွင့်တော်မူပြီးနောက်လည်းကောင်း၊ စကြဝတေးမင်းများဖြစ်ထွန်းပေါ်ပေါက်ကြသည်။ ထိုအချိန်အခါမှာ သာသနာပကာလကြီးပင်ဖြစ်ပါ၏။ သို့သော် စကြဝတေးမင်းတို့သည် ကမ္ဘာသူကမ္ဘာသားတို့အား ငါးပါးသီလကို ဟောကြား၍ အုပ်ချုပ်ကြသည်။ ထိုအချိန်အခါတို့၌ ကမ္ဘာ့လူသားတို့၏ လိုက်နာရသော စည်းမျဉ်းဥပဒေသည် ငါးပါးသီလသာလျှင် ဖြစ်လေသည်။ ငါးပါးသီလတည်းဟူသော ကမ္ဘာ့ဥပဒေသည် ပစ္စုပ္ပန်ဘဝအတွက်သာမက တမလွန်၌ သုဂတိရောက်ရေးကိုပါ အကျိုးပြုသဖြင့် လောကတွင်ရှိသော ရာဇသတ် ဓမ္မသတ်တို့ထက် သာလွန်သည်ဟု ဆိုရပေလိမ့်မည်။

မြတ်စွာဘုရားလက်ထက်က ပိလိန္ဒဝစ္ဆမထေရ်သည် ပစ္ဆိမဘဝိကမိလိန္ဒဝစ္ဆဘဝသို့ မရောက်မီက စကြဝတေးမင်း ဖြစ်ခဲ့ဖူးသည်။ သူ စကြဝတေးမင်းဖြစ်စဉ်က ငါးပါးသီလဖြင့် ကမ္ဘာလောကကြီးကိုအုပ်ချုပ်ခဲ့သဖြင့် သူအုပ်ချုပ်ခဲ့သော ကမ္ဘာသူကမ္ဘာသားတို့သည် အများအားဖြင့် ငါးပါးသီလတည်၍ နတ်ပြည်လောက၌ဖြစ်ကြရသည်။ သူ့ခေတ်ကလူသားတို့သည် အပါယ်လေးပါး၌ မဖြစ်ခဲ့ကြရ။ အပါယ်တံခါးပိတ်၍ နတ်ပြည် နတ်လောကတံခါးသာ ဟင်းလင်းပွင့်ခဲ့သည်ဟု ဆိုပေသည်။ ထို့ကြောင့် ပိလိန္ဒဝစ္ဆမထေရ်ဘဝတွင် သူ့အအုပ်အချုပ်ခံများ ဖြစ်ခဲ့ကြရသူတို့သည် နတ်သား နတ်သမီး နတ်မင်းကြီး နတ်မိဖုရားကြီးများဖြစ်နေကြ၍ ပိလိန္ဒဝစ္ဆမထေရ်အား လာရောက်ဆည်းကပ်

ကြသည်။ မိမိတို့ဆရာသခင်အနေဖြင့်ချစ်မြတ်နိုးကြလေသည်။ တပည့်သာဝကတို့အား မြတ်စွာဘုရား ဧတဒဂ်ပေးသောအခါ ပိလိန္ဒဝစ္ဆမထေရ်အား နတ်တို့ချစ်မြတ်နိုးရာ၌ အလွန်ကဲဆုံး အထူးချွန်ဆုံးဟူသော ဧတဒဂ်ဘွဲ့ကို ပေးတော်မူခဲ့လေသည်။

ဤပိလိန္ဒဝစ္ဆမထေရ်ဝတ္ထုကို ထောက်ဆလျှင် ငါးပါးသီလကို စောင့်ထိန်းသူမှန်သမျှ ဒုဂ္ဂတိဘဝသို့ လုံးဝမရောက်ဘဲ သုဂတိဘဝ နတ်ပြည်နတ်ရွာသို့သာ ရောက်ကြရကြောင်း ထင်ရှားလှပေသည်။

"သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ"ဟူသော ထေရဂါထာအရ ငါးပါးသီလသည် နတ်ပြည်နတ်ရွာ ရောက်ကြောင်း မည်သည်သာမက လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိနိုင်သည်ဟုဆိုသဖြင့် နိဗ္ဗာန်ခရီးအစ ငါးပါးသီလဟူ၍ပင် ဆိုစရာဖြစ်နေပေသည်။ ပစ္စုပ္ပန်လောက၌ လူချစ်လူခင်များပြား၍ ကြီးမားသော ချမ်းသာကိုရရှိ၍ တမလွန်၌လည်းချမ်းသာခံစားကြလိုသူတိုင်း ငါးပါးသီလကို မမေ့မလျော့ ဆောက်တည်ကြရန် လိုအပ်လှပေသည်။

## အသက်

"အသက် စည်းစိမ် အိုးအိမ်ဆက်ဆံ ယဉ်ကျေးရန် ငါးတန် အကျင့်များ၊ ကိုယ်ချင်းစာကာ ကျင့်သုံးရာ ပေါ်လာ သီလငါး"

ငါးပါးသီလသည် ဤမျှ ဗုဒ္ဓဘာသာ သမ္မာနွယ်ဝင်

သူတော်စင်တို့အတွက် အသက်ပမာဏ မကျင့်မနေရ မထိန်းမနေရ နိစ္စသီလဖြစ်၍ ခါးဝတ်အထည်ပမာ မကွေမကွာ ထိန်းသိမ်းစောင့်ရှောက်ရမည့်တရားဖြစ်သော်လည်း ငါးပါးသီလကား ဘုရားပွင့်မှ ပေါ်လာသောတရားမဟုတ်၊ ဘုရားဟောမှ ဖြစ်လာသော တရားမဟုတ်၊ လူ့ကျင့်တရားဥပဒေသဓမ္မ ဖြစ်သဖြင့် လူဟူ၍ ဖြစ်ပေါ်လာရသော ကမ္ဘာဦးကာလကပင် ဖြစ်ပေါ်တည်ရှိနေသော လက်ဟောင်းတရားကြီးပင် ဖြစ်ပါလေ၏။

ငါးပါးသီလတရားသည် ဘုရားဟော၍ ဖြစ်ပေါ်ထင်ရှားလာရသောတရား တန်ခိုးကြီးသော နတ်မင်းကြီးများ ဗြဟ္မာကြီးများ ဆင်းသက်ဟောကြား၍ ဖြစ်လာ သိလာရသော တရားမဟုတ်၊ ကမ္ဘာဦးလူတို့မှ စတင်၍ လူ့စည်းကမ်း လူ့ဥပဒေအရ မကျင့်လျှင်မဖြစ်တော့၍ ပေါ်ပေါက်လာရသော ဖြစ်ထွန်းလာရသော လူ့ကျင့်တရားကြီးဟု ဆိုထိုက်ပါ၏။ ကမ္ဘာဦးလူတို့သည် အခြေအနေအရ မူလတန်ခိုး အရှိန်အစော် အရောင်အလင်းများ ပျောက်ကွယ်၍ စားမှု သောက်မှု နေမှု ထိုင်မှုတို့နှင့် အိုးအိမ်တည်ထောင်၍နေရသော အခြေအနေသို့ ရောက်လာရသော အချိန်အခါတွင် မရှိလျှင်မဖြစ်လောက်အောင် လိုအပ်လာသဖြင့် ဤငါးပါးသီလသည် ဓမ္မတာအားလျော်စွာ ပေါ်ပေါက်လာရပေသည်။

လူတို့တွင် အရေးအကြီးဆုံးမှာ အသက်ဖြစ်လေသည်။ လူတို့မှသာမက–သက်ရှိ တိရစ္ဆာန်စသည့် သတ္တဝါအားလုံးမှာပင် အသက်သည် ပဓာနအကျဆုံးဖြစ်သည်။ အသက်ရှိနေ၍

လူဟုဖြစ်နေရသည်၊ တိရစ္ဆာန် သတ္တဝါဟုဖြစ်နေရသည်။ အသက်မရှိလျှင် အသက်ဟူ၍ တည်တံ့မနေလျှင် လူ၍ပင်မခေါ်ရတော့၊ တိရစ္ဆာန်ဟူ၍ပင် မခေါ်ရတော့။ မည်သို့မျှလည်း အသုံးမကျတော့ပေ။ လူ့လောက၏ လှုပ်ရှားမှု သွားလာမှု စားသောက်နေထိုင်မှုများလည်း လုံးဝမရှိနိုင်တော့ပေ။ ထို့ကြောင့် လောကကြီးတစ်ခုလုံး တည်ရှိနေရမှု လှုပ်ရှားရုန်းကန်နေရမှုမှာ အသက်ကြောင့်ပင်ဖြစ်လေသည်။ အသက်ဟူသည်မှာလည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ဖန်တီး တည်ဆောက် ထည့်သွင်းပေးထားသည်မဟုတ်၊ ရုပ်တရား နာမ်တရား ဤနှစ်ပါး၏ ပရမတ္ထသဘာဝအတိုင်း သမဘာဂ မျှတသင့်ညီစွာ တည်နေမှုမျှသာဖြစ်သည်။ ရုပ်နာမ်တရားတို့ကို စောင့်ရှောက်နေသော ဇီဝိတိန္ဒြေ၏ တည်တည်ငြိမ်ငြိမ် တည်တံ့နေမှုမျှသာ ဖြစ်သည်။

ထို အသက်ဟူသော ဇီဝိတိန္ဒြေ၏ တည်ငြိမ်စွာ ဖြစ်တည်နေမှုကြောင့်ပင် သက်ရှိသတ္တဝါ တစ်ဦးအနေဖြင့် လောကတာဝန်တို့ကို ထမ်းဆောင်နေနိုင်ခြင်းဖြစ်၍ ဤအသက်ဟူသော ဇီဝိတိန္ဒြေကို ကြာရှည်တည်တံ့နေနိုင်အောင် စောင့်ရှောက်ရမည်ဖြစ်၏။ အသက်ကို ပျက်စီးစေနိုင်သည့် ရေမီးစသော အန္တရာယ်ရန်စွယ်တို့နှင့် မနီးစပ်မိအောင် နေထိုင်ရမည်ဖြစ်၏။ လက်နက်အဆိပ် စသော ဘေးအမျိုးမျိုးတို့မှ ရှောင်ကွင်းနိုင်အောင် ကြိုးစားရမည်ဖြစ်၏။ အသက်ရှည်နေနိုင်အောင် အားထုတ်ရမည်ဖြစ်၏။

ထိုသို့ မိမိ၏အသက်ကို မထိပါး မဆုံးရှုံးရအောင် နည်း

အမျိုးမျိုးဖြင့် စောင့်ရှောက်နေသူအဖို့ သူတစ်ပါးအသက်ကို ထိပါးဆုံးရှုံးမှုဖြစ်အောင်လည်း မလုပ်ထိုက်ချေ။ သူတစ်ပါး၏ အသက်ကို မိမိကထိပါးဆုံးရှုံးစေလျှင် သူတစ်ပါးကလည်း မိမိ၏အသက်ကို ပြန်လည်ထိပါးဆုံးရှုံးစေလိမ့်မည်။ ထို့ကြောင့် မိမိ၏အသက်ကို စောင့်ရှောက်သလို သူတစ်ပါး၏အသက်ကို လည်း စောင့်ရှောက်ရလိမ့်မည်။ မိမိ၏အသက်သာတန်ဖိုးရှိသည် မဟုတ်၊ သူတစ်ပါး၏အသက်သည်လည်း ယင်းသူတစ်ပါးအဖို့ တန်ဖိုးရှိသည်။ ကိုယ့်အသက်သာမက ကိုယ့်မိ ကိုယ့်ဖ ကိုယ့်သား ကိုယ့်သမီး ကိုယ့်ဆွေမျိုးတို့၏ အသက်ကိုလည်း စောင့်ရှောက် ရသလို၊ သူတစ်ပါးမှာလည်း သူတစ်ပါးအသက်သာမက အမိ အဖ သားသမီးဆွေမျိုးတို့အသက်ကို စောင့်ရှောက်ရမည်။ ကိုယ့်ဘက်အတွက်ကိုယ်ပူသလို၊ သူတို့လည်း ပူပင်ရလိမ့်မည်ဟု ကိုယ်ချင်းစာတရား ရှေ့ထား၍ မည်သူ့အသက်ကိုမျှ မသတ်သင့် မသတ်ထိုက် မသတ်ရဟူသော လူကျင့်တရား လူစည်းကမ်း ဥပဒေသည် လူ့လောကတွင် အလိုအလျောက် ဖြစ်ပေါ်လာရ ပေသည်။ ထိုလူ့စည်းကမ်း အားလျော်စွာလည်း "ပါဏာတိ ပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟူသော ပထမဆုံး သိက္ခာပုဒ်တော်ကြီးသည်လည်း ပေါ်ပေါက်၍ လာရပေတော့ သည်။ ဤသို့ဖြင့် ငါးပါးသီလတွင် ပထမဦးဆုံးဖြစ်သော ပါဏာတိပါတာသိက္ခာပုဒ်တော်ကြီး ပေါ်ပေါက်လာရတော့သည်။

ဤသို့ ကိုယ်ချင်းစာတရား အဦးထား၍ အသက်သတ် မှုမှ ရှောင်ကြဉ်ခြင်း ပါဏာတိပါတာ ပထမသိက္ခာပုဒ်ကြီး

ပေါ်ပေါက်လာခြင်းဖြင့် လောကကြီးသည်လည်း အချင်းချင်း မေတ္တာ ဗြဟ္မစိုရ်တရားများပွား၍ ပျော်ပျော်ရွှင်ရွှင်နှင့် နေချင်စရာ ကမ္ဘာလောကကြီးဖြစ်လာသည်။ ထိုအကြောင်းကို အင်းဝခေတ် ပြု သုခါဝဟန္တပျို့ (၁၀၇၀–ကျမ်းပြီး)တွင်...

"တာနာဒ်နိုင်းချက်၊ မိမိသက်နှင့်၊ သူ့သက်မပြား မိမိသား နှင့်၊ သူ့သားတမျှ၊ ကိုယ့်မိဘနှင့်၊ သူ့ဘသူ့မိ၊ တရှိချည်းပင်၊ မိမိလင်နှင့်၊ သူ့လင်တူကွ၊ ထပ်မျှကရုဏာ၊ သက်မေတ္တာဖြင့်၊ ညာတကမြတ်နိုး၊ မထိုးမခုတ်၊ မပုတ်မခတ်၊ မသတ်မညှစ် အပြစ်မမှု၊ စိတ်ဝမ်းဖြူလော့"ဟု(ပုဒ်–၄၄)တွင်စပ်ဆိုထားပေသည်။

## အသက်ပြီးလျှင် စည်းစိမ်

လူဟိုင်းအဖို့ အသက်သည် ပထမအရေးကြီးဆုံးဖြစ်သည် နှင့်အညီ မိမိ၏အသက်ကိုလည်းကောင်း၊ အခြားသူတို့၏ အသက် ကိုလည်းကောင်း စောင့်ရှောက်ရေးအတွက် ပါဏာတိပါတ ပလမသိက္ခာပုဒ်ကြီး ပေါ်ပေါက်လာသကဲ့သို့ အသက်ပြီးလျှင် ဒုတိယအရေးကြီးဆုံးကား စည်းစိမ်ပင်ဖြစ်သည်။ စည်းစိမ်ဟူသည် ဥစ္စာပစ္စည်းများကိုပင်ဆိုသည်။ စည်းစိမ်ဥစ္စာရှိမှ အသက်ကို စောင့်ရှောက်နိုင်သည်။ အသက်သည် စည်းစိမ်ပေါ်မှာ တည်ရ၏။

စည်းစိမ် ဥစ္စာရှိမှ စားစရာရှိမည်၊ စည်းစိမ်ဥစ္စာနှင့် ရင်းနှီးမှ ဝတ်စရာ နေစရာရမည်။ ဤစားစရာ၊ ဝတ်စရာ၊ နေစရာအားလုံးပင် အသက်၏တည်ရာဖြစ်သည်။ စားစရာ မရှိလျှင် အသက်မတည်မြဲနိုင်။ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ

ဆိုသည့်အတိုင်း သတ္တဝါတိုင်း အသက်တည်မြဲရန် အာဟာရပေါ်တွင် အမှီပြုနေရသည်။ ထို့အတူ အဝတ်အစား လုံလုံခြုံခြုံ ရှိဖို့လိုသည်။ ထွေးထွေးနွေးနွေး နေနိုင်ရန် ခြုံစရာ အနွေးထည်လိုသည်။ နေထိုင်စရာ အိမ်စသည်လိုသည်။ ထိုကိစ္စတို့အတွက် စည်းစိမ်ဥစ္စာငွေကြေးရှိမှဖြစ်မည်။ ထိုစည်းစိမ်ဥစ္စာ ငွေကြေးတို့ဖြင့် အသက်တည်တံ့ရေးဖြစ်သည့် စားဝတ်နေရေးတို့ကိုဖန်တီးရပေသည်။

နေ့စဉ် သတင်းစာတို့တွင် အစာရေစာ ငတ်မွတ်ပြတ်လပ်၍ သေကျေရသော သတင်းများ၊ အအေးလှိုင်းကျရောက်၍ ထွေးထွေးနွေးနွေးမနေနိုင်၍ သေကြရသော သတင်းများ၊ အပူအအေးကိုကာကွယ်နိုင်သည့် အိမ်ရာမရှိ၍ လမ်းပေါ်၌သေဆုံးရသော သတင်းများကိုဖတ်ကြရသည်။ ၎င်းတို့ကား လိုအပ်သော စည်းစိမ်ဥစ္စာမရှိ၍ အသက်ကို စောင့်ရှောက်နိုင်သည့် စားဝတ် နေရေးကိုမဖန်တီးနိုင်ကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စည်းစိမ်ဥစ္စာကိုရှာမှီးရမည်။ ရှာမှီး၍ရသော စည်းစိမ်ဥစ္စာကို စောင့်ရှောက်ရမည်။ ဥဋ္ဌာနသမ္ပဒါအရ ထထကြွကြွရှာဖွေ၍ ရရှိလာသောစည်းစိမ်ဥစ္စာကို အာရက္ခ သမ္ပဒါအနေဖြင့် လုံလုံခြုံခြုံ စောင့်ရှောက်ရပေလိမ့်မည်။

ထိုမှရရှိထားသော စည်းစိမ်ဥစ္စာဖြင့် မိမိတစ်ဦးတည်းအတွက်သာမဟုတ်၊ မိမိနှင့် မိမိဆိုင်ရာ မယား သားသမီးတို့၏ စားဝတ်နေရေးမှ အသက်မွေးမှုအထိ မိမိရှာဖွေထားသော စည်းစိမ်ဥစ္စာပေါ်မှာ တည်နေပေသည်။ စည်းစိမ်ဥစ္စာပျက်စီးလျှင် အသက်

လည်း ပျက်စီးသွားနိုင်ကြောင်း သတိပြု၍ စည်းစိမ်ဥစ္စာကို ပျက်စီးခြင်း၊၊ လျော့ပါးခြင်းမရှိအောင် စောင့်ရှောက်ရန် မည်မျှ အရေးကြီးပုံကို သဘောပေါက်ကြစရာရှိသည်။ ထို့ကြောင့် အသက် တည်းဟူသော ပထမဦးစားပေး၊ အရေးကြီးဆုံးအတွက် စည်းစိမ် ဥစ္စာကို ဒုတိယအနေဖြင့် ရှာမှီးရန်၊ စုဆောင်းရန် အရေးကြီးဆုံး ဖြစ်ကြောင်း သတိပြု၍ စည်းစိမ်ဥစ္စာ ရှာမှီးစုဆောင်းခြင်း၊ စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းခြင်းတို့အတွက် အထူးဂရုပြုရပေ လိမ့်မည်။

မိမိအသက်အတွက် မိမိစည်းစိမ်ဥစ္စာတို့ကို စောင့်ရှောက် ရသလို အခြားသူတို့အဖို့လည်း သူတို့အသက် မပျက်မစီး တည်တံ့နိုင်ရေးအတွက် သူတို့စည်းစိမ်ဥစ္စာတို့ကိုလည်း မပျက်စီး စေရေး မျှော်တွေးစဉ်းစား၍ သူ့ဥစ္စာကို ခိုးယူခြင်း၊ လုယက် ခြင်း၊ ဖျက်ဆီးခြင်းတို့ကိုလည်း မပြုမိအောင် သတိပြုရပေ လိမ့်မည်။

သူ့ဥစ္စာကို ခိုးယူခြင်းသည် ကမ္ဘာဦးအခါ အခြားသော မကောင်းမှုများထက် အဦးဆုံးဖြစ်ပွားခဲ့သည်။ ဤခိုးယူမှု အကုသိုလ်ကြောင့်ပင် လူတို့၏ အသက်အဆင်း စသည်များ ဆုတ်ယုတ်ခဲ့ရသဖြင့် ရှေးသရောအခါက ဤခိုးမှုကို အပြစ်အကြီး ဆုံးဟုပင်ယူဆ၍ မင်းတို့သည် ခိုးသူအား မိလျှင် သတ်ခြင်း၊ ခြေလက်တို့ကိုဖြတ်ခြင်း စသည်တို့ဖြင့် ပြင်းစွာအရေးယူလေ့ ရှိပေသည်။ မိမိ၏စည်းစိမ် ဥစ္စာကို စောင့်ထိန်းသလို သူတစ်ပါး၏ စည်းစိမ် ဥစ္စာကိုလည်း စောင့်ထိန်းပေးကြရန်အတွက်လည်း

ထိုရှေးရှေးကာလကပင် လူ့စည်းကမ်း ဥပဒေတစ်ရပ်အဖြစ် သတ်မှတ်ထားခဲ့ပေသည်။ ထို့ကြောင့်ပင် "အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟူသော သိက္ခာပုဒ်ခံယူမှုသည်လည်း လူတို့တရားမပျက်ဘဲ ငြိမ်းသက်အေးချမ်းသော လောက လူ့ဘောင်ကြီး ဖြစ်လာရေးအတွက် အခါအားလျော်စွာ ပေါ်ပေါက် လာရပေသည်။

ဤသိက္ခာပုဒ် စည်းမျဉ်းဥပဒေကြီး တည်တံ့ခိုင်မြဲရေး အတွက် လူတို့သည် မိမိဥစ္စာကို မိမိ၏ အနှစ်အမြုတေပမာ အမှတ်ထား၍ စောင့်ရှောက်ရသလို သူတစ်ပါး၏ဥစ္စာကိုမူ လတ်တလောချင်း သေစေနိုင်သည့် အဆိပ်အတောက်ပမာ ဝေးစွ ရှောင်ရှားကြရမည်ဟု ဆရာသမားလူကြီးမိဘတို့က ဆုံးမကြ လေသည်။

"သူ့ဥစ္စာကို၊ ပြင်းစွာဆိပ်တောက်၊ တောမြွေပေါက်သို့၊ မြွေဟောက် မြွေပွေး၊ သေဘေးအသွင်၊ အမြဲထင်၍ ကြောက်ငြင်ဝေးစွာ၊ ဖဲကြဉ်ခွာလော"

"သူ့ဥစ္စာဟု သချာရေတွက် သစ်ရွက်သစ်ပြား၊ ဝါးခြမ်း တစ်ဆစ်၊ သစ်တိုသစ်စ၊ ချည်မှတစ်မျှင် နည်းပင်မဆို၊ မယူလိုလင့်"

(သုခါဝဟန္တ ပျို့မှ)

## အိုးအိမ်

"အပြစ်ကြီးမား၊ သူ့မယားကို သွားလာထွက်ဝင်၊ သူ့လင်ဖျက်ဆီး၊ မယားကြီးနှင့်၊ လင်ကြီးရှိလျက်၊ ဖုံးကွယ်ဝှက်၍၊ ရမ္မက်ဖြင့်အား၊ သူ့တစ်ပါးနှင့်၊ ယှဉ်ပါးပေါင်းဖော်၊ မတော်မလား၊ ယောကျ်ား မိန်းမ၊ လူထိုမျှကား၊ လောကခေါ်မြွက်၊ အိုးအိမ်ဖျက်တည်း"

အသက်စည်းစိမ်--ဟူသော ပါဏာတိပါတကံ၊ အဒိန္နာဒါန ကံများကို ဖော်ပြပြီးနောက် အိုးအိမ်ဟူသော ကာမေသုမိစ္ဆာစာရကံအကြောင်းကို ဆက်လက်ဖော်ပြပါမည်။ အိုးအိမ်ဟူသည်မှာ အသက်နှင့်စည်းစိမ်တို့တည်ရာ အိုးအိမ် တိုက်တာနေရာအဆောက်အအုံကိုပင်ဆိုပါသည်။ ယင်းအိုးအိမ်တိုက်တာနေရာအဆောက်အအုံရှိမှ မိမိ၏စည်းစိမ်ဥစ္စာတို့ကိုလည်း လုံခြုံစွာ စောင့်ရှောက်ထားရှိနိုင်မည်။ ယင်း အိုးအိမ်နှင့် ဥစ္စာစည်းစိမ်တို့ တည်တံ့ခိုင်မြဲမှ မိမိ၏နေမှုထိုင်မှု စားသောက် ဝတ်ဆင်မှု အဆင်ပြေ၍ အသက်ရှည်ရှည် တည်တည်ကြည်ကြည်နေထိုင်နိုင်မည် ဖြစ်၏။

အိုးအိမ်ဟူသည်မှာလည်း တစ်အိုးတစ်အိမ်ထူထောင်သည်ဆိုသောစကားအတိုင်း မိမိတစ်ဦးတည်းနေ၍ဖြစ်သော အရာမဟုတ်၊ ယောကျ်ားဖြစ်လျှင် မိန်းမနှင့်၊ မိန်းမဖြစ်လျှင် ယောကျ်ားနှင့် အချင်းချင်းမှီတွဲ၍ အမြဲမကွေမကွာနေနိုင်ခြင်းဖြင့် လောက၏ ကျက်သရေမင်္ဂလာဟုဆိုအပ်သော သားသမီးတို့ဖြင့် ပွားစီးမြင့်ကြွယ် အတင့်အတယ်နေထိုင်ကြခြင်းကိုပင်ဆိုသည်။ အိမ်

တစ်အိမ်တွင် ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ ညီညီမျှမျှ နေထိုင်ကြမှသာ ကျက်သရေလည်းရှိ၍ အိုးအိမ်လည်း တည်တံ့ခိုင်မြဲပေလိမ့်မည်။ လင်နှင့်မယား၊ စိတ်ထားမညီ မတည်မငြိမ်ဖြစ်လျှင် အိုးအိမ်လည်း ပျက်စီးရလေသည်။

အိုးအိမ်ပျက်စီးသည်ဆိုသည်မှာ အိမ်ရာ တိုက်တာ အဆောက်အအုံကြီး ပြိုလဲသွားသည်ကိုမဆိုလို၊ ထိုအဆောက်အအုံကြီးပေါ်၌နေကြသူ လင်နှင့်မယားတို့ ကွဲပြားကင်းကွာ၍ သွားခြင်းကိုသာဆိုသည်။ ထိုသို့မဖြစ်ရအောင် ယောကျ်ား မိန်းမ နှစ်ဦးကပင် မိမိတို့ ကိုယ်စိတ်နှစ်ပါးကို တရားသဖြင့် စောင့်ရှောက်ကြဖို့လိုသည်။ ယောကျ်ားကလည်း မိမိဇနီးမှတစ်ပါး အခြား မိန်းမတစ်ဦးဦးအား စိတ်ကူး၍မျှ မကူးမိ မတွေးမိရန် ထိန်းသိမ်းလျက်၊ မိန်းမကလည်း မိမိခင်ပွန်း လင်မှတစ်ပါး အခြားယောကျ်ားများသို့ စိတ်ထားမယိုင်မိအောင် ထိန်းသိမ်းနိုင်ရန် လိုပေသည်။

မိမိမယား မိမိလင်သားကို မိမိမှတစ်ပါး အခြားတစ်ပါး ယောကျ်ားတို့ဆီသို့ စိတ်မျှပင် မသွားမရောက်ရန်မှာလည်း မိမိ၏ ပြုစုယုယမှု ဂရုကတစိုက်ကြောင့်ကြစိုက်ထုတ်မှုပေါ်မှာ တည်ပေသည်။ ဝတ္တရားကျေပွန်ရန် လိုပေသည်။ ထိုသို့ လင်နှင့်မယား အချင်းချင်း မိမိဆိုင်ရာဝတ္တရား ကျေပွန်၍ တစ်ဦးအား တစ်ဦးက ကြောင့်ကြပြု၍ ယုယပြုစုနေမည်ဆိုလျှင် အိုးအိမ်တည်တံ့ရေးအတွက် စိတ်ချရပေလိမ့်မည်။

မိမိမယားမှတစ်ပါး အခြားမိန်းမနှင့် ဖောက်ပြားခြင်း၊

မိမိလင်သားမှတစ်ပါး အခြားယောကျ်ားနှင့် မှားယွင်း၍ ကျင့်ခြင်းတို့မှာ အိုးအိမ် ကျော်နင်းခြင်းဖြစ်၍ မိမိအိုးအိမ် ပျက်စီးရလေပြီ၊ ယင်းအိုးအိမ်ပျက်စီးခြင်းကိုပင် ဤခေတ်စကားဖြင့် သူ့သားအိမ်ရာ ပျက်စီးခြင်းဟုဆို၏။ ဤသို့ လူတစ်ဦးတစ်ယောက်အဖို့ သူ့သားအိမ်ရာ ဖျက်ဆီးခြင်းမှာ လူ့ကျင့်ဝတ် ပျက်စီးခြင်းပင်ဖြစ်၍ ကြီးစွာအပြစ်ပေးခြင်းခံရပေသည်။ ဤမျက်မှောက်ခေတ်တွင် လောကပြစ်ခံရသည်ထက် သံသရာမှာ ခံရသောအပြစ်က ပိုမို၍ ကြောက်မက်ဖွယ်ကောင်းလှသည်။ ဤဒွ သံသရာပြစ်ကို ဖော်ပြနေလျှင် ကုန်ဆုံးနိုင်ဖွယ် မရှိတော့၍ ဖော်ပြမနေတော့ပါ။

ထို့ကြောင့် လူတိုင်းလူတိုင်း ကိုယ့်အိုးအိမ် မပျက်စီးရလေအောင် ကြိုးစား၍စောင့်ရှောက်ရသကဲ့သို့ သူတစ်ပါးအိုးအိမ်ကိုလည်း စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။ ယင်းမှာ ယောကျ်ားဖြစ်လျှင် သူတစ်ပါး ဇနီးမယားနှင့် သမီးပျိုများ၊ မိန်းမဖြစ်လျှင် မိမိခင်ပွန်းမှတစ်ပါးသော ယောကျ်ားများကို အထက်တွင်ဖော်ပြခဲ့သလို စိတ်ဖြင့်မျှ မပြစ်မှားကြရန် စောင့်ရှောက်ရပေလိမ့်မည်။ ထိုကဲ့သို့စောင့်ရှောက်ရခြင်းပင်လျှင် အိုးအိမ်တည်တံ့ခိုင်မြဲရေး လူစည်းကမ်းဥပဒေကြီးပင်ဖြစ်၍ ယင်းအတွက်ပင် "ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟူသော တတိယမြောက် သိက္ခာပုဒ်ကြီး ပေါ်ထွက်လာခဲ့ခြင်းပင်ဖြစ်ပါလေ၏။

မြန်မာဘာသာဖြင့်ဆိုသော် "ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာ

ပုဒ်တော်ကို ဆောက်တည်ပါ၏”ဟု ဆိုရပေသည်။ ဤသည်မှာ တိုက်ရိုက်အမှန်ကန်ဆုံးသော အနက်အဓိပ္ပာယ်ပင်ဖြစ်၏။ အချို့ လွယ်လွယ်ဖြင့် သူ့သားမယားတို့ကို လွန်ကျူးခြင်းမှဟုဆိုနေကြသည်။ ၎င်းမှာ အမျိုးသားများနှင့်သာ ဆက်ဆိုင်၍ နံ့စပ်သော အနက် မဟုတ်ပေ။

အမှန်အားဖြင့် ကာမဘုံ၌ ဖြစ်လာကြရသော လူသတ္တဝါတို့အဖို့ ဤကာမဂုဏ်မှုကိစ္စတို့မှာ မကင်းနိုင် မရှောင်နိုင် ရင်ဆိုင်ကြရမည်သာဖြစ်ရာ ကာမကို ခွာရှောင်၍ လူ့ဘောင်ကို မျက်နှာမလွှဲသူတိုင်း မယားတစ်ယောက် လင်တစ်ယောက်ကို ရဲရဲရင့်ရင့် လက်ခံရယူကြရမည်မှာ ဓမ္မတာဖြစ်၍ မိမိ၏ မယား၊ မိမိ၏ လင်ယောကျ်ားနှင့် ဘဝပေးတာဝန်ကို ထမ်းဆောင်ကြရာ၌ ရဲဝံ့ပြတ်သားစွာပင် ထမ်းဆောင်ရန် လိုအပ်လှသည်။ ထိုတာဝန်ကို ကျော်လွန်၍ ကျင့်လျှင်ကား လူ့စည်းကမ်းကိုကျော်၍ မလျော်မလျောက်ပတ်သူ အိုးအိမ်ကို ကျော်နင်းသူဖြစ်၍ လောကပြစ် သံသရာပြစ်ကိုခံကြရမည်မှာ သေချာလှပေသည်။ ထို့ကြောင့် အိုးအိမ်ကို မကျော်နင်း မဖျက်ဆီးဘဲ လောကကြီး၏ ကျက်သရေရှင်အဖြစ်ဖြင့် လောကကြီးကို အလှဆင်နိုင်ကြပါစေသတည်း။

## ပေါင်းသင်းဆက်ဆံရေး

သစ္စာမှန်မှ သတိပြုလော့...

လူတိုင်းလူတိုင်းသည် မိမိတစ်ဦးတည်း နေလို့မရ။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် တိုးဝင်လှုပ်ရှား၍ စီးပွားဥစ္စာကို ရှာရ

သည်။ မိမိမယား သားနှင့် အိမ်သူအိမ်သားတို့ စားဝတ်နေရေး ကို ဖြည့်ဆည်းရသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် အဆင်ပြေပြေ ဆက်ဆံကြရလေသည်။ ပတ်ဝန်းကျင်နှင့် အဆင်ပြေပြေ ဆက်ဆံနိုင်မှသာ မိမိလိုလားသော စီးပွားဥစ္စာကိုရရှိ၍ မိမိနှင့် အိမ်သူအိမ်သားတို့ စားဝတ်နေရေးမှာလည်း အဆင်ပြေ၍ လာနိုင်ပေလိမ့်မည်။

လူ့ပတ်ဝန်းကျင်ကလည်း သစ္စာမှန်ကန်သူ ကတိတည်သူကိုသာ ယုံယုံကြည်ကြည်နှင့် ဆက်ဆံပေလိမ့်မည်။ ရိုးဖြောင့်တည်ကြည်သူကိုသာ ချီးမြှောက်ထောက်ပံ့ပေလိမ့်မည်။ သစ္စာမရှိသူ ကတိပျက်သူတို့အား ဆက်ဆံလိုကြမည်မဟုတ်၊ ထောက်ပံ့ပေးကမ်းချင်လိမ့်မည်မဟုတ်၊ ပေါင်းသင်းဆက်ဆံချင်ကြမည် မဟုတ်ပေ။ လောကတွင် လူသတ်သမားများ၊ ခိုးသားဓားပြကြီးများပင်ဖြစ်စေ အကြောင်းအားလျော်စွာ ဆက်ဆံ၍ရသေးသည်။ 'သမဏေန သမဏော, ဂေါဏေန ဂေါဏော' ဆိုသလို စိတ်တူသဘောတူက ယင်းလူသတ်ခိုးသားကြီးများနှင့် ဆက်ဆံရန် ဝန်မလေးချေ။ သို့သော် လူလိမ် လူလောက်ကိုကား မည်သို့မျှ ဆက်ဆံ၍မဖြစ်ချေ။ လူသတ် ခိုးသားတို့သည် အချင်းချင်း သစ္စာရှိ၍ ဆက်ဆံနိုင်ကြသည်။ လူလိမ်လူကောက်သည် မည်သူ့အပေါ်မှာမှ သစ္စာမရှိ၍ ယင်းအား ဆက်ဆံ၍မဖြစ်သဖြင့် ကြာသော် မိဘကပင် မယုံကြည်နိုင်သောကြောင့် စွန့်ပစ်ကြရသည်အထိ ဖြစ်ရလေသည်။

ယင်းသို့သစ္စာတရားမရှိရာမှ အိုးအိမ်တည်တံ့ရေးလည်း

ပျက်ပြား၊ စီးပွားဥစ္စာလည်း ယွင်းပျက်သဖြင့် အသက်မွေးမှုပင် ခက်ခဲလာလေတော့သည်။ ကြာသော် လူ့အသိုင်းအဝိုင်း၏ ဖယ်ကြဉ်မှုကို ခံရသဖြင့် "ရွာမှထွက်လေ၊ တောမှာသေသည်၊ ကောင်လေလင်းတကျ၏တည်း"ဟူသော သေရွှေးသားကဲ့သို့ နောက်ဆုံးတွင် ဘဝပျက်စီးခြင်းသို့ ရောက်ရလေတော့သည်။ သို့ဖြစ်၍ အသက်၏တည်ရာ စည်းစိမ်ရရှိရေး အိုးအိမ်ခိုင်မြဲမှု တို့အတွက် မှန်ကန်မှုသစ္စာတရားသည် အရေးကြီးလှပေရာ သစ္စာတည်ရေးအတွက် "မုသာ"ဟူသော မှားယွင်းချွတ်ချော် မတော်လှည့်စား လှည့်ဖြားလိမ်လည်မှု မုသာဝါဒကို အမြဲ ရှောင်ကြဉ်ရန် လိုအပ်လှပေရာ "မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟူသော စတုတ္ထမြောက်ကျင့်ဝတ်စည်းကမ်း ထုံးတမ်း ဥပဒေတော်ကြီးမှာ လူလောကတွင် ပေါ်ပေါက်ရပေ တော့သည်။

ပါဏာတိပါတ, အဒိန္နာဒါနနှင့် ကာမေသုမိစ္ဆာစာရ ဟူသော ရှေ့သုံးပါး ကျင့်ဝတ်တရားများမှာ ကာယကံသုံးပါး ကာယဒုစရိုက် တရားများ၌ အကျုံးဝင်၍ ဤမုသာဝါဒသိက္ခာပဒ ဥပဒေသတရားမှာ ဝစီကံလေးပါးတွင် ပါဝင်သည်။ ဝစီကံ ဝစီဒုစရိုက်မှာ ၄ ပါးရှိရာ ဤမုသာဝါဒမှာ ပဓာနခေါင်းချုပ် အရေးကြီးဆုံးသော သိက္ခာပုဒ်ကြီးဖြစ်သည်။ ဤမုသာဝါဒ လုံခြုံသွားလျှင် ကျန်သော ယုတ်ညံ့သိမ်ဖျင်းသော ပြောဆိုမှု၊ ကုန်းစကားဆိုမှုနှင့် ဆဲရေးတိုင်းထွာ အယုတ်တမာဆိုမှုတို့မှာ အလိုလိုပါးလျားပျောက်ကွယ်၍ သွားနိုင်ပေသည်။

ပဉ္စသိက္ခာပဒ ဟူသော ငါးပါးသီလတွင်လည်း ဤမုသာဝါဒသည် အပေါ့ဆုံး အဖြစ်လွယ်ဆုံး သိက္ခာပုဒ်ပင်ဖြစ်ရာ၊ ဤမုသာဝါဒ သိက္ခာပုဒ်တစ်ပါးလုံခြုံလျှင်ပင် အခြားသိက္ခာပုဒ်များကိုလည်း စောင့်ထိန်းရန် လွယ်ကူပေတော့သည်။ ဘုရားအလောင်းတော်သည် အခြားသိက္ခာပုဒ်တို့ထက် ဤမုသာဝါဒ သိက္ခာပုဒ်ကို အတတ်နိုင်ဆုံး စောင့်ရှောက်ခဲ့သည်။ ယုတ်စွအဆုံး လူ သတ်ခိုးသားဘဝသို့ရောက်နေလင့်ကစား ဤမုသာဝါဒ သိက္ခာပုဒ်ကို မကျိုးမပေါက်အောင် စောင့်ရှောက်ခဲ့သည်ဟု ဆိုပေသည်။ ထို့ကြောင့်ပင် ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ လောကသုံးပါး သတ္တဝါအများတို့၌ တရားဒေသနာ လမ်းညွှန်ရာတို့၌ ဩဇာအာဏာလွန်စွာ ကြီးမားတော်မူလေသည်။

"နှောင်သံသရာ၊ အကျိုးငှာဟု၊ ကောင်းစွာ စောင့်ရှောက်၊ မကောက်မယိမ်း၊ မတိမ်းမပါး၊ မမှားစဉ်းငယ်၊ မကွယ် မထောင့်၊ မြားနှယ်ဖြောင့်လော့"

## ယဉ်ကျေးမှု

"အသက် စည်းစိမ် အိုးအိမ်ဆက်ဆံ ယဉ်ကျေးရန် ငါးတန်အကျင့်များ"ဟူသော ငါးပါးသီလသမိုင်းအစ ငါးဝသော ဥပဒေတို့တွင် ယခု ငါးပါးမြောက် ယဉ်ကျေးမှုအကြောင်းကို ဖော်ပြရမည်ဖြစ်၏။ ယဉ်ကျေးမှုသည် လူမှုဆက်ဆံရေး၌ လွန်စွာ အရေးကြီးလှ၏။ ယဉ်ကျေးမှုဆိတ်သုဉ်းနေသူ တစ်ဦးအဖို့ လူမှုဆက်ဆံရေး ပျက်ပြားရပေတော့မည်။ လူမှုဆက်ဆံရေး ပျက်

ပြားပြီဆိုကလည်း အိုးအိမ်တည်မြဲမှု စည်းစိမ်ခိုင်မာမှုများ ယိုင်လဲ၍ အသက်ဆုံးရှုံးသည်အထိ ရောက်ရှိသွားနိုင်၏။

အထက်ပါအကြောင်းကိုထောက်ရှု၍ ယဉ်ကျေးမှုသည် လူမှုအဆောက်အအုံကြီးတစ်ခုလုံးအတွက် လွန်စွာ အရေးကြီးလှသဖြင့် ကမ္ဘာဦးကာလကပင် လူ့စည်းကမ်းဥပဒေတစ်ရပ်အနေဖြင့် ထားရှိခဲ့ရပေသည်။ ဤသို့ ယဉ်ကျေးမှုထူထောင်ရေးသည် လူတို့အတွက် မရှိမဖြစ် မသိမဖြစ်သဖြင့် ယဉ်ကျေးမှု ထူထောင်ရန် ရိုင်းစိုင်းမှုဟူသမျှတို့ကို ပယ်ရှားရမည်ဖြစ်လေသည်။

လောကတွင် အယဉ်ကျေးဆုံးကိုရလိုလျှင် အရိုင်းစိုင်းဆုံးကို ဖယ်ရှားနိုင်ရမည်ဖြစ်၍ မည်သည်သည် အယဉ်ကျေးဆုံး၊ **မည်သည်**သည် အရိုင်းစိုင်းဆုံးဖြစ်သည်ကိုသိဖို့လိုသည်။ထို့ကြောင့် အယဉ်ကျေးဆုံးကိုရှာလျှင် အရိယာ တရားဓမ္မများကိုတွေ့ရ၏။ ဗုဒ္ဓတရားတော်များမရှိသေးသော ကမ္ဘာဦးအခါတွင် အရိယာ တရားဓမ္မများကို မတွေ့နိုင်သေးသော်လည်း ဗြဟ္မစရိယတရား အကျင့်များ၊ ဗြဟ္မစိုရ်တရားများ၊ သမထဆိုင်ရာ ကျင့်သုံးဖွယ်ရာ တရားများကို တွေ့ရမည် ဖြစ်လေသည်။

ဤသို့ အရိယာတရားဓမ္မဟူသော မဂ်တရား, ဖိုလ်တရားများကိုပင် အယဉ်ကျေးဆုံး တရားများဟုဆိုပါသည်။ ထိုတရားများထက် ယဉ်ကျေးသော တရားများမရှိ၊ ထိုအယဉ်ကျေးဆုံး တရားများမှာ အမွန်မြတ်ဆုံးသော နိဗ္ဗာန်တရားများပင်ဖြစ်သည်။ ထိုတရားများနှင့်ဆန့်ကျင်ဘက်တရားတို့ကား အရိုင်း

အစိုင်းတရားများပင်ဖြစ်သည်။ ယင်းတို့ကား သုရာခေါ် မူးယစ်ဆေးဝါး သေရည်များပင် ဖြစ်သတည်း။

လောကတွင် ရေ၏ဆန့်ကျင်ဘက်သည် မီးဖြစ်သည်။ ရေရှိရာသို့ မီးမလာနိုင်၊ ရေများရာတွင် မီးကိုပစ်ထည့်လိုက်က မီးသေသွားလေသည်။ ထို့အတူ အရိယာတရားရှိရာသို့ အရက်သေစာတို့ မလာရောက်နိုင်၊ အရိယာတရားတို့တွင် အနိမ့်ဆုံးဖြစ်သော သောတာပန်ပုဂ္ဂိုလ်က အရက်နှင့်ရေကို ရော၍တိုက်လျှင် ရေသာဝင်၍ အရက်မဝင်နိုင်၊ ထိုမျှလောက် အရိယာတရားနှင့် အရက်၊ တစ်နည်း–အယဉ်ဆုံးနှင့်အရိုင်းဆုံးတရားနှစ်ခုတို့ ဆန့်ကျင်ဘက်ဖြစ်ပုံပေါ်လွင်သည်။ ယင်းမှာ မဂ္ဂသိဒ္ဓ–မဂ်ဖိုလ်တရားတို့၏ အစွမ်းသတ္တိပြီးမြောက်မှုပင်ဟုဆိုသည်။ ကြိုးကြာရေမသောက်ဟူသော နိယာမအရ ကြိုးကြာငှက်၏ခံတွင်းသို့ ရေနှင့်နို့ရည်ကို ရော၍ထည့်လျှင် နို့ရည်သာဝင်၍ ရေမဝင်ဟူသည်မှာ ကြိုးကြာတို့၏ ယောနိသိဒ္ဓိဟုဆိုလေသည်။ (ဒီဋ္ဌ၊ ၂၇၃)။

ထိုသို့အယဉ်ကျေးဆုံးဖြစ်ရေးအတွက် အရိုင်းစိုင်းဆုံးကို ရှောင်ရှားသွေဖည်ရမည်ဖြစ်သဖြင့် ယဉ်ကျေးမှုဖြစ်လိုလျှင် အရိုင်းဆုံး အရက်(ဝါ) မူးယစ်ဆေးဝါး သေရည်သေရက်ကို ရှောင်ရှားရမည်ဖြစ်သည့်အတိုင်း သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ–ဟူသော ကမ္ဘာဦး ဥပဒေ လူ့ကျင့်ဝတ်သိက္ခာပဒမှာ သဘာဝအလျောက် ပေါ်ပေါက်၍ လာရပေတော့သည်။

ဤသေရည်သေရက်သောက်စားမှုသည် လူ၏ယဉ်ကျေးမှု စိတ်ကို ကွယ်ပျောက်စေသဖြင့် ကာယဒုစရိုက်, ဝစီဒုစရိုက်များ ဖြစ်ပွားရန် အားပေးသကဲ့သို့ဖြစ်၍ သေရည်သောက်စားမှုမှ အစပြု၍ ဒုစရိုက်မှု များပြားလာရလေသည်။ ဒုစရိုက်အစ သေရည်သောက်စားမှုကဟု ဆိုရလောက်အောင် လူ့ဘောင် လောကကြီး၌ ဒုစရိုက်မှုများ ထွေပြားလာအောင် အားပေးသော တရားမှာ သေရည်သောက်စားမှုဖြစ်သဖြင့် လောကတွင် သေရည် အစ မူးယစ်ဆေးအဝဝတို့ ကင်းပကွယ်ပျောက်သွားလျှင် ဒုစရိုက် ကင်း၍ သန့်ရှင်းအေးမြသော လောကလူ့ဘောင်ကြီး ဖြစ်ထွန်း လာပေလိမ့်မည်။

ထို့ကြောင့် ဒုစရိုက်ကင်းစင်ကြည်လင်သော လူ့ဘောင် လောကကြီးကို တွေ့မြင်လိုလျှင် သေရည်အစ အဝဝသော မူးယစ်ဆေးဝါး အရိုင်းအစိုင်းတရားတို့ကို ရှောင်ရှားသွေလှန် တစ်စမကျန်အောင် ရှင်းလင်းပစ်ကြရန် လိုအပ်လှပေသည်။

## ရှစ်ပါးသီလအခန်း

ငါးပါးသီလအကြောင်းကို အတော်အတန် ဖော်ပြ၍ ပြီးလေ ပြီ။ ယင်းငါးပါးသီလသည် ဖော်ပြပါအကြောင်းများကိုထောက်ဆ ၍ သာသနာမရှိသော အချိန်အခါတို့၌လည်း ရှိနေကြောင်းမှာ ထင်ရှားလှပါ၏။ ကမ္ဘာဦးမှစ၍ လူကျင့်တရားအနေဖြင့် တည်ရှိခဲ့ သော ယင်းတရားများမှာ ရံဖန်ရံခါ ကာလဆိုးရွား ပျက်ပြား ကျပ်သတ် ဝိပတ္တိကာလများတွင် ပျောက်ကွယ်လှမတတ် ဖြစ်ရ

တတ်သေးသည်။ ထိုအခါမျိုးတွင် နတ်ကောင်းနတ်မြတ်များ၊ ရသေ့သူမြတ်များ၊ ဘုရားအလောင်း သူတော်ကောင်းများ ရှေ့ဆောင်ရှေ့ရွက်ပြု၍ ငါးပါးသီလကို ဖော်ထုတ်ဆောက်တည် စေလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်များက သင်ကြားပြသ၍ ပေးခဲ့လေသည်။ စကြဝတေးမင်းတို့ကလည်း ဟောကြား ကြလေသည်။ ဤသို့ဖြင့် ငါးပါးသီလသည် သာသနာတွင်း သာသနာပ အခါကာလမရွေး တည်ရှိ၍ နေနိုင်ပေသည်။

သူတော်ကောင်းများ ပေါ်များ၍ ခေတ်ကာလ ကောင်းမွန်သော သမ္ပတ္တိကာလမျိုးတွင် သူတော်ကောင်း သူမြတ်လောင်း တို့၏ ဆန္ဒအလိုအတိုင်း သီလတရားသည်တိုးပွား၍လာလေသည်။ ထိုအခါ ငါးပါးမှ တိုးတက်၍ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ ပေါ်ပေါက်လာလေသည်။ ဤရှစ်ပါး, ဆယ်ပါးသီလ များမှာလည်း ဤနည်းဖြင့် သာသနာပကာလ အချိန်များမှာလည်း ပေါ်ပေါက်၍ လာနိုင်ပေသည်။

လူတို့သည် လောကီစီးပွား ရှာဖွေရာ၌ဖြစ်စေ၊ လောကုတ္တရာ တရား ရှာဖွေရာ၌ဖြစ်စေ တိုးတက်ကြိုးစည်၍ တစ်စထက်တစ်စ တိုးပွားလာရန်သာ ကြိုးစည်လေ့ရှိပေသည်။ လောကီစီးပွားရှာ ကြိုးစည်ရာ၌ ငွေငါးကျပ်ရှိသူသည် ဆထက်တိုး၍ ငွေတစ်ဆယ် ဖြစ်လာရန်၊ ငွေတစ်ဆယ်ရှိသူသည် တစ်ရာဖြစ်လာရန် အစဉ်အမြဲ ကြိုးစည်၍နေသကဲ့သို့ပင် လောကုတ္တရာတရား ရှာရာ၌လည်း သူတော်ကောင်းပုဂ္ဂိုလ်သည် သီလခြောက်ပါး၊ ခုနစ်ပါး၊ ရှစ်ပါး၊

ကိုးပါး စသည်ဖြင့် တစ်စထက်တစ်စ တိုးတက်စောင့်ရှောက်နေထိုင်လိုစိတ် ရှိနေမြဲဖြစ်သည်။

သူတော်ကောင်းပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏သီလကို ဆင်ခြင်စဉ်းစား၍ ငါတို့တွင် သီလဟူသော အမြတ်တရားအနေနှင့် ငါးပါးမျှသာရှိလေသည်။ အလွန်နည်းပါးလေစွ။ အဘယ်သို့လျှင် ငါတို့အား သီလများစွာ တိုးပွား၍လာလေမည်နည်း။ အဘယ်နည်းဖြင့် သီလများစွာ ထိန်းသိမ်းနိုင်အောင် ရှာဖွေရမည်နည်း။ ရဟန်းတော်များ၌ သီလတို့သည် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်တို့ကို စောင့်ရှောက်ကြကုန်၏။ ထိုရဟန်းတော် အရှင်မြတ်တို့သည် အဘယ်သို့လျှင် ထိုသီလကိုရရှိကြကုန်သနည်း။ အဘယ်အကြောင်းဖြင့် ထိုမျှများပြားသော သီလတို့ကို စောင့်ရှောက်နိုင်ကြကုန်သနည်း။

လောကီစီးပွားကို လိုလားသူသည် မိမိတွေ့မြင်ရသော သူဌေးကြီး သူကြွယ်ကြီးတို့ကို အားကျ၍ ၎င်းတို့ကဲ့သို့ ကြီးပွားတိုးတက်လာရန် နည်းလမ်းရှာသကဲ့သို့ ဤသို့ သီလကို တိုးတက်ကျင့်သုံးလိုသော သူတော်ကောင်းပုဂ္ဂိုလ်သည် မိမိဖူးတွေ့နေရသော ရဟန်းတော်များ၊ အရိယာသာဝကများအား အတုယူ့အားကျစိတ်ဖြစ်ပေါ်၍နေပေသည်။ ထို့ကြောင့် ရဟန်းတော်များ၊ အရိယာသာဝကများ၌ရှိနေသည့် ထူးခြားချက်ကို ရှာဖွေလေတော့သည်။ သီလနယ်ပယ်၌ ကျယ်ကျယ်ပြန့်ပြန့် ခြေဆန့်လက်ငင် ခိုဝင်နိုင်ရန် ဝင်ပေါက်ကို ရှာကြံလေတော့သည်။

ထိုအခါ ထူးခြားသော "ဗြဟ္မစရိယ" အကျင့်မြတ်ကို တွေ့ရ လေတော့၏။

'ဗြဟ္မစရိယ'ဟူသည်ကား ကာမဂုဏ်ငါးပါး အာရုံတရားတို့၌ လိုက်စားမွေ့လျော် ပျော်ပါးမြူးထူးခြင်းအလေ့မှ မမွေ့မပါ ရှောင်ခွာပယ်ရှင်း တစ်ကိုယ်ချင်း ကျင့်သုံးမှု 'မြတ်သော အကျင့်တရား' ပင်ဖြစ်သည်။ ရဟန်းတော်များ၊ အရိယာသူတော်ကောင်းများသည် ငါတို့ကဲ့သို့ ကာမဂုဏ်ငါးပါး အယုတ်တရားတို့၌ ပျော်ပါး၍မနေကြဘဲ ကာမဂုဏ်ရှောင်ကွင်း၍ သန့်ရှင်းစွာ ကျင့်သုံးနေထိုင်ကြပေသည်။ ကာမဂုဏ်ရှောင်သော အကျင့်မြတ်ဖြင့် တစ်သက်ပန်လုံး ကျင့်သုံးနေထိုင်ကြပေသည်။ ထိုကာမဂုဏ်ရှောင်လတ် အကျင့်မြတ်ဖြစ်သော "ဗြဟ္မစရိယ" အကျင့်ကို အစပြု၍သာ သီလတော်ပေါင်း ရာပေါင်းများစွာ, ထောင်ပေါင်းများစွာ, ကုဋေပေါင်းများစွာကို ကျင့်သုံးနိုင်ကြပေသည်။ သီလတည်းဟူသော နယ်ပယ်၌ ကျယ်ကျယ်ပြန့်ပြန့် သန့်သန့်ရှင်းရှင်း နေနိုင်ခြင်း၏အစမှာ ဤဗြဟ္မစရိယ အကျင့်မြတ်ကြီးပင်ဖြစ်ပါလေသည်တကား။

သီလများစွာကို တိုးတက်ကျင့်သုံးလိုသော သူတော်စင်ပုဂ္ဂိုလ်သည် သီလနယ်ပယ်၏ ဝင်ပေါက်ဖြစ်သည့် တစ်ခုတည်းသော တရားတော်မြတ်ဖြစ်သော ဗြဟ္မစရိယ အကျင့်မြတ်ကို မြင်တွေ့ရသည်နှင့်တစ်ပြိုင်နက် ဆိုင်းငံ့ရှောင်ဖယ်၍ မနေတော့ဘဲ ဗြဟ္မစရိယ အကျင့်မြတ်ကို ဆောက်တည်ခံယူလိုက်တော့သည်။ မိမိနေ့စဉ်ခံယူလေ့ရှိသော ပဥ္စသီလမှ "ကာမေသုမိစ္ဆာစာရာ

ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ” ဟူသော သိက္ခာပုဒ်နေရာ၌ “အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ” ဟူသော ဗြဟ္မစရိယအကျင့်ကိုခံယူသည့် သိက္ခာပုဒ်နှင့် အစားထိုးလိုက်လေတော့သည်။

ပဉ္စသီလ၌ရှိသော ကာမေသုမိစ္ဆာစာရာသိက္ခာပုဒ်မှာ မိမိ၏ တရားဝင် ဇနီးခင်ပွန်းတို့နှင့် ကာမဂုဏ် မေထုန်မှုများကို ခံစားမြူးပျော်ခွင့်ရှိသေး၏။ ကာမတို့၌ မှားယွင်းစွာကျင့်မှုတို့ကိုသာ ဖယ်ရှားရှောင်ကြဉ်လေသည်။ ယခု ခံယူလိုက်သော ဗြဟ္မစရိယ အကျင့်မြတ်ဖြစ်သော “အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ”ကား ကာမဂုဏ် မေထုန်မှု ဟူသမျှ မြူမျှမသီရအောင် ရှောင်ကြဉ်ရသော အကျင့်မြတ်ကြီးပင် ဖြစ်ပေတော့သည်။

## တံတိုင်းသုံးထပ်–ကာရံအပ်

ဗြဟ္မစရိယ အကျင့်မြတ်ကြီးကို ခံယူဆောက်တည်၍ ထားပြီလေပြီ။ ထိုအကျင့်မြတ်ကြီးသည်ကား အလွန်ပင် သိမ်မွေ့လှပေ၏။ ယင်းအကျင့်မြတ်ကြီးကို ခိုင်မြဲရန်အတွက် ကာမဂုဏ် အာရုံများ မြူမှုန်လောက်မျှ မဆက်ဆံမှဖြစ်မည်။ အကျင့်မြတ်ကြီးခိုင်မြဲရန် အဘက်ဘက်က ကာကွယ်မှုပေးရပေမည်။ မိမိသည် ကာမေသုမိစ္ဆာစာရာ ဟူသော သိက္ခာပုဒ် တဲငယ်ကလေးကို ဖျက်သိမ်း၍ ယင်း၏နေရာတွင် အဗြဟ္မစရိယာ စသော သိက္ခာပုဒ်ဖြင့် ဗြဟ္မစရိယ တိုက်အိမ်ကြီးကို ဆောက်လုပ်ပြီးပြီ။ ဤ တိုက်အိမ်ကြီးခိုင်ခံ့ရန် တံတိုင်းကာဖို့ လိုပေသည်။ ဗြဟ္မစရိယ

သိက္ခာပုဒ်တိုက်ကြီး၏ တံတိုင်းကား အဘယ်နည်း။ ဤတိုက်တာကြီးကို ဖျက်ဆီးကြမည့် ရန်သူများကား ဘယ်သူများနည်း။

ဗြဟ္မစရိယသိက္ခာပုဒ်ကြီး၏ အနီးကပ်ရန်သူကား ညစာစားမှုပင်ဖြစ်လေသည်။ ညစာစားမှုသည် ၊ အင်အားပြည့်ဝ၍ သွေးသားတက်ကြွမှုကိုဖြစ်စေ၏။ ညစာစားမှုသည် ဗြဟ္မစရိယသိက္ခာပုဒ်ကြီး၏ ရန်သူဖြစ်သော ကာမဂုဏ်ငါးပါး အာရုံတရားတို့ကို လိုက်စားလိုစိတ် ယိုဖိတ်ကြရန် ဖန်တီးပေးသူဖြစ်၏။ ထို့ကြောင့် ဗြဟ္မစရိယ၏ ရန်သူကား "ညစာ"ဟူသော ဝိကာလဘောဇနာကိစ္စပင်ဖြစ်လေသည်။ ယင်းကို လုံးဝဖယ်ရှားလိုက်မှသာ ငါဆောက်တည်ထားသော ဗြဟ္မစရိယ သီလ အကျင့်တော်မြတ်ကြီး ခိုင်မာပေတော့မည်။ ရဟန်းတော်များ၊ အရိယာသူတော်စင်များသည်လည်း ဤညစာစားမှုကို လုံးဝမပြုဘဲ ရှောင်လွှဲနေတော်မူကြပေသည်။ ထို့ကြောင့် ငါလည်း ဤညစာစားမှုကို ရှောင်ကြဉ်သော သိက္ခာပုဒ်တစ်ခုကို ဆောက်တည်ပေတော့အံ့။ ငါ၏ ဗြဟ္မစရိယ တိုက်အိမ်ကြီးကို ဝိကာလဘောဇနေသိက္ခာပုဒ် တံတိုင်းကြီးဖြင့် ကာရံထားပေတော့အံ့။

ဤသို့ ဆင်ခြင်စဉ်းစား၍ ဗြဟ္မစရိယ သိက္ခာရှင် သူတော်စင် ပုဂ္ဂိုလ်သည် ဗြဟ္မစရိယ ပဥ္စသီလမှသည်–ဝိကာလဘောဇနေ ဆဋ္ဌသီလအနေဖြင့် သိက္ခာပုဒ်တစ်ခုကို တိုးတက်၍ ဆောက်တည်လိုက်လေသည်။ ထိုသိက္ခာပုဒ်ကား ခြောက်ပါးမြောက် သိက္ခာပုဒ်ဖြစ်သော "ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ

သမာဒိယာမိ”ဟူသော သိက္ခာပုဒ်တော်ကြီးပင် ဖြစ်ပါလေသတည်း။

ထိုသိက္ခာပုဒ်တော်ကြီးဖြင့် ဗြဟ္မစရိယ သီလတော်ကြီးသည် အတော်အတန်လုံခြုံ၍သွားပေသည်။ သို့သော် စိတ်ချရပါပြီလား။ နောက်ထပ် တံတိုင်း မကာဘဲ လုံခြုံ၍သွားပါပြီလား၊ စိတ်မချရသေးချေ။ မလုံခြုံသေးချေ။ ရန်သူများရှိပါသေး၏။ နောက်ထပ် တံတိုင်းကာရန် လိုပါသေး၏။

ပတ်ဝန်းကျင်တွင် ပွဲလမ်းသဘင်တို့သည် ပျော်ရွှင်ဖွယ်အတိ ဖန်တီး၍နေကြသည်။ ကခုန်ပျော်ရွှင်၍ မပျော်ချင် ပျော်ချင်အောင် ဆွဲဆောင်လျက် ကာမဂုဏ်ဘောင်အတွင်းသို့ ခေါ်သွင်း၍နေပေသည်။ သံချိုနွဲ့ပျောင်း ငြိမ့်ညောင်းသော သီဆိုတီးမှုတ်မှုတို့ကလည်း ယခုပင် ကာမဂုဏ်နယ်အတွင်းသို့ ခေါ်သွင်းဆွဲဆောင်၍နေပေသည်။ ယင်းတို့ကို ကိုယ်တိုင်ပြုခြင်းသာမဟုတ်သေး၊ ကြည့်ရှုမှု နားထောင်မှုတို့ကပင် ယင်းတို့ဘက်သို့ပါလျက် ကာမနယ်ကြောသို့ မျောပါချင်အောင် ပြု၍နေကြပါသည်။ ထို့ကြောင့် ယင်းတို့ကို ရှောင်ကြဉ်ဦးမှ၊ ယင်းတို့နှင့်မနီးစပ်မှသာ ငါ ကျင့်သုံးထားသော ဗြဟ္မစရိယ အကျင့်မြတ်ကြီး တည်တံ့ခိုင်မြဲစရာရှိတော့သည်။ ထို့ကြောင့် ဝိကာလဘောဇနာ တံတိုင်းတစ်ခုဖြင့် မလုံခြုံသေး။ ဤ နစ္စ ဂီတဝါဒိတ အမှုကို မရှုမမြင် ရှောင်ကြဉ်မှု တံတိုင်းတစ်ခု ထပ်၍ကာဦးမှသာ ဖြစ်ပေတော့မည်ဟု ကြံစည်ကာ “နစ္စ ဂီတ

ဝါဒိတ ဝိသုက ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ” ဟူသော တံတိုင်းတစ်ရပ်ကို ထပ်၍ ကာရံလိုက်ပြန်သေးသည်။

ထို့ပြင်လည်း လူ့ခွင်လောကဒ္ဓနေထိုင်သူ ယောကျ်ားမိန်းမ အဝဝသော လောကီနယ်သားတို့သည် မိမိခန္ဓာကိုယ်ကို လှပအောင် တန်ဆာဆင်ကြမြဲဖြစ်ပေသည်။ နေ့စဉ် ပန်းနံ့သာတို့ဖြင့် ကိုယ်ကို လိမ်းကျံ၍ လှပရန်၊ မွှေးကြိုင်ရန် ဖန်တီးကြရသည်။ အဝတ်တန်ဆာ အဆင်ဒွါဒရာ အမျိုးမျိုးတို့ဖြင့် မရိုးအောင် မအီအောင် နေ့စဉ် ထည့်လဲဝတ်ဆင်၍နေကြရသည်။ ဤသည်တို့ကလည်း ဗြဟ္မစရိယသိက္ခာပုဒ်တော်မြတ်ကြီး ပျက်စီးယိုင်လဲရန် ဖန်တီး၍နေပေသည်။ ပန်းနံ့သာ အမွှေးအကြိုင် အပြိုင်အဆိုင်ဝတ်စားဆင်ယင်မှုတို့ဖြင့် ကာမဂုဏ်အာရုံကို ပွားများစေပြီး မြတ်သောအကျင့်တော်ကြီးကို ဖျက်ဆီး၍နေပေသည်။ ထို့ကြောင့် ၎င်း ပန်းပန်ဆင်မှု၊ အမွှေးအထုံ လိမ်းကျံခြယ်လှယ်မှု၊ လှပဆန်းပြား တရားလွန် ဆင်ယင်ထုံးဖွဲ့မှုတို့ကိုလည်း ရှောင်ကြဉ်ရန်လိုပေသည်။ ယင်းတို့ကို ရှောင်ကြဉ်မှု တံတိုင်းကြီးဖြင့်လည်း ဗြဟ္မစရိယ ဘိုက်အိမ်ကြီးကို လုံခြုံစေရန် သင့်ပေသည်ဟု စဉ်းစားတွေးခေါ်၍ “မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ” ဟူသော သိက္ခာပုဒ်ကြီးကို မြွက်ဆိုအဓိဋ္ဌာန်ကာ တံတိုင်းတစ်ထပ် ကာလိုက်ပြန်လေသည်။ သို့သော် ရှစ်ပါးသီလတွင်ကား ပျော်ရွှင်မြူးထူးလွန်ကျူးမှုကို ရှောင်ခွာသော စေတနာချင်းတူသဖြင့် နှစ်ခုကို တစ်ခုတည်းပေါင်းလျက် “နစ္စ ဂီတ ဝါဒိတ ဝိသုက

ဒသဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ"ဟု တစ်ဆက်တည်းဆို၍ ဆောက်တည်ရလေသည်။ ဤသို့ဖြင့် သတ္တမြောက် သိက္ခာပုဒ် တော်ကြီး ပေါ်ပေါက်၍ လာခဲ့ပေတော့သည်။

## ဥစ္စာသယန မဟာသယန

ဤမျှဖြင့်လုံလောက်ပါပြီလော၊ ဗြဟ္မစရိယအကျင့်ကြီး၌ ဘေးရန်အန္တရာယ် ကင်းကွာသွားပါပြီလော၊ မလုံလောက်သေး ပါ။ ကြောက်မက်ဖွယ်ကောင်းသော ဘေးရန်အန္တရာယ်ရှိနေပါ သေးသည်။ ယခင် ကာရံထားသော တံတိုင်းနှစ်ထပ်ကို ခုန်လွှား၍ ဗြဟ္မစရိယ အကျင့်တရားတော်မြတ်ကို အပြတ်အသတ်ချေမှုန်း နိုင်သော ရန်သူတစ်ဦးရှိပါသေး၏။ ၎င်းကား အိပ်စက်ရာ၌ နူးညံ့ညက်ညောသော အိပ်ရာနေရာများ၊ မြင့်သောနေရာ၊ မြတ်သောနေရာများပင် ဖြစ်ပါလေ၏။

ပါဠိဘာသာအားဖြင့် ဥစ္စာသယနနှင့် မဟာသယနဟု နှစ်မျိုးရှိရာတွင် ဥစ္စာသယနမှာ မြင့်သောနေရာဖြစ်သည်။ တစ်ထောင့်ထွာထက် ပို၍မြင့်သော သလွန်ညောင်စောင်းပလ္လင် သဏ္ဌာလီနေရာမျိုးများဖြစ်၍ ဘုရင်မင်းများ၊ ဓမ္မကထာဒေသနာ ဟောပြောသော ဓမ္မကထိက ရဟန်းသံဃာတော်များနှင့်သာ သက်ဆိုင်သော နေရာမျိုးကို ဥစ္စာသယနဟု အကြမ်းအားဖြင့် ခေါ်ဆိုရ၏။ မဟာသယနမှာ တစ်ထောင့်ထွာထက် မမြင့်သော် လည်း လဲမို့ဝါဂွမ်းစသော နူးညံ့ညက်ညောသောအခင်းများ

ခင်းထားသည့် အိပ်ရာနေရာမျိုး၊ ရဟန်းသံဃာများအတွက် ခင်းထားသောနေရာမျိုးကိုဆိုရလေသည်။ ဤသည်မှာ အကြမ်းအားဖြင့် မှတ်သားရန်ဖြစ်၍ ကျမ်းဂန်များ၌ ဥစ္စာသယနနှင့် မဟာသယနကို အသေးစိတ် ကျယ်ကျယ်ဝန်းဝန်း ဖွင့်ဆိုထားသည်။ ဤခေတ်အသုံးအဆောင်များ မဟုတ်၍ နားလည်ရန် ခက်ပေသည်။

ထိုနေရာမျိုးများမှ ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးသော ပုဂ္ဂိုလ်များနှင့် လုံးဝမ[illegible]ာ၏ ထည်ဝါမှု၊ အိစက်ညက်ညောမှုတို့က ကိလေသာစ်တဲတို့ကို နိုးထတက်ကြွ၍လာစေသဖြင့် ဗြဟ္မစရိယသိက္ခာပုဒ်ကို ခံယူထားသူ၊ သီလဆောက်တည်ထားသူ၊ အကျင့်မြတ်ကို ကျင့်သုံးသူ သမ္မာနွယ်ဝင်သူတော်စင်တို့ ရှောင်ကြဉ်ဖယ်ခွာ မတွယ်တာသင့်သော အိပ်ရာနေရာမျိုးများပင် ဖြစ်ပေသည်။ ထို့ကြောင့် ဗြဟ္မစရိယ–သီလတည်းဟူသော တိုက်အိမ်ကြီး၏ လုံခြုံရေးအတွက် "ဥစ္စာသယန မဟာသယန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟူသော တတိယတံတိုင်းကြီးကို ထပ်မံကာကွယ်ရလေတော့သည်။

မူလ ငါးပါး ဗြဟ္မစရိယ ပဉ္စမသီလတွင် ဝိကာလဘောဇနာစသော ဖော်ပြပါ သီလသုံးပါးဖြည့်စွက်၍ ဗြဟ္မစရိယ တိုက်အိမ်ကြီးကို တံတိုင်းသုံးထပ် ကာရံထားသည့်ပမာ ထူးမြတ်စွာသော သီလကို ရှစ်ပါးသီလဟူ၍ခေါ်ဆိုလျက် ယင်းရှစ်ပါးသီလကိုပင် ဥပေါသထသီလ–ဥပုသ်သီလဟု အထူးပြု၍ ခေါ်ဆိုရပေသည်။ ဥပုသ်ဟူသည်မှာ ဥပဝါသ–ကျင့်သုံးခြင်း၊ ပြည့်စုံစေ၍နေခြင်းဖြစ်၍

သိက္ခာပုဒ်ရှစ်ပါးကို အထူးအားထုတ်၍ ပြည့်စုံအောင် ကျင့်သုံးနေထိုင်ခြင်းဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဗြဟ္မစရိယအကျင့်မြတ်ကြီး ခိုင်ခံ့စေရန်အတွက် ညစာမစားဘဲ၊ ကခုန်သီဆိုမှုမပြုမကျင့် မကြည့်မရှုဘဲ၊ ပန်းနံ့သာ မပန်ဆင်ဘဲ၊ မြင့်သောနေရာ၊ မြတ်သောနေရာတို့တွင် နေထိုင်အိပ်စက်မှုမပြုဘဲ အထူးအားထုတ်ကျင့်သုံးနေထိုင်ရသည့် အဓိပ္ပာယ်ပင် ဖြစ်ပေသည်။

ရှစ်ပါးသီလကို ဥပုသ်သီလဟု အထူးဆိုရာ၌ ကျင့်သုံးခြင်း၊ ကျင့်သုံးရသော သီလဟူသော အဓိပ္ပာယ်များအပြင် ကျင့်သုံးရာနေ့ဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်လေရာ ငါးပါးသီလကဲ့သို့ နေ့စဉ်စောင့်ရှောက်ကျင့်သုံးရသော နိစ္စသီလကဲ့သို့မဟုတ်၊ အနည်းဆုံး တစ်လလျှင် လေးသီတင်း သီးသန့်ကျင့်သုံးရခြင်းကိုဆိုလိုသည်။ ဤရှစ်ပါးသီလတွင် အိမ်ထောင်သည်ဖြစ်သော လူပုဂ္ဂိုလ်တို့အဖို့ အမြဲကျင့်သုံးရန် မလွယ်ကူသောဗြဟ္မစရိယတရားမြတ်ကြီးပါဝင်၍ လူ့လောက၏ ထုံးစံလိုဖြစ်နေသော နေလွဲညစာ စားသောက်ခြင်း၊ ပျော်ပျော်ပါးပါး နေထိုင်ကျင့်သုံးမှုဖြစ်သည့် နစ္စ ဂီတ စသောသိက္ခာပုဒ်၊ ဥစ္စာသယနစသော သိက္ခာပုဒ်များပါဝင်သဖြင့် လူတို့ အစဉ်ကျင့်သုံးနေရန်ခဲယဉ်းလှပေသည်။ ထို့ကြောင့် ဥပုသ်နေ့ဟူသော နေ့အထူး၌ကျင့်သုံးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဤရှစ်ပါးသီလကိုဥပေါသထသီလဟူ၍ ဆိုပေသည်။

ထို့ကြောင့် ဥပုသ်စောင့်ကြမည့် ဗုဒ္ဓဘာသာ သမ္မာန္တယ်ဝင် သူတော်စင်တို့သည် ယနေ့ ဥပုသ်နေ့၌ ဥပုသ်သီလကို

စောင့်သုံးဆောက်တည်ကြတော့မည်ဆိုလျှင် ပထမတစ်နေ့ ဖြစ်သော အဖိတ်နေ့ကပင် ကြိုတင်ပြင်ဆင်၍ ဤနေ့နံနက် စောစော အိပ်ရာမှထ၍ ကျောင်းသို့စောစောမသွားနိုင်သေးလျှင် မျက်နှာသစ်ပြီးစမှာပင် မိမိအိမ်ရှိဘုရားရှေ့၌ ဤရှစ်ပါးသီလကို ကိုယ်တိုင်ဆို၍ ဆောက်တည်ပါ။ ထို့နောက်မှ လုပ်ဆောင်ဖွယ် စီစဉ်ဖွယ်ရှိသမျှ စီစဉ်၍ လှူဒါန်းဖွယ် ပစ္စည်းများကို ထည့်သို ယူဆောင်လျက် ကျောင်းသို့သွားကာ ဒါနဝတ္တုများကိုလှူဒါန်း၍ အများနှင့်စုပေါင်းလျက် သီလယူ သင့်ပေသည်။ အများနှင့်အတူ သီလယူရသော် နေမြင့်မှ သီလခံယူရမည်ဖြစ်၍ပင် ဤသို့ နံနက်စောစောက အိမ်တွင် သီလခံယူခဲ့ခြင်း ဖြစ်ပေသည်။

ထို့ပြင် ကျောင်းကန်ဘုရားသို့ သွားရောက်ခြင်း၊ ဥပုသ် သီလ ခံယူမည်ဖြစ်ခြင်းတို့ကြောင့် ဝတ်စားတန်ဆာဆင်ရာမှာ လည်း ရိုးသား၍ ဣန္ဒြေရသော ဝတ်စားတန်ဆာ ဆင်ယင်မှု ကိုသာ ပြုသင့်ပေသည်။ အလွန်လှပစွာ ဝတ်ဆင်ခြင်း၊ မလုံမခြုံ ဝတ်ဆင်ခြင်း၊ လျှပ်ပေါ်လော်လည်သော ဆန်းဆန်းပြားပြား အရောင်အသွေးတို့ကို ရှောင်ကြဉ်၍ မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ် ပဝါတင်၍ သွားခြင်းသာ သင့်လျော်ကြောင်း၊ အမျိုးသားတို့မှာ လည်း အင်္ကျီလက်တိုလက်ပြတ် စသည်ဖြစ်ကတတ်ဆန်း မသွားဘဲ အပေါ်အင်္ကျီဖြင့် လေးစားအပ်သော ပွဲနေပွဲထိုင် သွားသကဲ့သို့ လေးလေးစားစား ဝတ်စားဆင်၍ သွားသင့်ကြောင်း သတိပြုရ ပေမည်။

သိက္ခာပုဒ်ရှစ်ပါးကို အထူးအားထုတ်၍ ပြည့်စုံအောင် ကျင့်သုံးနေထိုင်ခြင်းဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဗြဟ္မစရိယအကျင့်မြတ်ကြီး ခိုင်ခံ့စေရန်အတွက် ညစာမစားဘဲ၊ ကခုန်သီဆိုမှုမပြုမကျင့် မကြည့်မရှုဘဲ၊ ပန်းနံ့သာ မပန်ဆင်ဘဲ၊ မြင့်သောနေရာ၊ မြတ်သောနေရာတို့တွင် နေထိုင်အိပ်စက်မှုမပြုဘဲ အထူးအားထုတ်ကျင့်သုံးနေထိုင်ရသည့် အဓိပ္ပာယ်ပင် ဖြစ်ပေသည်။

ရှစ်ပါးသီလကို ဥပုသ်သီလဟု အထူးဆိုရာ၌ ကျင့်သုံးခြင်း၊ ကျင့်သုံးရသော သီလဟူသော အဓိပ္ပာယ်များအပြင် ကျင့်သုံးရာနေ့ဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်လေရာ ငါးပါးသီလကဲ့သို့ နေ့စဉ်စောင့်ရှောက်ကျင့်သုံးရသော နိစ္စသီလကဲ့သို့ မဟုတ်၊ အနည်းဆုံး တစ်လလျှင် လေးသီတင်း သီးသန့်ကျင့်သုံးရခြင်းကိုဆိုလိုသည်။ ဤရှစ်ပါးသီလတွင် အိမ်ထောင်သည်ဖြစ်သော လူပုဂ္ဂိုလ်တို့အဖို့ အမြဲကျင့်သုံးရန် မလွယ်ကူသော ဗြဟ္မစရိယတရားမြတ်ကြီးပါဝင်၍ လူ့လောက၏ ထုံးစံလိုဖြစ်နေသော နေလွဲညစာ စားသောက်ခြင်း၊ ပျော်ပျော်ပါးပါး နေထိုင်ကျင့်သုံးမှုဖြစ်သည့် နစ္စ ဂီတ စသောသိက္ခာပုဒ်၊ ဥစ္စာသယန စသော သိက္ခာပုဒ်များပါဝင်သဖြင့် လူတို့ အစဉ်ကျင့်သုံးနေရန် ခဲယဉ်းလှပေသည်။ ထို့ကြောင့် ဥပုသ်နေ့ဟူသော နေ့အထူး၌ ကျင့်သုံးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဤရှစ်ပါးသီလကို ဥပေါသထသီလဟူ၍ ဆိုပေသည်။

ထို့ကြောင့် ဥပုသ်စောင့်ကြမည့် ဗုဒ္ဓဘာသာ သမ္မာန္တယ်ဝင် သူတော်စင်တို့သည် ယနေ့ ဥပုသ်နေ့၌ ဥပုသ်သီလကို

ဟောတော်မူလိုရင်း အဓိပ္ပာယ်ချုပ်မှာ ရိုးရိုးရှစ်ပါးသီလကို ဆောက်တည်ပြီးလျှင် မေတ္တာဘာဝနာ ပွားများရမည်ဟု ဟောတော်မူလိုရင်းဖြစ်သည်။ ရှစ်ပါးသီလကိုလုံခြုံအောင် ထိန်းစောင့်၍ မေတ္တာတရားကို ပွားများနေလျှင် ထိုသူသည် နဝင်္ဂဥပုသ်(ကိုးပါးသီလ)ကို ကျင့်သုံးနေသူဖြစ်တော့၏။ မေတ္တာဟူသည် ဘာဝနာဖြစ်၏။ သီလဆောက်တည်ဖွယ်ဖြစ်၏။ ဘာဝနာဟူသည် မပြတ်ပွားများရသောတရားမျိုးဖြစ်၏။ သို့ဖြစ်၍ နဝင်္ဂဥပုသ်(ကိုးပါးသီလ)ကို ကျင့်သုံးလိုသောပုဂ္ဂိုလ်သည် မေတ္တာအတွက် သိက္ခာပုဒ်တစ်ခု ပြုလုပ်ဆောက်တည်ရန်မလို၊ ရိုးရိုးရှစ်ပါးသီလခံယူပြီးနောက် မေတ္တာတရားကို စွမ်းဆောင်နိုင်သမျှပွားများအားထုတ်နေလျှင် အင်္ဂါကိုးပါးရှိသော နဝင်္ဂဥပုသ်ကို ကျင့်သုံးသည်မည်ကြောင်း ကောင်းစွာ မှတ်ယူအပ်၏။

ထိုနဝင်္ဂဥပုသ်(ကိုးပါးသီလ)ကို ဟောတော်မူရာ မေတ္တာနှင့်ပတ်သက်၍ ဇော်ဒိသံ–ဟူသော စကားကိုထည့်သွင်း ဟောတော်မူသဖြင့် မေတ္တာပွားများခြင်းထက် အရပ်မျက်နှာကိုမှတ်၍ ပွားများခြင်းက သာလွန်ထိရောက်မည်ဖြစ်သည့်အတွက် အရပ်ဆယ်မျက်နှာကို မေတ္တာပွားများလိုသောအခါ မိမိ၏ လိုသောအရပ်မျက်နှာမှစ၍ တစ်ရပ်စီတစ်ရပ်စီ ဆယ်မျက်နှာပြည့်စုံအောင် သတ်မှတ်အာရုံပြုကာ ပွားများသင့်ကြောင်း အထူးမှတ်ရာ၏ဟု ဆိုထားပေသည်။

သို့သော် ကိုးပါးသီလကို ဥပုသ်သီလပြုလုပ်၍ ဆောက်တည်နေကြရာ၌ ဤခေတ်တွင် ဤမေတ္တာကိုပင် ရှေးသိက္ခာပုဒ်

များကဲ့သို့ "သမာဒိယာမိ"ဟူသော ခံယူတည်ဆောက်မှုဖြင့် ဆို၍နေကြသည်ကို နေရာတကာ၌ပင် ပြုလုပ်နေကြသည်ကို တွေ့ရ၏။ ဤသို့ခံယူဆောက်တည်ရမှ ကျေနပ်နိုင်သူတို့အဖို့ ရှေးဆရာတော်အရှင်မြတ်များက ခံယူဆောက်တည်နိုင်ရန် စီစဉ်ပေးထားခဲ့သည်များရှိခဲ့ပေသည်။ ဤ၌ ကိုးပါးသီလသိက္ခာပုဒ် အနေဖြင့် ခံယူဆောက်တည်လိုပါက ပါဏာတိပါတမှစ၍ ရှစ်ပါး သီလအတိုင်း ခံယူလာပြီးနောက် ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အပြီးတွင်–

၁။ ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာ ဝန္တံ လောကံ ဖရိတွာ ဝိဟရိဿာမိ ဟူ၍ဖြစ်စေ၊

၂။ သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာသဟဂတေန စေတသာ ဖရိတွာ ဝိဟရာမိ–ဟူ၍ဖြစ်စေ၊

၃။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရာမိ ဟူဖြစ်စေ နှစ်သက်ရာ တစ်မျိုး မျိုးကို ဆိုရာ၏။

၁–မှာ စွမ်းအားရှိသမျှ မေတ္တာနှင့်တကွ ဖြစ်သော မေတ္တာစက်ဖြင့် အလုံးစုံသော လောကကို ပျံ့နှံ့စေ၍ နေပါအံ့ ဟူ၍ဖြစ်ပြီး ၂–မှာ သတ္တဝါအားလုံး၌ စွမ်းအားရှိသမျှ မေတ္တာ နှင့်တကွဖြစ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍နေပါ၏ဟုဖြစ်သည်။ ၃–မှာ ဤခေတ်၌ အဆိုများ၏။ ယင်း၏အဓိပ္ပာယ်မှာ–မေတ္တာ နှင့်တကွ ဖြစ်သော စိတ်ဖြင့် အလုံးစုံသော သတ္တဝါတို့၌ ပျံ့နှံ့

စေ၍နေပါ၏ဟူ၍ဖြစ်သည်။ သုံးနည်းစလုံးပင် ပါဠိအနေ အထားသာကွဲ၍ အဓိပ္ပာယ်မှာ ထူးခြားမှုမရှိပါချေ။

ဤသီလဆောက်တည်မှု၌ မေတ္တာပါထည့်၍ အင်္ဂါကိုးပါးဖြစ်လာသဖြင့် ရှေးပိုင်း သီလတောင်းပါဠိ၌လည်း "အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ" စသည်ဖြင့် ဆိုမည်ဆိုပါကလည်း သင့်လျော်တော့သည်သာ။

## ဆယ်ပါးသီလ

ဆယ်ပါးသီလသည် ဥပုသ်သီလမဟုတ်၊ သာမဏေတို့၏ နိစ္စသီလဖြစ်သည်။ ထို့အတူ ရသေ့၊ ရသေ့မ၊ သူတော် သီလရှင်တို့နှင့် ငါးပါးသီလမှတစ်ဆင့်တက်၍ အိုးအိမ်မှခွာကာ သီလနှင့် နေလိုသော လူသူတော်ကောင်းပုဂ္ဂိုလ်တို့အတွက် နိစ္စသီလဖြစ်လေသည်။ ထို့ကြောင့် ဆယ်ပါးသီလကို စောင့်သုံးသူသည် ရိုးရိုးဝတ်ကြောင်ကိုဝတ်နေသည်ထက် သင်္ကန်းဆိုးအဝတ်ကို ဝတ်နေရန် သင့်သည်ဟုဆိုကြကုန်၏။ ထိုစကားကိုထောက်လျှင်ပင် သင်္ကန်းဆိုး (ဤခေတ်ယောဂီရောင်) ဝတ်သူတိုင်းပင် ဆယ်ပါးသီလကို ဆောက်တည်သင့်သည်ဟု ဆိုလိုပေသည်။

ဆယ်ပါးသီလမှာ ရှစ်ပါးသီလဆိုင်ရာ သတ္တမသိက္ခာပုဒ် (နစ္စဂီတဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏမဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ) ကို နစ္စဂီတတစ်ပုဒ်+မာလာဂန္ဓတစ်ပုဒ် နှစ်ပုဒ်ခွဲထားပြီး ဇာတရူပ ရဇတ ပဋိဂ္ဂဟနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

သိက္ခာပုဒ် တစ်ပုဒ်တိုး၍ ၁၀–ပါးသော သိက္ခာပုဒ်တို့ကို ခံယူစောင့်ရှောက်ရလေသည်။

နစ္စဂီတ စသောသိက္ခာပုဒ်မှာ ၈–ပါးသီလတွင် တစ်ပုဒ်တည်းဖြစ်လျက် ဤ ၁၀–ပါးသီလကျမှ ၂–ပုဒ်ခွဲရသည်။ သဘောအားဖြင့် ၉–ပါးသာရှိ၍ ၉–ပါးသီလမခေါ်ဘဲ ၁၀–ပါးသီလ ခေါ်ထားရသည်မှာ ဆန်း၍နေသည်။ ၉–ပါးသီလဟုပင် ခေါ်ပါတော့လော။ ၁–ပုဒ်ကို ၂–ပုဒ်ခွဲ ရသည်မှာ အဘယ့်ကြောင့်နည်းဟု မေးစရာပင် ကောင်းသေးတော့သည်။ ထိုပြဿနာကို ဤသို့ဖြေရှင်းရပေသည်။ ၁၀–ပါးသီလသည် သာမဏေတို့အတွက် နိစ္စသီလဖြစ်သည်။ တို့အတူ ရသေ့ ယောဂီ စသည်တို့အတွက်လည်း နိစ္စသီလပင်။

သာမဏေလေးတို့သည် ကလေးသူငယ်ချင်းများဖြစ်၍ ကိုယ်နှုတ်တို့ကို တစ်ခါတစ်ရံ မစောင့်စည်းနိုင်ကြ။ လက်ခြေတို့ကို လှုပ်ရှားလွဲယမ်းရာမှ 'က' မိကြမည်။ နှုတ်မှ စာပေရွတ်ဖတ်သရစ္ဈာယ်ရာမှ သံရှည်ဆွဲ၍ သီဆိုမိကြမည်။ ထိုအခါ နစ္စ ဂီတ စသော သိက္ခာပုဒ်ပျက်ပြားသွားပေမည်။ နစ္စ ဂီတစသော သိက္ခာပုဒ်ဆိုလျှင် တစ်ဆက်တည်း တစ်တွဲတည်းဖြစ်သော မာလာဂန္ဓ ဝိလေပန စသည်ပါ ပျက်ရပေလိမ့်မည်။ အမှန်အားဖြင့် နစ္စ ဂီတ စသည်နှင့် မာလာဂန္ဓ စသည်တို့မှာ ဗြဟ္မစရိယ သိက္ခာပုဒ် ညစ်နွမ်းစရာအနေနှင့်ကာမဆန္ဒအားပေးမှုတို့၌ တူညီမှုရှိသော်လည်း စေတနာချင်းကား မတူညီကြချေ။ နစ္စ ဂီတ စသည်မှာ ကီဠန (မြူးထူးပျော်ရွှင်မှု) စေတနာဖြစ်၍ မာလာဂန္ဓ

စသည်မှာ မဏ္ဍာန် (တန်ဆာဆင်ယင်မှု) စေတနာဖြစ်သည်။ စေတနာမတူကြ။

ထို့ကြောင့် နိစ္စသီလဖြစ်သော ၁၀-ပါး သီလတွင် စေတနာ မတူကြသော ဤစုံတွဲသိက္ခာပုဒ်ကို တစ်ပုဒ်စီ ခွဲလိုက်သည်။ ထို့ကြောင့် ကိုရင်ငယ်ကလေးများ လက်ခြေလှုပ်ရှားကစားရာမှ 'က'မိသော် နစ္စ ဂီတ စသည့်သိက္ခာပုဒ်တစ်ခုသာပျက်မည်။ မာလာ ဂန္ဓ စသည်မပျက်တော့ပေ။ သိက္ခာပုဒ်တို့သည် တစ်တွဲတည်းခံယူထားလျှင် တစ်ခုပျက်က အားလုံးပျက်ကြောင်း နောက်ကဆိုခဲ့ပြီ။ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သမာဒိယာမိ-ဟု တစ်ခါတည်းဆို၍ ဆောက်တည်ခဲ့သော ဥပုသ်သီလခံယူမှုပြီးသည်။ သို့သော် တစ်ပါးပျက်လျှင် အားလုံးပျက်သည်။ တစ်ခုစီခွဲခြား၍ခံယူထားက တစ်ပါးပျက်လျှင် တစ်ပါးသာပျက်သည်။

ဇာတရူပ စသော သိက္ခာပုဒ်အကြောင်းကို ဆိုဦးမည်။ လူပုဂ္ဂိုလ်တို့အဖို့ မိမိအိမ်တွင် ရွှေငွေစသည့် ပစ္စည်းဥစ္စာ ရတနာများကို သိမ်းဆည်းထားသဖြင့် ဤသိက္ခာပုဒ်ကို မခံယူသင့်။ ထို့ကြောင့် လူပုဂ္ဂိုလ်များ ၁၀-ပါးသီလ မရနိုင်ဟု ပြောဆိုသူများရှိကြသည်။ အမှန်အားဖြင့် ဤသိက္ခာပုဒ်မှာ ရွှေငွေရတနာတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်မှုသာဖြစ်သည်။ သာမဏေများအဖို့ သူတစ်ပါး လှူသော ရွှေငွေတို့ကို ခံယူလျှင် မအပ်သကဲ့သို့ ဤသိက္ခာပုဒ်ကို ဆောက်တည်ထားသော လူဥပါသကာ ဥပါသိကာတို့မှာ ဤသိက္ခာပုဒ်(ဤ ၁၀-ပါးသီလ) ခံယူထား

သမျှကာလပတ်လုံး ရွှေငွေတို့ကို မခံယူရ၊ ရရန် အားမထုတ်ရ၊ ရလျှင်လည်း မယူရဟုဆိုလိုသည်။ ရဟန်းများ ရွှေငွေ မကိုင်ကောင်းသကဲ့သို့ မကိုင်ကောင်းဟူ၍ကား မဆိုရပေ။ ရဟန်းတော်များမှာ အခြားပါတိမောက်လာ ဇာတရူပသိက္ခာပုဒ်၊ ကယဝိတ္တယသိက္ခာပုဒ်တို့ကြောင့် ရွှေငွေတို့ကို မကိုင်ရ၊ မသုံးသပ်ရ၊ ရောင်းခြင်းဝယ်ခြင်း မပြုရကြပေ။ လူပုဂ္ဂိုလ်တို့၌ကား ခံယူခြင်း၊ သိုမှီးသိမ်းဆည်းခြင်း၊ အသစ်ပြုလုပ်ရခြင်းကိုသာ တားမြစ်ထားသဖြင့် မိမိအိမ်၌ရှိရင်းဖြစ်သော ရွှေငွေတို့အတွက် ပြဿနာပေါ်စရာ မရှိပေ။

ဆယ်ပါးသီလသည် သာမဏေတို့အတွက် အထူး စောင့်ရှောက်ရမည့်သီလဖြစ်ရာ ဆယ်ပါးချင်းတူသော်လည်း လူတို့နှင့် ဆောက်တည်ရပုံချင်းမတူပေ။ လူတို့အဖို့ ဤ ၁၀-ပါးသီလကို ရဟန်းထံ၌ဖြစ်စေ၊ သာမဏေထံ၌ဖြစ်စေ၊ ၁၀-ပါးသီလပေးတတ်သော လူတစ်ဦးဦးထံ၌ဖြစ်စေ ခံယူနိုင်ပေသည်။ အောက်ထစ်ဆုံး မိမိကိုယ်တိုင် ဘုရားရှေ့၌ထိုင်၍ နှုတ်မြွက်ရွတ်ဆိုပြီး ခံယူနိုင်ပေသည်။ သာမဏေများမှာကား ရဟန်းထံ၌သာ ခံယူရ၍ သရဏဂုံ ဥဘတောသုဒ္ဓိဖြစ်မှသာ သာမဏေဖြစ်နိုင်ပေသည်။ ဥဘတောသုဒ္ဓိဖြစ်၍ သာမဏေဖြစ်လျှင်လည်း ဆယ်ပါးသီလ အလိုလို တည်လေတော့သည်။ ထို့ကြောင့်လည်း သာမဏေတို့၏ ဆယ်ပါးသီလသည် လူတို့၏ ဆယ်ပါးသီလထက် ထူးမြတ်ရလေသည်။ ထို့ပြင်လည်း လူတို့၏ ဆယ်ပါးသီလမှာ သိက္ခာပုဒ်တစ်ခုချင်း ဆောက်တည်က တစ်ခုကိုကျိုးလွန်မိလျှင်

တစ်ခုသာပျက်၍ အခြားကိုးခုမပျက်ဟုဆိုရသော်လည်း သာမဏေတို့မှာကား သိက္ခာပုဒ်တစ်ခုပျက်လျှင် ဆယ်ပါးလုံးပျက်တော့၏။ ခံထိုက်ရာ၌သာ လွန်ကျူးသောသိက္ခာပုဒ်အရ ထိုက်ရလေသည်။ ထို့ကြောင့် သာမဏေများအား ဆရာသမားများက နေ့စဉ်ဘုရားရှိခိုးချိန်တိုင်းပင် ဆယ်ပါးသီလ ထပ်မံပေးလေ့ရှိကြပေသည်။

## ဒုစရိုက်–သုစရိုက်

ဗုဒ္ဓဘာသာဟူသည်မှာ–ဟူသော ခေါင်းစဉ်ဖြင့် ဗုဒ္ဓဘာသာတို့၏ လုပ်ငန်းစဉ်တို့ကိုပြဆိုရာ၌ အကုသိုလ် အပြစ်ဘေးတို့မှ ငြိမ်းအေးရာ ငြိမ်းအေးကြောင်းဖြစ်သည့် ကန်တော့ခြင်းမှစ၍ ငါးပါးသီလခန်း၊ ဥပေါသထသီလခန်း၊ ကိုးပါးနှင့် ဆယ်ပါးသီလတို့ကို စကားအရှိန်မပြတ်အစပ်အဟပ်ရှိသည့်အတိုင်း ဖော်ပြခဲ့ပြီးသည့်နောက် အထူးသိအပ် မှတ်သားအပ်သော ဒုစရိုက်–သုစရိုက်တို့ကို ဖော်ပြပါဦးမည်။

ဒု–ဟူသည် မကောင်းသောဟု အဓိပ္ပာယ်ရ၍၊ စရိတ=စရိုက်ဟူသည်မှာ အကျင့်၊ သူမိုက်တို့၏ အပါယ်လားကြောင်း မကောင်းမှုဟု အဓိပ္ပာယ်ရသည်။ ၎င်းတို့မှာ ကိုယ်ဟူသော ကာယဒွါရဖြင့် ပြုအပ် (လုပ်အပ်)သော ကာယကံသုံးပါး၊ နှုတ်ဟူသော ဝစီဒွါရဖြင့် ပြုအပ်(ပြောဆိုအပ်)သော ဝစီကံ လေးပါးနှင့် စိတ်ဟူသော မနောဒွါရဖြင့် ပြုအပ်(ကြံစည်အပ်)သော မနောကံသုံးပါး ပေါင်း ၁၀–ပါး ဖြစ်လေသည်။

ကာယကံ သုံးပါးမှာ–

၁။ ပါဏာတိပါတာ=သူ၏အသက်ကို သတ်ခြင်း။

၂။ အဒိန္နာဒါနာ=အရှင်သည် ကိုယ် နှုတ်ဖြင့်မပေးအပ်သော သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ=မသွားလာအပ်သော မာတုရက္ခိတ အစရှိသော နှစ်ကျိပ်သော မိန်းမတို့၌ သွားလာ လွန်ကျူးခြင်းတို့ ဖြစ်ကုန်၏။

ဝစီကံလေးပါးမှာ–

၁။ မုသာဝါဒါ=မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း။

၂။ ပိသုဏာဝါစာ=ကုန်းတိုက် ချောပစ်သောစကားကို ပြောဆိုခြင်း။

၃။ ဖရုသဝါစာ=အမျက်နှင့်တကွ ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်း။

၄။ သမ္ဖပ္ပလာပါ= အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ဆိုခြင်းတို့ ဖြစ်ကုန်၏။

မနောကံသုံးပါးမှာ–

၁။ အဘိဇ္ဈာ=သူတစ်ပါး စည်းစိမ်ဥစ္စာကို ငါ့ဥစ္စာ ငါ့စည်းစိမ်ဖြစ်လေသော် ကောင်းလေစွဟု မိမိသို့ ရှေးရှုညွတ်ခြင်း၊ ကြံခြင်း။

၂။ ဗျာပါဒါ=သူတစ်ပါး၏ပျက်စီးခြင်းကို ကြံခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ=ဖောက်ပြန်မှားယွင်းသော အယူကို ယူခြင်းတို့ ဖြစ်ကုန်၏။

ကာယကံသုံးပါးကို ကာယကံမြောက် ပြုလုပ်ခြင်း၊ ဝစီကံလေးပါးကို ဝစီကံမြောက် ပြောဆိုခြင်းနှင့် မနောကံ သုံးပါးကို မနောကံမြောက် ကြံစည်ခြင်းတို့သည် ဒုစရိုက်ဖြစ်၍ မကောင်းမှုဖြစ်ပြီး အပါယ်လေးပါးသို့ ကျရောက်စေနိုင်ပေသည်။

၎င်း ကာယကံ၊ ဝစီကံ၊ မနောကံ ၁၀-ပါးကို မပြုဘဲ ရှောင်ကြဉ်ခြင်းသည် သုစရိုက် ကုသိုလ်ကောင်းမှုဖြစ်လေသည်။ ကာယကံသုံးပါး၌ ပြုခွင့်ကြုံသော်မပြုဘဲ ရှောင်ကြဉ်ခြင်း၊ ဝစီကံ လေးပါး၌ ပြောခွင့်ကြုံသော် မပြောဘဲ စောင့်စည်းနေထိုင်ခြင်း နှင့် မနောကံသုံးပါး၌ ကြံစည်တွေးတောမိလျှင် ဆက်လက်ပြီး ကြံစည်မတွေးတောမိအောင် အခြားကောင်းမှုကောင်းရာကို လမ်းပြောင်း၍ ကြံစည်တွေးတောနေလျှင်ပင် ဒုစရိုက်ရှောင်ကွင်း ၍ သုစရိုက်ကျင့်ခြင်းပင် ဖြစ်တော့သည်။

ကုသိုလ်ဟူသည်မှာ အပြစ်လုံးဝမရှိဘဲ ကောင်းမွန်မြင့်မြတ် သော အကျိုးကိုပေးခြင်းလက္ခဏာရှိသဖြင့် လှူဒါန်းပေးကမ်းခြင်း ဒါန စေတနာများလည်း ကုသိုလ်ပင်ဖြစ်သည်။ ဤဒုစရိုက်ကိုရှောင် ၍ သုစရိုက်ကို ကျင့်ခြင်းဟူသော ဖော်ပြပါ ကုသိုလ်တရား ၁၀-ပါးမှာ သီလအကျင့်များပင်ဖြစ်သည်။ ဤတရား ၁၀-ပါး ကုသိုလ်ကောင်းမှုသီလများကို ကျင့်သုံးခြင်းဖြင့် အပြစ်ဟူသမျှ ကင်းရှင်း၍ ကောင်းသော အကျိုးထူးများကို ပေးမည်မှာ မုချ ဖြစ်၏။ ဤ၌ ကောင်းသောအကျိုးထူးတရားများဟူသည်ကား ဤဘဝ၌ ချမ်းသာအောင်၊ တိုးတက်အောင်ပေးခြင်းမျိုးထက်

ထူးခြား၍ တမလွန်ဘဝ၌ ဒုဂ္ဂတိဟုဆိုအပ်သော ဘဝဆိုးတို့၌ လုံးဝမဖြစ်ခြင်း၊ သုဂတိဟုဆိုအပ်သော လူ့ဘဝ နတ်ဘဝ စသည့် ဘဝကောင်းဘဝမြတ်တို့၌ ဖြစ်ခြင်းဟူသော အကျိုး တို့ကို ရရှိနိုင်မှု သေချာပေသည်။

လူတို့ကား နောက်ဘဝအကျိုးထက် ဤဘဝအကျိုးကိုသာ ပိုမို၍ တောင့်တကြလေ့ရှိ၏။ ဤသည်မှာ အမြင်တိုမှုသာဖြစ်ပေ သည်။ သံသရာဟူသည် အရှည်ကြီးဖြစ်၍ ဘဝတစ်ခုမျှ ကောင်း စားရေးကို မရှုသင့်ပေ။ သံသရာကောင်းစားရေးသာ အလွန် အရေးကြီးလှသည်။ တစ်ဘဝဟူသည် တိုတိုကလေးသာဖြစ်သည်။ ယနေ့နက်ဖြန်ပင် အဆုံးသတ်ချင် သတ်သွားနိုင်၏။ သံသရာကား ရှောင်လွှဲ၍မရ၊ တစ်ဘဝပြီးတစ်ဘဝနှင့် ဘယ်မျှရှည်လျားကြာမြင့် နေဦးမည်မသိပေ။ ထိုဘဝသံသရာ ကောင်းစားရေးသည်သာ ဗုဒ္ဓဘာသာ သမ္မာနွယ်ဝင် သူတော်စင်တို့အဖို့ အရေးအကြီးဆုံး ဖြစ်ပေသည်။

ထို့ကြောင့် သံသရာအရေးကို မြော်တွေး၍သာ ဒုစရိုက် ကို ရှောင်ကွင်း၍ သုစရိုက်ကို ကျင့်သုံးခြင်းပြုကြရပေမည်။ ဤသို့ ပြုကျင့်ရာ၌ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာနှင့် ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော ပုညကိရိယဝတ္ထုများသည်လည်း သုစရိုက်တရားများတွင် အကျုံးဝင်သော ကျင့်သုံးရမည့် တရား များ ဖြစ်ပေသည်။

## (၁) ဒါန

ပုညကိရိယ ဟူသည်မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့၏ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် နှစ်ပါးကို အကုသိုလ် အညစ်အကြေးမှ စင်ကြယ်စေသော တရားများ ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တိုင်းပင် ကာယ, ဝစီ, မနော ဆယ်ဖြာသော မကောင်းမှု ဒုစရိုက်တို့မှကင်း၍ ဖြူစင်ခြင်းရှိကာ သုစရိုက်ဆယ်ဖြာနှင့် ပြည့်စုံကြပြီဆိုလျှင် ပုညကိရိယတရားတို့ကို ပြည့်စုံအောင် အားထုတ်ကြရမြဲဖြစ်၏။ သုစရိုက်ဆယ်ပါးကို ကျင့်သုံးရုံမျှနှင့် ပုညကိရိယတရားတို့နှင့် မပြည့်စုံသေး။ ထို့ကြောင့် ပုညကိရိယ တရားတို့ကို အားထုတ်ကြရဦးမည်။ ဒုစရိုက်ကင်းကွာ၍ ကြည်လင်အေးမြစွာသော ရေကြည်ရေကောင်းပမာ သုစရိုက်ရေမိုး သုံးချိုးသန့်စင်ပြီးသူသည် ပုညကိရိယ အဆင်တန်ဆာတို့ကို ဆင်ယင်ကြရန် လိုပေသေးသည်။ ဆင်ယင်ကြရမည့် ပုညကိရိယ အဆင်တန်ဆာတို့ကား ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာနှင့် ဒိဋ္ဌိဇုကမ္မတို့ပင် ဖြစ်ပေသည်။

ဤ(၁၀)ပါးတွင် ဒါနဟူသည် ပေးကမ်း လှူဒါန်းခြင်းပင် ဖြစ်သည်။ ပုထုဇဉ် လူသားတိုင်းတွင် လောဘ, ဒေါသ, မောဟ တရားများ ထူထပ်ပွားစည်း၍နေကြပေရာ ယင်းတရားဆိုး တို့ကို နည်းအမျိုးမျိုးဖြင့် ပါးလျားနည်းပါးအောင် ပြုရမည် ဖြစ်သည့်အာလျော်စွာ ရှေးဦးစွာ ဒါနသည် လောဘပါးကြောင်း

တရားကောင်းပင်ဖြစ်သည်။ လောဘသည် မိမိ၏ဥစ္စာစည်းစိမ်၌ ငြိကပ်တွယ်တာခြင်းသဘောရှိသည်။ ထိုသဘောကို ပါးလျားနည်းပါးသွားအောင် ဒါနတရားဖြင့် ပြုမှုလေ့ကျင့်ပေးရသည်။ ဒါနတရားကို များစွာအားထုတ်လေလေ လောဘပါးလျား လေလေဖြစ်သည်။ ဤသို့ ဒါနကိုပြုလုပ်ရာ၌ မိမိပစ္စည်းကိုအလှူခံသော ပုဂ္ဂိုလ်အား အလိုဆန္ဒပြည့်ဝပါစေ၊ ရှင်လန်းဝမ်းမြောက်ပါစေ ဟူသော စိတ်ကိုထား၍ စွန့်ကြဲပေးကမ်းနိုင်ရန်အရေးကြီးသည်။ ထိုစိတ်ထားသည်ပင် အလှူခံပုဂ္ဂိုလ်အား ပူဇော်ခြင်း၊ ချီးမြှောက်ခြင်း၊ မြတ်နိုးညွတ်ကိုင်းခြင်းပင် ဖြစ်ပေသည်။

ဖုန်းတောင်းယာစကာပင် ဖြစ်စေ မိမိထံ၌အလှူခံသော သူသည် မိမိ၏ လောဘ အကုသိုလ်ကို သုတ်သင်ပေးသူဖြစ်သည်ဟု နှလုံးပြု၍ သူ့အတွက် စားသောက်စရာကို လှူဒါန်းခြင်းဖြင့် သူ့အားချီးမြှောက်ရပေသည်။ ပူဇော်ရပေသည်။ ဤသို့ ချီးမြှောက်ပူဇော်စိတ်ဖြင့် ပေးလှူလိုက်ရသော ဒါနစေတနာသည် အချည်းအနှီးမဖြစ်၊ နောင်သံသရာ၌ များစွာ အကျိုးပြုမည်သာ ဖြစ်သည်။ ပေးကမ်းစွန့်ကြဲလိုက်ရသော အစားအစာသည် ဤမျက်မှောက်ဘဝတွင် တစ်နေ့တာအတွက်သာ အစီးအပွား ဖြစ်သည်။ ကျန်ရှိခဲ့သော ဒါနစေတနာကား သံသရာတစ်လျှောက်လုံးအတွက် ကြီးမြတ်သော အစီးအပွားပင် ဖြစ်ပေသည်။

ဒါနပြုသူ အလှူရှင်သည် ဤမျက်မှောက်ဘဝတွင် အလှူခံပုဂ္ဂိုလ်စသော မိမိမှ တစ်ပါးသော အခြားသူတို့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ သံသရာခရီးတွင်မူ မိမိ၏ကိုးကွယ်

ရာကို မိမိကိုယ်တိုင် ပြုလုပ်နေသည်ပင်မည်၏။ သံသရာခရီး သွားရာ၌ ဒါနတည်းဟူသော ရိက္ခာထုပ်ပါရှိသူသည်သာ နေထိုင်သွားလာ စားသောက်ရာတို့ကို ကောင်းစွာရရှိနိုင်ပါသည်။ ဒါနရိက္ခာ မပါရှိသူအဖို့ကား သံသရာခရီးတွင် လွန်စွာအောက်ကျ နောက်ကျဖြစ်ရရုံမက သုဂတိခရီးလမ်းဖြင့်ပင် မသွားမလာနိုင်ဘဲ ရှိတတ်ပေသည်။

ဘုရားအလောင်းတော်ကြီးများသည် ပါရမီ (၁၀)ပါးတို့ကို ဖြည့်ကျင့်ရာ၌ ရှေးဦးစွာ ဒါနပါရမီကို သိမြင်အားထုတ်၍ အယုတ်တရား လောဘဒေါသများကို ပါးလျားအောင် ကြိုးစားတော်မူကြပေသည်။ ထို့ပြင် ဣဿာမစ္ဆရိယ စသော တရားဆိုးတို့ကို ဖျက်ချိုးရာ၌ ဒါနလက်နက်သည်သာ အရေးအကြီးဆုံးဖြစ်ပေသည်။

လောက၌ ဥစ္စာပစ္စည်းတို့ကို လူတိုင်းအလိုရှိကြသည်။ ထို့ကြောင့်လည်း ဥစ္စာပစ္စည်းရရှိရန် နည်းအမျိုးမျိုးဖြင့် ရှာကြနေကြရ၏။ ထိုရှာဖွေ ရရှိထားသော ဥစ္စာပစ္စည်းတို့ကား မိမိမသုံးရက်၍ စုဆောင်းသိမ်းထားလျှင်လည်း မိမိမှတစ်ပါး အခြားသူတို့အဖို့သာဖြစ်သည်။ ရန်သူမျိုးငါးပါးတို့နှင့်ဆက်ဆံ၍နေသဖြင့် မသုံးရက် မစားရက်သမျှ ပျက်စီးရဖို့သာဖြစ်လေသည်။ ထို့ကြောင့် ဥစ္စာပစ္စည်းတို့ကို လှူဒါန်းခြင်းအမှုသည်သာ ပြုလုပ် မှုဟူသမျှတွင် မိမိအတွက် သေချာသော အမှုဖြစ်ပေသည်။

မျက်မြင်လောကတွင် လွန်စွာချမ်းသာသူ၊ အသင့်အတင့်ချမ်းသာသူ၊ ဆင်းရဲသူ၊ လွန်စွာဆင်းရဲသူဟူ၍ လူတန်းစား

အမျိုးမျိုးတို့ကို တွေ့မြင်နိုင်ပေသည်။ ထိုသို့လူတန်းစား အမျိုးမျိုး ဖြစ်ပေါ်လာအောင် မည်သူက လုပ်ပေးနေသနည်းဟု လေ့လာကြည့်ရှုရန်လို၏။ အမှန်အားဖြင့် ထိုလူတန်းစားတို့ကို ယင်းတို့၏ အတိတ်ဘဝက ဒါနကသာ ပြုလုပ်ပေးခြင်းဖြစ်လေသည်။ ဒါနပြုခဲ့သူသည် ချမ်းသာသူဖြစ်လာ၍ ဒါနမပြုခဲ့သူသည် ဆင်းရဲသူဖြစ်ရလေသည်။ လွန်စွာချမ်းသာသည်ဟူသော အဆင့်သို့ကား ဒါနပြုရာ၌ လွန်စွာစေတနာထက်သန်မှုက မြှင့်တင်ပေးသည်ဟု မှတ်ရာ၏။ ဤတွင် ဒါနမှု၌ စေတနာဒါန၊ ဝတ္ထုဒါနဟူ၍ဖြစ်ရာ လှူဒါန်းရာ၌ စေတနာအားကြီးလေလေ 'လောဘ,' ဒေါသ, မောဟ, ဣဿာ, မစ္ဆရိယ စသော အကုသလ ပါပအညစ်ထေးတို့ကို ဝေးကွာ ပါးလျားစေလေလေဖြစ်ကာ ထိုတရားဆိုးများ နည်းပါးလေလေ ချမ်းသာသုခကို ကြီးထွားစေလေလေပင် ဖြစ်ရသဖြင့် အလှူဒါနပြုရာ၌ စေတနာအားကောင်းအောင် ကြိုးစားအားထုတ်ရန် အရေးကြီးလှပေသည်။

## (၂) သီလ

သီလအကြောင်းကို ငါးပါးသီလအခန်း စသည်၌ အတော်အတန် ဖော်ပြခဲ့ပြီးဖြစ်၍ ဤတွင် အမြွက်လောက်သာဖော်ပြပါအံ့။ လူတို့တွင် စောင့်စည်းအပ်သော ကာယကံ ဝစီကံ မနောကံဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် မနောကံဟူသော အဘိဇ္ဈာ=သူတစ်ပါးစည်းစိမ်ကို ရေးရှုကြံမှု၊ ဗျာပါဒ=သူတစ်ပါးပျက်စီးရန်ကြံစည်မှုနှင့် မိစ္ဆာဒိဋ္ဌိ=အယူမှားကို ယူမှားမိမှုတို့မှာ အတွင်းစိတ်

ဟူသော မနောဧ။ ပြစ်မှုများဖြစ်၍ ယင်းတို့ကို ဘာဝနာတရားဖြင့် ငြိမ်းသတ်မှ စင်ကြယ်နိုင်မည်။ ထို့ကြောင့် မနောကံပြစ်တို့အတွက် သမထဝိပဿနာ ဘာဝနာတို့၏ တာဝန်ဟု ခြွင်းချက်ထားလိုက်ပြီးလျှင် ရန့်ရင်းကြမ်းတမ်း အပေါ်လမ်း၊ အပြင်လမ်းဖြစ်သည့် ကာယကံနှင့် ဝစီကံတို့ကို ရှေးဦးစွာငြိမ်းသတ်ရှင်းလင်းနိုင်ရန် သီလလက်နက်ကို ထက်မြက်အောင် သွေးရပေတော့သည်။

ရှေးဦးစွာ သီလဟူသော စကားလုံး၏ အဓိပ္ပာယ်ကို စဉ်းစားကြည့်ကြမည်။ သီလဟူသည် သီသမှုလာသည်ဟုဆိုလျှင် ၎င်းမှာ သတ္တဝါတို့၏ ဦးခေါင်းပင်ဖြစ်၏။ သတ္တဝါတိုင်းမှာပင် ဦးခေါင်းမရှိက အသက်မရှိနိုင်ရာ။ ဦးခေါင်းကိုဖြတ်လိုက်လျှင် သက်ရှိသတ္တဝါ မှန်သမျှ သေဆုံးကုန်ရမည်သာဖြစ်၏။ ထို့အတူ သီလမရှိလျှင် အသက်ရှိသည်ဟု မဆိုရ။ သီလကင်းသော သတ္တဝါသည် သေသူသာဖြစ်သည်။ ဤတွင် ကာယဒုစရိုက် (၃)ပါးကို မပြတ်ပြုကျင့်နေသူ၊ ဝစီဒုစရိုက် (၄) ပါးကို မပြတ် ကျူးလွန်နေသူသည် လူအတန်းအစား မဝင်၊ လူဟုပင် မခေါ်ရ၊ လူ့အပြင်ဘက်ကဖြစ်၍ ခေါင်းမရှိသော လူသာဖြစ်လေသည်။ ထို့ကြောင့် လူမှန်က ကာယသုစရိုက်(၃)ပါး၊ ဝစီသုစရိုက်(၄) ပါးတို့ကို လုံခြုံအောင် စောင့်စည်းရမည်သာဖြစ်၏။

ငါးပါးသီလတွင် ကာယသုစရိုက်(၃)ပါးကို တိုက်ရိုက် ဖော်ညွှန်းထား၏။ ဝစီသုစရိုက်အတွက် အရေးကြီးသော မုသာဝါဒမှ ရှောင်ကြဉ်မှု သစ္စဝါစာကို ဖော်ညွှန်း၏။ သစ္စဝါစာ နှင့်ပြည့်စုံလျှင် ကြွင်းသော ဝစီကံတို့အတွက် အကာအကွယ်

ရနိုင်၏။ သစ္စဝါစာကို သုံးဆောင်နေသူသည် ကြမ်းတမ်းသော အပြောအဆို ကုန်းတိုက်ပြောကြားခြင်းနှင့် မဟုတ်စကား၊ အပြိန် အဖျင်းများကို မျက်နှာလွှဲနိုင်ပေပြီ။ ထို့နောက် ရှင်းစိုင်းမှုအစ သုရာမေရယများတို့ကို ရှောင်ရှားလိုက်လျှင် ကာယဒုစရိုက် ဝစီဒုစရိုက်တို့နှင့်ဆက်ဆံတော့မည် မဟုတ်တော့ပေ။ ထို့ကြောင့် သုစရိုက်ကအစ ငါးပါးသီလကဟူသော စကားအတိုင်း ငါးပါး သီလကို အသက်နှင့်ထပ်တူ ကျင့်သုံးသူအဖို့ ဒုစရိုက်တရားများ ကင်းပျောက်၍ သုစရိုက်တရားများ ဝင်းတောက်လာမည်မှာ မလွဲတော့ပေ။

ယင်းကာယဒုစရိုက် (၃)ပါးနှင့် ဝစီဒုစရိုက်(၄)ပါးမှ ရှောင်ကြဉ်ခြင်းကို ဝိရတီဟုဆိုရ၏။ ဝိရတီမှာလည်း သမ္မာဝါစာ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ ဟူ၍ရှိရာတွင် ဝစီကံလေးပါးမှ ရှောင်ကြဉ်၍ စကားကို ကောင်းမွန်သာယာ မှန်ကန်စွာနှင့် ချိုသာယဉ်ကျေး အေးအေးမြမြပြောဆိုလျှင် သမ္မာဝါစာဝိရတီ နှင့် ပြည့်စုံနိုင်၏။ သူ့အသက်ကိုမသတ်ခြင်း စသည်တို့ကို မပြုလုပ်ဘဲ ရှောင်ကြဉ်နေထိုင်လျှင် သမ္မာကမ္မန္တဝိရတီနှင့်ပြည့် စုံ၍ အသက်မွေးမှုနှင့်ပတ်သက်သော ဝစီကံမှုများကို မပြုလုပ် လျှင်ကား သမ္မာအာဇီဝဝိရတီနှင့် ပြည့်စုံလေတော့၏။

ထို့ပြင်လည်း သမာဒါန ဝိရတီ၊ သမ္ပတ္တ ဝိရတီနှင့် သမုစ္ဆေဒဝိရတီဟု သုံးမျိုးရှိသေး၏။ ဤသုံးမျိုးတွင် သီလကို ခံယူတည်ဆောက်ထား၍ ကာယကံမှု ဝစီကံမှုတို့ကို မလုပ်ဘဲ ရှောင်ကြဉ်မှုမှာ သမာဒါနဝိရတီဖြစ်၍ ဆောက်တည်မထားလင့်

ကစား သတ်ဖို့ကြံလျက် မသတ်ခြင်း စသည်ရှောင်ကြဉ်ခြင်းတို့မှာ သမ္ပတ္တဝိရတီဖြစ်လေသည်။ သမုစ္ဆေဒဝိရတီဟူသည်ကား ပုထုဇဉ်တို့နှင့်မဆိုင်၊ အရိယာဖြစ်၍ မပြုလုပ်ခြင်းမျိုးဖြစ်လေသည်။

သီလကိုဆောက်တည်ရာ၌ မပြောက်မကျားဟူ၍ (၃)မျိုးရှိပြန်သည်။ ကျိုးမှု ပေါက်မှု ပြောက်မှုနှင့် ကျားမှု မရှိအောင်စောင့်ထိန်းခြင်းမျိုးတည်း။ ငါးပါးသီလဆိုကြပါစို့၊ အစဖြစ်သောပါဏာတိပါတနှင့် အဆုံးဖြစ်သော သုရာမေရယ သိက္ခာပုဒ်နှစ်ခုပျက်စီးသွားလျှင် သီလကျိုးသည်မည်လေသည်။ အတွင်းဖြစ်သောအဒိန္နာဒါန စသည်တစ်ခုခုပျက်စီးသွားလျှင် အပေါက်, ပေါက်သွားသည်နှင့်တူ၍ သီလပေါက်သွားခြင်းပင်ဖြစ်၏။ သီလတစ်ခုစီတစ်ခုစီ အဒိန္နာဒါန–မုသာဝါဒ စသည် တစ်ခုကြားခြား၍ပျက်လျှင်နွားပြောက်ကဲ့သို့ ပြောက်သည်မည်၍ ထိုသို့မဟုတ်ဘဲ အတွင်းမှအဒိန္နာဒါန ကာမေသုမိစ္ဆာစာရနှင့် မုသာဝါဒ နှစ်ခုဆက်၍လည်းကောင်း၊ သုံးခုဆက်၍လည်းကောင်း ပျက်စီးခဲ့လျှင် နွားကျားကဲ့သို့ အကျားကြီးဖြစ်သွားနှင့်တူ၍ သီလကျားသွားခြင်းပင်ဖြစ်တော့သည်။

ထို့ကြောင့် သီလစောင့်သုံးသူသည် သီလကို အစအဆုံးပျက်ခြင်း၊ တစ်ခုချင်းပျက်ခြင်း၊ နှစ်ခုဆက် သုံးခုဆက်ပျက်ခြင်းတည်းဟူသော ကျိုးပေါက်ပြောက်ကျားမရှိ၊ ပကတိအားလုံးစင်ကြယ်အောင်ကြိုးစား၍ စောင့်ထိန်းကြရန်လိုပေသည်။ ထိုငါးပါးသီလအတူ ရှစ်ပါး, ကိုးပါးနှင့် ဆယ်ပါးသီလတို့၌လည်း

စင်ကြယ်သန့်ရှင်း ကျိုးပေါက်ပြောက်ကျားမှုကင်းအောင် မပျင်းမရိ သတိတရားရှေ့ထား၍ ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

## (၃) ဘာဝနာ

ဘာဝနာဟူသော ပါဠိစကားကို တိုက်ရိုက်မြန်မာပြန်ဆို ရလျှင် ဖြစ်စေခြင်း၊ စီးဖြန်းပွားများခြင်းပင်ဖြစ်သည်။ ၎င်းမှာ သမထဘာဝနာ ဝိပဿနာဘာဝနာဟူ၍နှစ်မျိုးရှိသည်။ ဘာဝနာ ဟူသော ပုညကိရိယဝတ္ထုအရ နှစ်မျိုးလုံးကိုပင် ထိုက်သင့်သလို ယူရပေသည်။ ဤနှစ်မျိုးတို့တွင် နီဝရဏတရားတို့ကို ငြိမ်းစေ တတ်သော သမာဓိကိုပွားများခြင်းသည် သမထဘာဝနာမည်၏။ တေဘူမက ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု အဖန်ဖန်ရှုတတ် ရှုကြောင်းဖြစ်သော ပညာသည် ဝိပဿနာ ဘာဝနာမည်လေသည်။

ဤတွင် ဘာဝနာတရားကို အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် သမထယာနိကနည်း၊ ဝိပဿနာယာနိကနည်း ဟူ၍ နှစ်နည်းရှိရာတွင် မိမိနှစ်သက်သောနည်းကို အားထုတ် ကြလေ့ရှိသည်။ အချို့သောယောဂီပုဂ္ဂိုလ်တို့သည် ဥပစာရ သမာဓိ ကိုဖြစ်စေ၊ အပ္ပနာ သမာဓိကိုဖြစ်စေ ရှေးဦးစွာဖြစ်စေ၏။ ယင်းမှာ သမထဖြစ်၏။ ထို့နောက် ယင်းသမာဓိနှစ်မျိုးကို ဖြစ်စေ၊ ယင်းသမာဓိနှစ်မျိုးနှင့်ယှဉ်ဖက် သမ္ပယုတ္တဓမ္မများကို ဖြစ်စေ၊ အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာရေးသုံးပါးတို့နှင့် ရှုဆင်ခြင်၏။ ဤသို့ ရှုဆင်ခြင်ခြင်းသည် ဝိပဿနာဖြစ်လေသည်။

ဤသို့ သမထ အလုပ်စခန်းကို ပွားများအားထုတ်၍ နောက်မှ ဝိပဿနာစခန်းသို့ တက်လှမ်းခြင်းသည် သမထယာနိကနည်း မည်လေသည်။ သမထရှေ့သွားရှိသော ဝိပဿနာပွားများအား ထုတ်နည်းဟု ဆိုလိုပေသည်။ သမထယာနိကနည်းဖြင့် ပွားများ အားထုတ်သော ယောဂီအား လောကီမဂ်ဟုဆိုအပ်သည့် ပွားများ အားထုတ်သည့်အခါ၌ဖြစ်သည့် မဟာကုသိုလ်စိတ်၌ယှဉ်သော သမ္မာဒိဋ္ဌိစသော မဂ်တရားများ ဖြစ်ပေါ်လာသည့်အခါ ယင်း မဂ်တရားများကို နိဗ္ဗိဒါနုပဿနာဉာဏ်၊ သို့မဟုတ် ဘယတုပဋ္ဌာန ဉာဏ်၏အစွမ်းဖြင့် အဖန်ဖန်ထုံစေသောအခါတွင် (မုဉ္စိတုကမျတာ ဉာဏ်၏အစွမ်းဖြင့် အဖန်ဖန်ပွားများသောအခါတွင်) ပဋိသင်္ခါ ဉာဏ်၊ သို့မဟုတ် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် ကြိမ်ဖန်များစွာ ပြုလျှင် လောကုတ္တရာမဂ်အဆင့်ဆင့် ဖြစ်ပေါ်လာခြင်းကြောင့် သံယောဇဉ်အနုသယတို့သည် ကင်းပြတ်ချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏။

အချို့သော ယောဂီပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုဆင်ခြင်၏။ ယင်းသို့ ရှုဆင်ခြင်ခြင်း ကား ဝိပဿနာဖြစ်၏။ ထိုသို့ ရှုဆင်ခြင်နေသူအား ဝိပဿနာ ပြည့်စုံခြင်းကြောင့် (ဝိဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်အဆင့်သို့ ရောက်ခြင်းကြောင့်) အရိယာမဂ်ခဏ၌ဖြစ်ကုန်သော သမ္မာဒိဋ္ဌိ စသောတရားတို့ဟွင် စိတ်တည်ကြည်မှု (မဂ္ဂသမာဓိ) သည် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ဖြစ်ပေါ်လာ၏။ ယင်းမဂ္ဂသမာဓိ ကား သမထဖြစ်၏။ ဤသို့ ရှေးဦးစွာ ဝိပဿနာကိုရှုပွား၍

နောက်မှ သမထကိုဖြစ်စေခြင်းသည် ဝိပဿနာယာနိကနည်းမည်၏။ ဝိပဿနာရှေ့သွားရှိသော သမထ ပွားများအားထုတ်နည်းဟု ဆိုလိုသည်။

သမထယာနိကနည်းဖြင့် အားထုတ်သောအခါ ပထဝီကသိုဏ်း စသောကသိုဏ်း ၁၀ ပါး၊ ဥဒ္ဓုမာတက စသော အသုဘ ၁၀ ပါး၊ ဗုဒ္ဓါနုဿတိ စသော အနုဿတိ ၁၀ ပါး၊ မေတ္တာစသော ဗြဟ္မဝိဟာရ တရားလေးပါး၊ အာဟာရေ ပဋိကူလသညာစတုဓာတု ဝဝတ္ထာန်နှင့် အာကာသာနဉ္စာယတန စသော အရူပလေးပါး ဤကမ္မဋ္ဌာန်းလေးဆယ်တို့တွင် တစ်ပါးပါးကို အားထုတ်ရသည်။ အားထုတ်၍ ဈာန်တစ်ပါးပါးကိုရ၍ ထိုဈာန် မလျှောမကျဘဲ ကွယ်လွန်လျှင် ထိုဈာန်ဆိုင်ရာ ဗြဟ္မာဘုံများ၌ ဖြစ်ရလေသည်။ ရူပဈာန်အားလုံးရ၍ အဘိညာဉ်များကို ဝသီဘော်အားဖြင့် နိုင်နင်းအောင် အားထုတ်လျှင် မြေလျှိုးမိုးပျံနိုင်သော တန်ခိုးဈာန်များကိုရခြင်း၊ အသွင်အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း စသော တန်ခိုးတို့နှင့် ပြည့်စုံရလေသည်။

ဝိပဿနာ ယာနိကနည်းဖြင့် အားထုတ်ရာ၌ကား ဝိပဿနာဟူသည် အထူးမြင်တတ်သော ဉာဏ်ပညာပင်ဖြစ်၏။ ထိုဉာဏ်ပညာဖြင့် ပညတ်အမြွေးကို ခွာလှန်၍ ရုပ်နာမ်ကိုမြင်၊ ရုပ်နာမ်တို့၏ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာမြင်သည်ကို အထူးမြင်သည်ဟုဆိုရသည်။ ယင်းကို အဖန်ဖန်ဖြစ်ပွားစေသည်ကို ဝိပဿနာ ဘာဝနာဟုဆိုရသည်။ ဝိပဿနာဘာဝနာ၏ အာရုံ ကမ္မဋ္ဌာန်းကား နာမ်ရုပ်တည်း။ ထို့ကြောင့်

ဝိပဿနာဘာဝနာပွားများလိုသောသူသည် ရှေးဦးစွာ နာမ်ရုပ်နှစ်ပါးကို ပိုင်းခြား၍သိသော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပြည့်စုံအောင် လုပ်ရမည်။ နာမရူပပရိစ္ဆေဒဉာဏ်ဟူသည် နာမ်တွေရုပ်တွေ အသီးသီး တခြားစီတခြားစီထင်မြင်အောင် ပိုင်းခြားနိုင်သော ဉာဏ်ကိုဆိုသည်။

ထိုနောက် ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း၍ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို ကောင်းစွာမှတ်သား၍ ပိုင်းခြား ရှုပွားရလေသည်။ ဝိပဿနာဉာဏ်စဉ်*အဆင့်ဆင့်တက်၍ နိဗ္ဗာန်ကို ရှေးဦးစွာ အာရုံပြုလျက် ပုထုဇဉ်အနွယ်ကိုပြတ်ကာ အရိယာအနွယ်ကိုဖြစ်စေလျက် ဂေါတြဘူဉာဏ်ပေါ်လာ၏။ ထိုနောက်ကား လောကီကို ထွင်းဖောက်လျက် မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် လောကုတ္တရာဘက်သို့ ရောက်လေတော့သည်။

## (၄) အပစာယန

ပုညကိရိယဝတ္ထု (၁၀)ပါးတွင် အပစာယနပုညကိရိယဝတ္ထုကို လူသိနည်းလှသည်။ ဒါန သီလ ဘာဝနာ စသောထင်ရှားသော တရားများနှင့် ဆက်နေ၍လည်း သူ့အဓိပ္ပာယ်မှာ တိမ်မြုပ်နေသလို ဖြစ်နေရပေသည်။ အမှန်အားဖြင့် ဗုဒ္ဓဘာသာသမ္မာနွယ်ဝင်သူတော်စင်တို့အဖို့ အလွန်အရေးကြီးသော ကုသိုလ်မှု တစ်ခုပင်ဖြစ်သည်။

အပစာယနသည် ကိုယ်ကျင့်တရား တစ်မျိုးဖြစ်၍ သီလနှ

အကျုံးဝင်၏။ သူ့ကို "အပစာယတိ ပူဇာဝသေန သာမီစိ ကရောတိ ဧတေနာတိ အပစာယနံ"ဟုဖွင့်၍ ပူဇော်ခြင်း၏အစွမ်း ဖြင့်ဖြစ်သော တရားဟုဆို၏။ ပူဇော်ခြင်း၊ မြတ်နိုးခြင်း၊ ရိုသေခြင်း၊ လေးစားခြင်းတို့သည် သူ၏သဘောတရားများ၊ နာမည့်ထူးများပင်ဖြစ်၍ ဗုဒ္ဓဘာသာ သာသနာရေးတွင် မည်မျှ အရေးကြီးကြောင်း သိနိုင်၏။

ရတနာသုံးပါး မိဘဆရာသမားများနှင့် ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ ဂုဏ်ထူးရှိကြသော အဘိုး၊ အဘွား၊ ဦးကြီး၊ ဦးလေး၊ အစ်ကို၊ အစ်မမှစ၍ ရိုသေထိုက်သူတို့ အနီးအနားသို့သွားတိုင်းပင် ဤတရားမှာ အရေးပါ၏။ လှူဒါန်းမှု–ဒါန၊ ဆောက်တည်မှု–သီလ စသည်တို့မှာ ဤအပစာယနလျှင် ရှေးသွားရှိပေသည်။ ဤအပစာယနနှင့်အညီ ချဉ်းကပ်မြတ်နိုး ရှိခိုးပူဇော်ပြီးမှသာ လှူဒါန်းမှု၊ ဆောက်တည်မှုတို့ကို ပြုရပေသည်။ ထို့ကြောင့် အပစာယနသည် ဒါန၏ရှေ့ပြေးတရား၊ သီလ၏ ဦးဆောင်တရားဟုဆိုက မမှားနိုင်ပါချေ။

ဤတရားကို ဝိသေသ အပစာယန၊ သာမည အပစာယန ဟု ဗုဒ္ဓကျမ်းစာတို့က နှစ်မျိုးခွဲပြထား၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ရိုသေလေးစားညွတ်တွား ရှိခိုးမှုတို့ကို ဝိသေသ အပစာယနဟုဆို၏။ ဤရတနာသုံးပါးဟူသည်မှာ သာသနာတော်နှင့် တွေ့ကြုံမှသာ ဆုံနိုင် ကြုံနိုင်၏။ ဆုံရကြုံရ သောအခါမှာလည်း ဤသို့ ရိုသေလေးစားညွတ်တွားရိုကျိုးမှု ရှေ့ထား၍ အနီးအပါးသို့ဆည်းကပ်ပြီးမှသာ ဓမ္မဒေသနာ

နာကြားမှု၊ ဒါန သီလပြုမှု၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများမှုများ ပြုကာ မင်္ဂလာရောက်ဖိုလ်ဝင်ဖြစ်နိုင်၏။ ထို့ကြောင့် ဝိသေသ အပစာယနဟု ဆိုရပေသည်။

သာမည အပစာယနကား မိဘ ဆရာတို့နှင့်တကွ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိပုဂ္ဂိုလ် ဆိုခဲ့သောသူများအား ရိုသေ လေးစား ညွှတ်တွားရိုကျိုးမှုပင်ဖြစ်၏။ ဤတရားမှာလည်း နိဗ္ဗာန် မဂ်ဖိုလ်ကို ရက်တိုတိုနှင့် မရနိုင်သည့်တိုင်အောင် လောကီရေးတွင် ကြီးပွားမှု စီးပွားမှုဖြစ်နိုင်သောတရားပင် ဖြစ်ပေသည်။

အားလုံးကြားနေကျဖြစ်သော "အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဍာပစာယိနော၊ စတ္တာရော ဓမ္မာဝဍ္ဍန္တိ၊ အာယုဝဏ္ဏောသုခံ ဗလံ"ဟူသော ဆုပေးဂါထာတွင် ဤ အပစာယနဟူသော ရှိခိုးထိုက် ရှိခိုးသင့်၊ ရိုသေထိုက် ရိုသေသင့်သော လူကြီးမိဘ တို့အား အမြဲရိုသေ မြတ်နိုးရှိခိုးလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ကိုယ်အားဉာဏ်အား နှစ်ပါးသော အားခွန်ဗလကြီးခြင်းဟူသော အကျိုးထူးများ ဖြစ်ပေါ်တတ် ကြောင်း ဖော်ပြထားပေသည်။ ဤဂါထာသည် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူထားသော ဒေသနာတော် ဖြစ်လေသည်။

ထို့ကြောင့် လောကီတွင် စီးပွားရေး ကြီးပွားရေးလုပ်ကာ ဥစ္စာရှာဖွေနေကြသူတိုင်းပင် ဤအပစာယန တရားနှင့်အညီ ကျင့်သုံး၍ လုပ်ငန်းဆောင်တာကိစ္စအဖြာဖြာအတွက် အိမ်က မထွက်မီ အိမ်မှာရှိသောဘုရားခန်း၌ ဘုရား တရား သံဃာ

ရတနာသုံးပါးတို့အား မိဘဘိုးဘွားတို့နှင့်အတူနေလျှင်လည်း မိဘဘိုးဘွားတို့အား ရှိခိုး၍ အိမ်မှထွက်သင့်၏။ ထိုအခါတွင် ဤအပစာယန အကျိုးဖလကြောင့် မိမိဆန္ဒများပြည့်ဝကာ လိုအပ်သော ကောင်းကျိုးချမ်းသာများကို ရရှိနိုင်ပေသည်။

ထို့ကြောင့် လောကုတ္တရာရေးမှာဖြစ်စေ၊ လောကီရေးမှာ ဖြစ်စေ ကြီးပွားတိုးတက်လိုသူတိုင်း ဤအပစာယနဟူသော ရတနာသုံးပါး မိဘဆရာသမားနှင့် ဘိုးဘွားစသော ကြီးသူတို့အား ပူဇော်ခြင်း၊ မြတ်နိုးခြင်း၊ ရိုသေခြင်း၊ လေးစားခြင်းဟူသော အကျင့်သီလတို့ကို အမြဲပင်ကျင့်သုံးနိုင်ကြရန် လိုအပ်လှပေသည်။

"အပစာယနယှဉ်၊ ကြီးသုံးစဉ်၊ တလျှဉ်မဖြစ် ဘယ်ကြောင့်နည်း"ဟူသော စွယ်စုံကျော်ထင် ပုစ္ဆာအဖြေ၌ "ကြီးသောသူတို့ကို ရိုသေခြင်းသည် အပစာယန ကုသိုလ်ဖြစ်၏ဟုရာ၌ ကြီးခြင်းသည် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် ကြီးခြင်းတည်းဟူသော ဂုဏဝုဍ္ဎိ၊ အသက်အရွယ်ဖြင့် ကြီးခြင်းတည်းဟူသော ဝယဝုဍ္ဎိ ဤနှစ်ပါးတို့၌ ရိုသေခြင်းသည်သာလျှင် အပစာယနကုသိုလ် ဖြစ်၏။ အမျိုးအရိုး ကြီးခြင်း၊ စည်းစိမ်ကြီးခြင်းရှိသော မင်း စသည်တို့၌ ရိုသေခြင်းသည် အပစာယနကုသိုလ်မဖြစ်။ ထိုသို့ မဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟု မေးလိုသည်။ ဇာတိဝုဍ္ဎိဖြစ်သော မင်းစသည်တို့ကို ရိုသေခြင်းကား ကြောက်၍ သော်လည်းကောင်း၊ ဆုလာဘ်ကို လို၍သော်လည်းကောင်း ရိုသေခြင်းဖြစ်သည်။ ကုသိုလ်ရကြောင်း ကောင်းသောနှလုံးသွင်း ဖြင့် ရိုသေသည်မဟုတ်။ ထို့ကြောင့် အပစာယနကုသိုလ်

မဖြစ်ပေ။ (အဘိဓမ္မာဂဏ္ဌိပုဒ်)ဟု ဖြေဆိုထားပေသည်။ သို့သော် ရှိသေထိုက်သော မင်းစိုးရာဇာတို့၌လည်း ရှိသေရခြင်းမှာ ယဉ်ကျေးမှုအရ ပြုသင့်သော ဝတ္တရားတစ်ခုပင် ဖြစ်လေသည်။

## (၅) ဝေယျာဝစ္စ

ပုညကိရိယ ဝတ္ထု (၁၀)ပါးတွင် ဝေယျာဝစ္စဟူသော ဤပုညကိရိယဝတ္ထုကို မြန်မာဗုဒ္ဓဘာသာသူ တော်စင်တို့ အသိအများဆုံးပင်ဖြစ်သည်။ ပါဠိဝေယျာဝစ္စဟူသော ပုဒ်ကပင် မြန်မာစကားစစ်စစ်ဖြစ်လာကာ အမှုကြီးငယ်အသွယ်သွယ် ဆောင်ရွက်ဖွယ်ဟူသမျှ ဆောင်ရွက်လုပ်ဆောင်ခြင်းဟူသော အရှည်အဓိပ္ပာယ်ကို ဝေယျာဝစ္စဟူသော ပုစ်တစ်ပုဒ်ဖြင့်ပင် နားလည်နေတော့သည်။ "လာကြဟေ့-ဘုရားနှင့်ဆိုင်တဲ့ ဆောင်ရွက်စရာတွေကို သွား လုပ်ကြရအောင်"ဟု မြန်မာစကားဖြင့်ပြောလျှင်ပင် အဓိပ္ပာယ် ရှုပ်ထွေးနေဦးမည်။ "လာကြဟေ့-ဗုဒ္ဓဝေယျာဝစ္စတွေ သွားလုပ်ကြရအောင်"ဟု ပါဠိလိုပြောလိုက်သည်ကပင် မြန်မာလူမျိုးတိုင်း ရှင်းလင်းနားလည် သွားလေတော့သည်။

ဤဝေယျာဝစ္စ ပုညကိရိယဝတ္ထုအရာ၌ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ၊ အာစရိယ ဝေယျာဝစ္စ၊ မာတာပိတု ဝေယျာဝစ္စ စသည်ဖြင့် အမည်အမျိုးမျိုးများပြားသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိသည့်အခါ မြတ်စွာဘုရားကိုယ်တော်အား မျက်နှာသစ်ရေ၊ ဒန်ပူဆက်ကပ်ခြင်း၊ ဒုကုဋ္ဌ်သင်္ကန်း သပိတ်တို့ကို လွယ်၍လိုက်ခြင်း၊ ဆက်ကမ်းခြင်းအမှု

ကြီးငယ်တို့ကို အရှင်အာနန္ဒာမထေရ်ကဲ့သို့ ကျိုးကျိုးနွံနွံ ဆောင်ရွက်ခြင်းတို့ဖြင့် အလုပ်အကျွေးပြုခြင်းသည် ဗုဒ္ဓဝေယျာဝစ္စ ဖြစ်သည်။ ထို ဗုဒ္ဓဝေယျာဝစ္စပြုရာ၌ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ပုဂ္ဂိုလ်တိုင်း မတတ်နိုင်ချေ။ အချို့ရဟန်းတို့သည် စိတ်သဘောထားမတိုက်ဆိုင်၍ မြတ်စွာဘုရား၏ ပရိက္ခရာတို့ကို မြေပေါ်တွင်ချထား၍ လမ်းခွဲသွားခြင်းမျိုးပင် ရှိခဲ့ဖူးသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် သက်တော်အတန်ရင့်မှ ထာဝရ ဝေယျာဝစ္စပြုမည့် ဥပဋ္ဌာကရဟန်းကို ခန့်ထားတော်မူရသည်။ ဤယခုအခါတွင် မြတ်စွာဘုရား၏ သရီရဓာတ်တော် မွေတော်များ ကိန်းဝပ်ရာ စေတီတော်၌ တံမြက်လှည်းခြင်း၊ သုတ်သင်ခြင်း၊ စေတီတော်ပျက်စီးဟောင်းနွမ်း မကောင်းဆိုးဝါးဖြစ်နေလျှင် ပြုပြင်ခြင်း၊ အသစ်တည်ထားခြင်း၊ စေတီတော်၏ ဘဏ္ဍာအသုံးအဆောင်တို့ကို မပျက်မစီးစေရအောင် ကောင်းစွာထိန်းသိမ်းထားခြင်း၊ စေတီယင်္ဂဏဝတ် ပြုလုပ်ခြင်း၊ ဗောဓိယင်္ဂဏဝတ်ပြုခြင်း၊ ညောင်ရေသွန်းခြင်း၊ ပန်းဟောင်းစွန့်ပစ်ခြင်း စသည်တို့မှာ ဗုဒ္ဓဝေယျာဝစ္စများပင် ဖြစ်လေသည်။

ဓမ္မဝေယျာဝစ္စအနေပြင့် ပိဋကတ်တော် စာပေအက္ခရာတို့ကို ပိုး၊ ရွ၊ ခြ၊ ကြွက် မဖျက်မဆီးစေရအောင် ကောင်းစွာ သိမ်းဆည်း စောင့်ရှောက်ခြင်း၊ တရားပွဲခင်းကျင်းရာ၌ဖြစ်မြောက်အောင် ဆောင်ရွက်ခြင်း၊ တရားပွဲဆိုင်ရာ အလုပ်ကိစ္စတို့၌ တက်တက်ကြွကြွ လုပ်ဆောင်ခြင်း စသည်များပင် ဖြစ်နိုင်ပေသည်။

သံဃဝေယျာဝစ္စအနေဖြင့်ကား များလှပါ၏။ သံဃာတော်တို့၏ ကျောင်းအာရာမ် ပရိဝုဏ်၌ တံမြက်တလင်းသုတ်သင်ခြင်း၊ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း၊ သံဃာတော်တို့၏ ထိုသို့အမှုကြီးငယ်တို့ကို ဆောင်ရွက်ခြင်း၊ မိမိအိမ်ကို ကြွလာသော သံဃာတော် အရှင်အား ခြေသုတ်ခြင်း၊ နေရာထိုင်ခင်းပေးလှူခြင်း၊ ရိုသေစွာ စကားစမြည်လျှောက်ထား ပြောဆိုခြင်း၊ သောက်ရေကပ်ခြင်း၊ ဆွမ်းချိန်၌ ဆွမ်းလောင်းလှူခြင်း စသည်တို့ကား ဗုဒ္ဓဘာသာဝင်တိုင်း ပြုလုပ်ရမည့် သံဃဝေယျာဝစ္စများပင်ဖြစ်သည်။

အာစရိယ ဝေယျာဝစ္စ အနေဖြင့် လူဆရာသမားတို့၌ တပည့်ဝတ္တရားအားလျော်စွာ ညီညာထကြွ ဆုံးမနာယူလာမှုကြိုဆီး ထံနီးလုပ်ကျွေး သင်တွေးအံ့ရွတ် ဤဝတ္တရားများသည်ပင် တပည့်တို့ပြုရမည့် ဝေယျာဝစ္စများဖြစ်ပေသည်။ ထိုတွင် ထံနီးလုပ်ကျွေးဟူသော ဝတ္တရားပါရှိရာ အမြဲတမ်း အနီးကပ်လုပ်ကျွေးကြ၍ အနီးမနေဘဲ ဝေးနေသော်လည်း တွေ့သည့်အခါတိုင်း ဆရာ့အနီး၌ တက်တက်ကြွကြွ ဝေယျာဝစ္စ ပြုနိုင်ကြရန် အရေးကြီးပေသည်။

မိဘဆိုင်ရာ၌ကား အထူးပင်ပြောစရာလိုမည်မထင်ပေ။ မိမိတို့သည် အမြဲထာဝစဉ် မိဘနှင့်အတူတကွနေကြရသဖြင့် မိမိအမှုကိစ္စကိုသော်လည်း နောက်ထား၍ မိဘနှစ်ပါး၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်သယ်ပိုးကြရန် အရေးကြီးပေသည်။ အချိန်အရွယ် ငယ်သေး၍ မိဘအိမ်၌နေရစဉ်အခါ တတ်နိုင်သမျှ

လုပ်ကျွေးရမည့် သားသမီးဝတ္တရားမှာ ဤဝေယျာဝစ္စ စာရင်းဝင် ဖြစ်သဖြင့် မိမိကလုပ်ကျွေးခြင်းဟူ၍ပင် မဆိုရ၊ မိဘအလုပ်ကို ခွဲဝေကူညီ၍ လုပ်ကိုင်ပေးရခြင်းဟူ၍သာ ဆိုရပေသည်။

ထို့အတူပင် အဘိုး အဘွားများ၊ ဆွေကြီးမျိုးကြီး၊ မိကြီး မိထွေး၊ အစ်ကိုအစ်မများမှစ၍ ကြီးသူတို့၏ အမှုကိစ္စတို့ကို လုပ်ဆောင်ပေးကြရန်မှာ လူမျိုးတိုင်း၏ ယဉ်ကျေးမှုပင် ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုတွင် ဤဝေယျာဝစ္စလုပ်ဆောင်မှုမှာ သာမှု နာမှု အစုစု၌ပင် အမြဲတမ်းပါဝင်၍နေသဖြင့် ပုညကိရိယ ကုသိုလ် ကမ္မပထတရားနေဖြင့် မဟုတ်သည့်တိုင်အောင်ပင် မလုပ်မနေရ၊ မပြုလျှင် မဖြစ်သောကိစ္စတစ်ရပ်ဖြစ်နေပေသည်။ ထို့ကြောင့် လူမှုဝတ္တရားများကို ထမ်းဆောင်ရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ်ဟူသော စကားကဲ့သို့ ဗုဒ္ဓဘာသာကျင့်သုံးရာ ဖြစ်သော ဝေယျာဝစ္စ ပုညကိရိယကမ္မပထ ကုသိုလ်တရားကို များများကြီး ယူနိုင်အောင် အားထုတ်ကြပါဟု တိုက်တွန်း နှိုးဆော်လိုပေသည်။

## (၆) ပတ္တိဒါန

ပုညကိရိယ ဝတ္ထု (၁၀)ပါးတွင် ခြောက်ခုမြောက် ဝတ္ထု မှာ ပတ္တိဒါနပင်ဖြစ်၏။ ပတ္တိဒါနမှာ အလှူပေးခြင်းတည်းဟူသော ဒါနပုညကိရိယဝတ္ထုကို ပြုလုပ်ပြီးလျှင် မိမိပြုလုပ်သော ဒါန ကုသိုလ်စေတနာကို ခပ်သိမ်းသော သတ္တဝါတို့အား ရကြပါစေဟု အမျှပေးဝေခြင်းကိစ္စပင်ဖြစ်၏။ မိမိပြုလုပ်သော ဒါနကောင်းမှုကို

ခွဲဝေပေးခြင်းမျိုးမဟုတ်။ မိမိနှင့်အတူ အညီအမျှရကြပါစေဟု စေတနာထား၍ မြွက်ကြားခြင်း၊ ဝေမျှခြင်းပင်ဖြစ်၏။

လောက၌ ပစ္စည်းဝတ္ထုကို ပေးကမ်းလိုက်လျှင် ဝေမျှလိုက်လျှင် မိမိ၌ လက်ကျန်နည်းသွားရ၏။ ဤပတ္တိဒါနသဘောက ဤသို့မဟုတ်၊ နည်းမသွားသည့်အပြင် ဆတက်ထမ်းပိုးတိုး၍ပင်လာသော သဘောရှိ၏။ မူလက ဒါနစေတနာမျှသာရှိသော်လည်း အမျှပေးဝေခြင်းဖြင့် ပတ္တိဒါနစေတနာတစ်မျိုး ထပ်မံတိုးပွားလာရလေသည်။ မိမိလက်၌ ထွန်းညှိထားသော ဖယောင်းတိုင်မှ အခြားဖယောင်းတိုင်ကို မီးကူးညှိထွန်းလိုက်လျှင် မူလဖယောင်းတိုင်၏အလင်းရောင်တွင် နောက်ထပ်ကူညှိလိုက်သော ဖယောင်းတိုင်၏ အလင်းရောင်ထပ်တိုးလင်းထိန်လာသကဲ့သို့ပင် ဖြစ်ကြောင်း ဥပမာဆို၏။

ယင်းသို့ကျမ်းဂန်လာသောကြောင့် ခပ်သိမ်းသော ပညာရှိသူတော်ကောင်းတို့သည် ကောင်းမှုပြုပြီးလျှင် သတ္တဝါအပေါင်းတို့အား အမျှပေးဝေရန် မမေ့သင့်ကြပေ။ အမျှပေးဝေခြင်းဖြင့် မူလကုသိုလ်မှတစ်ပါး ပတ္တိဒါနကုသိုလ်တစ်တန် ပွားပြန်သဖြင့် အကျိုးထူးနှစ်ပါးကို ရပေတော့သည်။ ဤပတ္တိဒါနခေါ် အမျှပေးဝေခြင်းသည် မရည်မှန်း၊ မပိုင်းခြားဘဲ သာမညအားဖြင့် ဝေခြင်း၊ ရည်မှန်းပိုင်းခြားလျက် ဝိသေသအားဖြင့် ဝေခြင်းဟု နှစ်မျိုးရှိ၏။

မရည်မှတ် မပိုင်းခြားဘဲ ပေးဝေခြင်းကား ဣဓံ မေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမဟူ၍ ဤအကျွန်ုပ်၏ ကုသိုလ်ကောင်းမှုအဖို့ကို စကြဝဠာ အနန္တ ရှိ သတ္တဝါအပေါင်းတို့အား

ရကြပါစေ အမျှပေးဝေပါ၏ဟူ၍ ပေးဝေခြင်းမျိုးပင်ဖြစ်ပေ၏။ ရည်မှတ်ပိုင်းခြား၍ ပေးဝေခြင်းကား ကွယ်လွန်၍သွားသော မိဘ၊ ဘိုးဘွား၊ ဆွေမျိုးသားချင်းတို့အတွက် ကုသိုလ်ပြု၍ပေးဝေခြင်း၊ လူနတ်တို့အား အမျှပေးဝေခြင်း၊ ပြိတ္တာတို့အား အမျှပေးဝေခြင်း စသည်များဖြစ်သည်။ အမျှဝေသူ၏ စိတ်ထားစေတနာ ရည်ညွှန်းရာအတိုင်း အမျှပေးဝေခံရသူက သာဓုအနုမောဒနာ ခေါ်လျှင် ထပ်တူအကျိုးရနိုင်ပေသည်။ မရည်ညွှန်းဘဲ အမျှပေးဝေ၍ ဖြစ်စေ၊ ရည်ညွှန်းလျက် အမျှပေးဝေ၍ဖြစ်စေ သာဓုခေါ်မိပြီး အကျိုးတရားခံစားရလျှင် ခံစားရသူက အမျှဝေသူအား ကျေးဇူးပြုကာ အစဉ်စောင့်ရှောက် ကူညီတတ်ကြောင်း မြတ်စွာဘုရား ဟောတော်မူထားချက်ရှိပေသည်။

အမျှဝေသည်ဟူရာ၌ အထူးတလည် အလှူအတန်းပြုလုပ်၍သာ အမျှဝေရသည်မဟုတ်ပါ။ စားကြွင်းစားကျန်ကို တိရစ္ဆာန်တို့အားကျွေးရာမျိုးလို အသေးအဖွဲ့အလှူဒါနကိုပင်ဖြစ်စေ အမျှဝေမိအောင် ဝေသင့်သည်။ ဇာတကတိကနိပါတ် မစ္ဆုဒ္ဒါနဇာတ် (ဇာ ၄ ၂၊ ၃၀၁)တွင် ဘုရားလောင်းသူကြွယ်ဝတ္ထုမှာ မှတ်သားစရာ ကောင်းလှသည်။

ဘုရားလောင်းတွင် ညီတစ်ယောက်ရှိသည်။ ဘုရားလောင်း စိတ်ထားကောင်းသလောက် ညီဖြစ်သူက စိတ်သဘောထား ဆိုးသည်။ တစ်နေ့တွင် ညီအစ်ကိုနှစ်ယောက် ကြွေးတောင်းသွားရာမှ အပြန်တွင် မြစ်ဆိပ်၌လှေဆိုက်၍ ပါလာသော ထမင်းထုပ်ကိုဖြေ၍ နှစ်ယောက်အတူစားကြ၏။ ထမင်းမှာ စား၍မကုန်၊

အတန်ငယ် ကြွင်းကျန်နေရာ အစ်ကိုဘုရားလောင်းသည် ကြွင်းကျန်သောထမင်းတို့ကို မြစ်ထဲသို့ချ၍ ငါးတို့ကိုအစာကျွေး၏။ ထို့နောက် ဤငါးတို့ကိုအစာကျွေးရသော ကုသိုလ်အဖို့ကို သတ္တဝါအားလုံးရကြပါစေ၊ အထူးအားဖြင့် ဤမြစ်စောင့်နတ်များ ရကြပါစေဟု အမျှပေးဝေခဲ့လေသည်။ မြစ်စောင့်နတ်သည် သာဓုခေါ်ရ၍ စည်းစိမ်တိုးတက်လေ၏။ သူတို့ညီအစ်ကို ကြွေးတောင်း၍ ငွေတစ်ထောင်ရခဲ့ရာ ငွေကိုထုပ်၍ယူလာခဲ့၏။ အစ်ကိုဘုရားလောင်း အမေ့အလျော့ရှိစဉ် ညီဖြစ်သူက ငွေထုပ်နှင့်တူစွာ ကျောက်စရစ်ခဲများကို အထုပ်တစ်ထုပ်ပြုလုပ်လျက် ဝှက်ယူလာခဲ့လေသည်။ တစ်နေရာတွင် လှေလှော်ရင်း ညီက လှေကိုစောင်းအောင်ပြု၍ ကျောက်စရစ်ထုပ်ကို ရေထဲသို့ပစ်ချလိုက်ပြီး ငွေထုပ် ရေထဲကျသွားပြီဟုဆိုကာ ငိုယိုလေ၏။

အစ်ကိုဘုရားလောင်းက ငါ့ညီ မတော်၍ကျသည်ကို ကျပေစေတော့ ငိုမနေလင့်၊ ငါတို့တွင် စားသုံးရန် ရွှေ၊ ငွေများစွာရှိသေး၏ဟု နှစ်သိမ့်စေ၏။ အမှန်မှာ ကျောက်စရစ်အိတ်အစား ငွေအိတ်ကို ပစ်ချလိုက်မိခြင်းဖြစ်၏။ ညီကား ဝမ်းမြောက်ဝမ်းသာ ကျန်ရစ်သော ကျောက်စရစ်အိတ်ကို ငွေအိတ်အမှတ်ဖြင့် ကဲ့ဝှက်၍ယူသွားပြီး အိမ်ကျမှကြည့်ရာ ငွေအိတ်မဟုတ်ကြောင်းသိရ၍ သောကကြီးစွာဖြစ်လေ၏။

အစ်ကိုဘုရားလောင်း ငါးအစာကျွေး၍ အမျှဝေသဖြင့် အမျှရကာ နတ်စည်းစိမ်တိုးသွားသော မြစ်စောင့်နတ်သည် ကျသွားသော ငွေအိတ်ကို ငါးကြီးတစ်ကောင်အား မျိုစေခြင်း၊

ရှင်းငါးကြီးကို တင်ပါသည်တို့ ဖမ်းမိအောင်ပြုခြင်း၊ ထိုငါးကို ရောင်းချရာ၌ ဘုရားလောင်းအိမ်မှ ဝယ်ဖြစ်အောင်ပြုခြင်း၊ ဘုရားလောင်းဇနီးက ငါးဝမ်းခွဲ၍ ငွေတစ်ထောင်အပြည့်အစုံ ပြန်ရစေခြင်းတို့ကို တန်ခိုးဖြင့် ပြုလုပ်ပေးလေသည်။

ဘုရားလောင်းကား စိတ်သဘောထား ကောင်းမွန်သူ ဖြစ်၍ ငွေတစ်ထောင်ကို ငါးဝမ်းမှရလျှင် ငါ့ညီက ရေထဲသို့ ကျသွားပြီဆိုသော ငွေပါတကား၊ သွားချေ၊ တစ်ဝက်စီဝေ၍ ယူအံ့၊ ငါ့ညီကို ခေါ်ကြပါစေဟုဆိုလေသော် အစဉ်စောင့်ရှောက်လာခဲ့သော မြစ်စောင့်နတ်သည် ကိုယ်ထင်ပြ၍ "သင့်ညီသည် သူယုတ်မာဖြစ်၏။ မပေးလင့်"ဟု အဖြစ်အပျက်အားလုံးကို ပြန်လည် ပြောပြလေသည်။ ဘုရားလောင်းကား စိတ်ထားကောင်းသူ ပီသစွာပင် ညီကိုခေါ်၍ ထက်ဝက်ခွဲ၍ ပေးမြဲပေးလေသည်။

## (၇) ပတ္တာနုမောဒနာ

"သာဓု–သာဓု–သာဓု"ဟု သုံးကြိမ်တိုင်တိုင် "ကောင်းပါပေစွ–ကောင်းပါပေစွ–ကောင်းပါပေစွ"ဟု စိတ်ပါလက်ပါ နှုတ်မြွက်ချီးမွမ်းလိုက်သော အသံသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ နှုတ်ဖျား၌ အကြိမ်ပေါင်းများစွာ ဖြစ်ပွားလေ့ရှိပေသည်။ အလှူဒါနပြု၍ အလှူဒါနပြုသူ ကုသိုလ်ရှင်က အမျှဝေသော အခါမျိုး၌ဖြစ်စေ၊ တရားဒေသနာနာကြားရာ၌ဖြစ်စေ ဤအသံကို ကြားနာကြရလေ့ရှိသည်။ အမှန်အားဖြင့် ဤသာဓုခေါ်ခြင်း

ပဋ္ဌာနမောဒန ပုညကိရိယဝတ္ထုသည် မိမိမှတစ်ပါး အခြားပုည ကိရိယ (၉)ပါးတိုင်း၌ပင် ဖြစ်ပွားနိုင်ပေသည်။

ပဋ္ဌာနမောဒန (ပဋ္ဌ–အနုမောဒန) သူတစ်ပါးတို့ပြုအပ် သော ဒါန သီလ ဘာဝနာ အစရှိသည့် ပုညကိရိယာအမှု ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်းဟူသည်မှာ ဣဿာ မစ္ဆရိယ စသည် လွတ်ခြင်း သန့်ရှင်းသောစေတနာ လွန်စွာ မွန်မြတ်သော စိတ်နှလုံးဖြင့် ဝမ်းမြောက်ခြင်း၊ နှုတ်ဖြင့်မြွက်ဖော်၍ သာဓုနမော် ကောင်းချီးခေါ်ခြင်းမျိုးဖြစ်၍ စင်စစ်လေ့လာကြည့်လျှင် သာဓုခေါ် တိုင်း ကောင်းပါပေစွဟု နှုတ်မြွက်တိုင်းဖြစ်နိုင်သော ကုသိုလ် မဟုတ်ပေ။

ဒါန ကုသိုလ်ပွဲတွင် ထူးထူးကဲကဲ လှူဒါန်းနေသော အလှူရှင်ကိုကြည့်၍ ဝမ်းမြောက်ဝမ်းသာ မုဒိတာတရား ဖြစ်ပွား နေမှသာ ဤတရားဖြစ်နိုင်သဖြင့် ဒါနကုသိုလ်ရှင်ကို တွေ့မြင် ရတိုင်း မိမိက မုဒိတာ ဖြစ်မဖြစ် စဉ်းစားကြည့်ရန်လိုသည်။ ဣဿာဟူသော မနာလိုမှု၊ မစ္ဆရိယဟူသော ဝန်တိုမှုတို့မှာ သာမန် ပုထုဇဉ်တိုင်းဖြစ်ပွားရန် လွယ်ကူသဖြင့် အပြင်ပန်းအား ဖြင့် ရှင်လန်းကြည်နူးဟန်ဆောင်နေရပြီး အတွင်းအဇ္ဈတ္တသန္တာန် နာမ်တရားဟူသော စိတ်ထဲကမှ "အလကားပါ၊ ပကာသနာ တွေပါ"ဟု ကဲ့ရဲ့ယောင် မှုနေကြလျှင် နှုတ်က ဘယ်မျှပင် သာဓုသံတွေ ဝေနေသော်လည်း ပဋ္ဌာနမောဒနာစစ်စစ် မဖြစ်နိုင် တော့ပေ။

မဓမ္မဒေသနာ ပုညကိရိယဖြစ်သော တရားပွဲတို့တွင်

ဓမ္မကထိကပုဂ္ဂိုလ်၏ ဂါထာတစ်ပုဒ်ဆုံးတိုင်း တရားနာသူတို့က သာဓုခေါ်လေ့ရှိ၏။ ထိုတရားပွဲ၌ဖြစ်လေ့ရှိသော သာဓုသံတို့မှာလည်း ပတ္တာနုမောဒန သဘောထက် "ရွတ်ပုံဖတ်ပုံ ကောင်းပါပေသည်၊ အသံဆွဲငင်အားကောင်းပါပေသည်" ဟူသောချီးကျူးဂုဏ်ပြု သာယာတပ်မက်မှုသဘောသို့ သက်ရောက်သွားတတ်ချေသေးသည်။ ထို့ကြောင့် သာဓုခေါ်တိုင်း ပတ္တာနုမောဒန မဖြစ်နိုင်သည်ကို သတိပြုရမည်။

အမှန်အားဖြင့် ဣဿာမစ္ဆရိယကင်း ဝမ်းမြောက်ခြင်း မုဒိတာတရား ရှေ့ထားနိုင်မှသာ ဤပတ္တာနုမောဒနဖြစ်နိုင်သဖြင့် ဒါနပွဲ သီလပွဲတို့၌ ထူးကဲသော ဤတရားမှာ အမှန်တကယ်သာ ဖြစ်ပွားရလျှင် ပြုသူနှင့်အတူ အမျှကုသိုလ်အဖို့ ရနိုင်သဖြင့် အလွန်အားထုတ်သင့်သော အမှုဖြစ်ပေသည်။

အကုသိုလ်များပြား ကုသိုလ်တရား နည်းပါးသဖြင့် ဘဝတစ်ပါး ပြောင်းသွားရာအခါ၌ ပေတလောကသို့ ရောက်သွားရလျှင် ကျန်ရစ်သူဆွေမျိုးသားချင်းတို့က ကုသိုလ်ပြုသဖြင့် သာဓုခေါ်လိုက်ရ၍ သာဓုခေါ်သည်နှင့်တစ်ပြိုင်နက် ပေတလောကမှ လွတ်မြောက် စည်းစိမ်ချမ်းသာတွေ ပိုမောက်၍ ဘုံပေါက်ဗိမာန် ပေါ်ပြီး အပေါင်းအဖော် အခြွေအရံများပါ တစ်ခါတည်း ဖြစ်လာနိုင်သည်ကိုကြည့်လျှင် သာဓု ခေါ်ရုံမျှနှင့် ကိုယ်တိုင်ပြုသူနှင့် မခြား တစ်သားတည်းပင် ကျနေကြောင်း ထင်ရှားလှပေသည်။

ထို့ကြောင့် လူသာဓုခေါ် နတ်သာဓုခေါ် ဟူသော စကားအတိုင်းပင် အလှူတစ်ခုတစ်ခုတွင် ဤပုညကိရိယတရား ဖြစ်ပွား

လာရန် လှူသူတော်ကောင်းများ သာဓု ခေါ်ကြသကဲ့သို့ နတ်သူ တော်ကောင်း၊ ပြဟ္မာ သူတော်ကောင်းတို့ကလည်း သာဓု ခေါ်ကြမြဲဖြစ်ပေသည်။ ဆိုလိုသည်မှာ ပတ္တာနုမောဒန၏ အကျိုး တရားကို သိသူတိုင်း သာဓုခေါ်ရန် စောင့်ဆိုင်း၍ နေသည်ဟူ၍ပင် ဖြစ်ပါ၏။

အရှင်အနုရုဒ္ဓါ ရဟန္တာအရှင်သူမြတ် ဒေဝ ဒေသစာရီ တာဝတိံသာနတ်ပြည်သို့ ကြွရာဝယ် အလွန်ကြီးကျယ်စည်ကား သည့် ရွှေသား ဗိမာန်ကြီးတွင် ဥယျာဉ်ရေကန် ခြံရံများစွာနှင့် အလွန်တရာလှပသော နတ်သမီးတစ်ယောက်ကို တွေ့၍ ကုသိုလ်အကျိုးကို မေးမြန်းသောအခါ "တပည့်တော်မှာ ကုသိုလ် ထူးထူးခြားခြား ပြုခဲ့ဖူးခြင်းမရှိပါ။ သူငယ်ချင်းမ ဝိသာခါက ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး လှူဒါန်း၍ ရေစက် သွန်းချ အမျှဝေသောအခါတွင် မိမိကပေးလှူခြင်းမရှိသော်လည်း ကြည်ညိုကာ စင်ကြယ်စွာဖြင့် သာဓု-သာဓု-သာဓုဟု အနုမောဒနာပြုခဲ့ရုံမျှဖြင့် ဤစည်းစိမ်ချမ်းသာကို ရခြင်းဖြစ်ပါသည် ဘုရား"ဟု လျှောက်ထားခဲ့ပုံကို ဝိဟာရဝိမာန ဝတ္ထု (ခု-၂၊ ၆၀)တွင် ပါရှိပေသည်။

သို့ဖြစ်၍ မုဒိတာတရား ရှေ့ထားလျက် ဒါနပွဲတို့တွင် ဖြစ်စေ၊ သီလပွဲတို့တွင်ဖြစ်စေ၊ ဘာဝနာပွဲတို့တွင်ဖြစ်စေ မိမိက စိတ်ထားဖြူဖြူစင်စင်၊ နှုတ်အား ကြည်ကြည်ရွှင်ရွှင်ဖြင့် ပီပီ ပြင်ပြင် သာဓုခေါ်နိုင်ရန်လိုပေသည်။ စိတ်ထားတတ်လျှင် မြတ်

သည်ဟုဆိုသည့်အတိုင်း စိတ်ထားတတ်တတ်ဖြင့် လေးလေး မြတ်မြတ် သာဓုခေါ်တတ်လျှင် ကိုယ်တိုင်မပြုသော်လည်း အစုမျှ မက ပြုသူနှင့်အမျှ အကျိုးကိုရနိုင်သော ဤပတ္တာနုမောဒန ကုသိုလ်ထူးကို ဆည်းပူးနိုင်ကြပါစေသောဝ်။

## (၈) ဓမ္မဿဝန

ဗုဒ္ဓုပ္ပါဒဒုလ္လဘာ၊ မနုဿဘာဝဒုလ္လဘာ၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ၊ ပဗ္ဗဇိတဘာဝဒုလ္လဘာ၊ သဒ္ဓမ္မဿဝနဒုလ္လဘဟု ဒုလ္လဘတရား ငါးပါးပြဆိုရာ၌ သဒ္ဓမ္မဿဝန သူတော်ကောင်းတရား နာကြားခြင်း ကို ဘုရားအဖြစ်၊ လူ့အဖြစ် စသည်တို့နှင့် တစ်တန်းတစ်စား တည်းထား၍ ပြထားသည်ကိုသတိပြုမိ၏။ အချို့မှုတို့တွင် ယင်းသဒ္ဓမ္မဿဝနကို အတိဒုလ္လဘဟူ၍ပင် အတိသဒ္ဒါဖြင့်ပြ၏။ အလွန့်အလွန်ခဲယဉ်းလှသည်ဟု ဆိုလိုဟန်ရှိ၏။

အတိဒုလ္လဘဟု ဆိုမည်ဆိုက ဆိုလောက်ပါသည်။ သဒ္ဓမ္မဿဝန၌ သဒ္ဓမ္မကိုထား၍ ဓမ္မဟူရာ၌ပင် သာသနာတော်၏ အပ၌တည်သော လောကီယဓမ္မ၊ သာသနာတော်အတွင်း၌ တည် သော နိယျာနိကဓမ္မဟူ၍ နှစ်ပါးအပြားရှိပေသည်။ သာသနာတော် အပအခါ၌ ဘုရားအလောင်းတော် သရဘင်္ဂရသေ့၊ စကြာမင်း စသော သူတော်ကောင်းတို့ဟောပြဆုံးမအပ်သော ဓမ္မသည် လောကီယ ဓမ္မမည်၏။ ဤလောကီယဓမ္မသည်လည်း နာကြား လိုက်နာသူအား လောကကြီးပွားရေး စီးပွားရေးနှင့် ချမ်းချမ်းသာ များစသော ပစ္စုပ္ပန်အကျိုးတရား၊ သုဂတိချမ်းသာဟူသော

တမလွန်အကျိုးတရားများကို ရရှိနိုင်သဖြင့် လိုက်နာအားထုတ်အပ်သော ဓမ္မမျိုးပင် ဖြစ်ပေသည်။

သာသနာပအခါ၌ပင်ဖြစ်သော်လည်း ယင်းဓမ္မကို နာကြားရန်မှာလည်း ဒုလ္လဘတရားတစ်မျိုးပင် ဖြစ်ပေသည်။

နိယျာနိက ဓမ္မဟူသည်ကား ဘုရားသာသနာတော်နှင့်တွေ့ကြုံရခိုက်၌ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော အမြိုက်နိဗ္ဗာန်ဟူသော ဝိမုတ္တိရသအားဖြင့် တစ်ပါး၊ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်သောကြောင့် ဓမ္မပါတိမောက်ပြခြင်း၊ အာပတ်ခုနစ်ပုံအစု ဒုစရိုက်စသော များသော အပြားရှိသော နည်းတို့ကြောင့် ဝိနယ ဤသို့ ဓမ္မ ဝိနယ အားဖြင့်နှစ်ပါး၊ သုတ် ဝိနည်း အဘိဓမ္မာအားဖြင့် သုံးသွယ်၊ ဒီဃ မဇ္ဈိမသံယုတ္တ အင်္ဂုတ္တရ ခုဒ္ဒကအားဖြင့် နိကာယ်ငါးရပ်၊ သုတ္တ ဂေယျဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူ၍ အင်္ဂါကိုးတန်၊ တစ်ခုတစ်ခုသော အပိုင်းအခြားအားဖြင့်ထား၍ ဟောကြားတော်မူအပ်သော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်၊ ဤသို့ဆိုအပ်ခဲ့ပြီးသော ပါဠိတော်ဟူသမျှသည် သုတ္တမည်၏။ ထိုသုတ္တ အားလျော်သော မဟာပဒေသ လေးပါးသည် သုတ္တာနုလောမ မည်၏။ ဗုဒ္ဓမတ္တညူ ဆရာမြတ်တို့ဖွင့်ဆိုဆုံးဖြတ်ရေးသားအပ်သော အဋ္ဌကထာသည် အာစရိယဝါဒမည်၏။ မိမိဉာဏ်အမြင်နှင့်တကွ ဋီကာစသည်တို့သည်အတ္တနောမတိမည်၏။ ဤသို့ပြဆိုအပ်ပြီးသော သုတ္တ သုတ္တာနုလောမ အာစရိယဝါဒ အတ္တနောမတိဟု ဆိုအပ်သော လေးပါး

အပြားရှိသော ပါဠိအဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တို့သည် သာသနာတော် အတွင်း၌သာ တည်သော နိယျာနိကဓမ္မမည်၏။

ထိုနိယျာနိကဓမ္မတို့မှာ နာကြားသူအား ဥဂ္ဃဋိတညူ စသောအားဖြင့် ပုဂ္ဂိုလ်၏ အဇ္ဈာသယအလျောက် မဂ်ဖိုလ် နိဗ္ဗာန်တရားကို အမြန်နှင့်အနှေး ကာလမဝေးဘဲရရှိသွားနိုင် သဖြင့် လွန်စွာအကျိုးရှိလှပါသည်။

မင်္ဂလသုတ် ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာအရတွင် စိတ်ပျံ့လွင့်လျက်ရှိသောအခါ ကာမဝိတက်စသော ဝိတက် တစ်ပါးပါး လွှမ်းမိုးခံနေရသောအခါများမှာ တရားနာရန် သင့် လျော်သော ကာလဖြစ်ကြောင်း ဆိုပေသည်။ ထို့ပြင် တစ်လလျှင် ငါးရက်တစ်ကြိမ် တရားနာခြင်းကို ကာလေန ဓမ္မာဿဝနဟု ဆရာတို့ ဆိုမိန့်တော်မူကြသည်။ ပဉ္စင်္ဂုတ္တရအဋ္ဌကထာ (အံဋ္ဌ ၂၊ ၂၁၆)၌ တရားနာခြင်းအကျိုးငါးပါးလာ၏။ ၎င်းတို့မှာ–

(၁) မကြားဖူးသည်ကို ကြားနာရခြင်း၊
(၂) ကြားဖူးပြီးသည်ကို စင်ကြယ်စေခြင်း၊
(၃) ယုံမှားကို လွန်မြောက်ရခြင်း၊
(၄) အယူကိုဖြောင့်မှန်အောင် ပြုတတ်ခြင်း၊
(၅) စိတ်ကြည်လင်ခြင်းတို့ပင်ဖြစ်၏။

ဤတရားငါးပါးတွင် စိတ်ကြည်လင်ရခြင်းအကျိုးမှာ လွန်စွာအရေးပါလှ၏။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆွေရေး၊ မျိုးရေး စသည်ကြောင့် စိတ်မချမ်းမသာ သောက ရောက်နေသောအခါကား တရားနာရန် အလွန်သင့်လျော်သော

အခါဖြစ်၏။ တရားဟောကြားသည့် ပုဂ္ဂိုလ်အရည်အချင်းရှိလျှင် ရှိသလောက် ဖြစ်နေသော သောကသည် တစ်ခဏချင်း ပျောက်ကင်းနိုင်သည်။

ပဋာစာရီသည် လင်သေ သားဆုံး ဆွေမျိုးစည်းစိမ်ပါ ပြုတ်ပြုတ်ပြုန်း၍ အရူးမလုံးလုံးဖြစ်နေချိန်တွင် မြတ်စွာဘုရား၏ တရားတော်ကို နာကြားလိုက်ရ၏။ ကိသာဂေါတမီသည် မိမိ၏ ဘဝတစ်သက်တာတွင် အာမခံချက် အပေးနိုင်ဆုံး သားကလေး သေဆုံး၍ ယူကျုံးမရ သောကကြီးရောက်နေချိန်တွင် မြတ်စွာဘုရား၏ တရားတော်ကို နာကြားလိုက်ရ၏။ ထိုသို့ သောကလောင်မြိုက် အခေါင်ခိုက်နေချိန်၌ တရားတော်နှင့်သာမတွေ့ရပါက ၎င်းတို့နှစ်ဦးလုံး လောကသံသရာနှစ်ဖြာ အရေးမှာပင် မတွေးနိုင်လောက်အောင် ဒုက္ခပင်လယ်၌ မျောပါ၍သွားတော့မည်သာဖြစ်သည်။ သို့သော် မြတ်စွာဘုရား၏ တရားတော်အနည်းငယ်ကို နာကြားရရုံဖြင့်ပင် သောကပြောင့်လည်းစင်၍ တရားရေယာဉ်ဖြင့် အရိယာနယ်ခွင်သို့ ဝင်ရောက်သွားနိုင်လေတော့သည်။ တရားဂုဏ်ကျေးဇူးကား ကြီးမားပေစွ၊ ထို့ကြောင့် မည်သူမဆို တရားတော်နာကြားနိုင်ရန် အစဉ်ထက်သန်နေဖို့ လိုအပ်လှပေတော့သည်။

## (၉) ဓမ္မဒေသနာ

ဓမ္မဟူသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော သုံးပုံပိဋကတ်ပါဠိ အဋ္ဌကထာဋီကာ စသောကျမ်းဂန်များပင်

ဖြစ်၍ ဒေသနာဟူသည်ကား ယင်းဓမ္မများကို နာခံမှတ်သား၊ အားထုတ်ကျင့်ဆောင်လိုသူတို့အား ဟောကြားညွှန်ပြဆုံးမခြင်း ပင်ဖြစ်လေသည်။ ဤဓမ္မဒေသနာသည်ပင် နာခံမှတ်သားသူတို့ အထံသို့ သူတော်ကောင်းခေတ် တရားမြတ်တို့ လွှမ်းပတ် လျှံဝေ ရောက်ပါစေ၊ ရပါစေဟု စေတနာဖြင့်ပေးလှူအပ်သော ကြောင့် ဓမ္မဒါနလည်း ဖြစ်ပေသည်။

ထိုဓမ္မဒါန၏ အကျိုးအာနိသင် ကြီးမြတ်ပုံကို သဂါထာ ဝဂ္ဂသံယုတ် အဋ္ဌကထာ၌ အကုသိုလ်တရားတို့ကိုပြု၍ အပါယ် လေးပါးတို့၌ မကျရောက်စေရန် ကုသိုလ်တရားတို့ကိုပြု၍ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ရပါစေရန် ရည်သန်၍ ဆုံးမဟောကြားခြင်း၊ ပါဠိအဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်တို့ကို ပို့ချပေးခြင်း၊ မေးမြန်းလာသော ပြဿနာတို့ကို ဖြေဆိုခြင်း၊ ကမ္မဋ္ဌာန်းနည်းပေးခြင်း၊ သူတစ်ပါးတို့အား တရားနာအောင် သွေးဆောင်တိုက်တွန်းခြင်း ဤအလုံးစုံသည် ဓမ္မဒေသနာ ဓမ္မဒါန ဖြစ်၍ အာမိသဒါန ဟူသမျှတို့ထက် လွန်ကဲထူးမြတ်၏။

ထူးမြတ်ပုံမှာ စကြဝဠာ တိုက်ပေါင်းများစွာဝယ် လူ့ဘုံ မှ ဗြဟ္မာ့ဘုံအထိ ကျယ်ဝန်းသော နေရာ၌ နေရာအပြည့်ခင်း၍ ထိုနေရာအားလုံးတွင် ရှိသမျှ၊ နေရာဆံ့သမျှ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်သူမြတ်တို့ အပြည့်ပင့်ဆောင်၍ ငှက်ပျောညွန့် ပမာ လွန်စွာနူးညံ့လှစွာသော သင်္ကန်းတို့ကို လှူဒါန်းလိုက်ရသော **အာမိသဒါနကောင်းမှုနှင့် လေးပါဒ တစ်ဂါထာ ဓမ္မဒေသနာတော်** ဖြင့် အနုမောဒနာတရား ဟောကြားလိုက်ရသော တရားအလှူ

ဓမ္မဒေသနာတော်၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှပင် အာမိသဒါနအလှူက မမီနိုင်။ ထိုဖော်ပြပါ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအစည်းအဝေး၌ ဆွမ်းလှူခြင်း၊ ကျောင်းလှူခြင်း၊ ဆေးလှူခြင်းတို့သည်လည်း ထို့အတူပင် တရားဒေသနာ တစ်ဂါထာဟောကြားရခြင်း၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှသော အကျိုးကိုမျှ မမီနိုင်ကြောင်း ဟောတော်မူပါသည်။

အဘယ်ကြောင့်နည်း ဟူမူကား ဖော်ပြပါ ကြီးကျယ်သော အလှူဒါနကြီးကို ပြုသူတို့သည် တရားတော်ကို နာရမှသာလျှင် ပြုနိုင်ကြကုန်၏။ တရားတော်ကိုမူ မနာဖူးသူတို့မပြုနိုင်ကုန်။ မြတ်စွာဘုရားတရားတော်ကို အနည်းငယ်မျှ မနာရ, မကြားရဖူးသူသည် တစ်ဇွန်းတစ်ယောက်မမျှသော ဒါနကိုမျှ ပြုလုပ်နိုင်မည် မဟုတ်ပေ။

အခြားတစ်နည်းမှာ စကြဝဠာတိုက်အလုံးကို လွှမ်းဖုံး၍ ရွာသွန်းသော မိုးပေါက်တို့ကို ရေတွက်ခြင်းငှာ စွမ်းနိုင်တော်မူသော အရှင်သာရိပုတ္တရာ လက်ယာတော်ရံ အရှင်မြတ်သည် သူ့သဘောအတိုင်းဆိုလျှင် သောတာပတ္တိမဂ်ဉာဏ်ကိုရရန် မတတ်နိုင်၊ ပဉ္စဝဂ္ဂီငါးပါးတို့တွင် အငယ်ဆုံးဖြစ်သော အရှင်အဿဇိ မထေရ်ထံမှ ယေဓမ္မာ ဟေတုပ္ပဘာဝါ အစဖြာသော ဂါထာတစ်ပိုဒ် တည်းဟူသော ဓမ္မကထာ ဒေသနာတော်ကို နာကြားရမှသာ လောကုတ္တရာ တရားရတနာ သောတာပတ္တိဉာဏ်ကို လက်ရောက် ရရှိနိုင်ပေသည်။ ထို့ကြောင့် အလုံးစုံသော သာဝကတို့သည်

သာဝကပါရမီဉာဏ် ရင့်သန်နေကြလင့်ကစား တရားတော်နှင့် ကင်း၍ ဉာဏ်အလင်းကို မရနိုင်ကြသဖြင့် ဒါနဟူသမျှတို့တွင် ဓမ္မဒါနသည်သာလျှင် အလွန်မြတ်၏။ ဓမ္မဒေသနာတော်သည် သာလျှင် အကျိုးအနန္တ ဖြစ်လေတော့သည်။

ထိုဓမ္မဒေသနာ ကုသိုလ်၏အကျိုးကို မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် ဤသို့ဟောတော်မူဖူးသည်။ "ချစ်သား ရဟန်းတို့၊ ငါဘုရားသည် ရှေးရှေးသော ကိုယ်တော်၏အဖြစ်၌ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်း ခြင်းနှင့်ပြည့်စုံသော အကြောင်းအကျိုးနှင့်စပ်သော ချမ်းသာသုံးပါး ကို ရွက်ဆောင်တတ်သောတရားတို့ကို သူတစ်ပါးတို့အား ကောင်းစွာဟောကြား ညွှန်ပြဆုံးမခဲ့ဖူး၏။ ဤသို့ ဓမ္မဒေသနာ ကုသိုလ်ကို ကောင်းစွာဆည်းပူးခဲ့သည်၏အဖြစ်ကြောင့် နတ်ဖြစ် သော်လည်း အခြားနတ်တို့ထက် အသက်ရှည်ခြင်း၊ အဆင်း လှခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း၊ နတ်၌ဖြစ်သော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဟူသော (၁၀)ပါးသော ကျေးဇူး တရားတို့ဖြင့် လွှမ်းမိုး၍ဖြစ်၏။ နတ်ပြည်မှတစ်ဖန် လူပြည်၌ ဖြစ်ပြန်သော် ဥဒ္ဓဂ်ပါဒလက္ခဏာတော်၊ ဥဒ္ဓဂ်လောမ လက္ခဏာ တော်၊ မြင့်သော ဖမျက်တော်ရှိခြင်း၊ အထက်သို့ကော့တက်သော အဖျားရှိသည့် မွေးညင်းတော်ရှိခြင်း၊ မဟာပုရိသလက္ခဏာတော် ကိုရ၍ လူ့ဘောင်မှာနေလျှင် စကြဝတေးမင်း၊ တောထွက်၍ ရဟန်းပြုလျှင် ဘုရားအဖြစ်ကို ရတော်မူခြင်း အကျိုးတရားများ ကို ရရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ဓမ္မဒေသနာတော်

ဓမ္မဒါန အလှူတော်တို့ဖြင့် သူတစ်ပါးတို့အား ချီးမြှောက်စားမှုခဲ့ဖူးသောကြောင့်ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူထားလေသည်။

ထိုပြင် မိဘတို့၏ကျေးဇူးကိုဆပ်ရာ၌ မိကိုလက်ယာ၊ ဖကိုလက်ဝဲထက်၌ ရာသက်ပန်တင်၍ ကျွေးမွေးပြုစုလင့်ကစား ကျေနိုင်သောထုံးမရှိ။ တရားမသိသော မိဘတို့အား တရားသိအောင်၊ ရတနာသုံးပါး၌ မညွတ်နူးသော မိဘတို့အား ရတနာသုံးပါးအား ညွတ်နူးကြည်ညိုလေအောင်၊ မဂ်တရား၊ ဖိုလ်တရား၌ တည်ကိန်းလာအောင်၊ ဒါန သီလ ဘာဝနာတို့၌ သက်ဝင်စွမ်းဆောင်နိုင်အောင် လမ်းညွှန်ဟောကြား၍ ကျေးဇူးဆပ်ခြင်းသည်သာ ကျေးဇူးဆပ်ခြင်းအစစ်အမှန်ဖြစ်ကြောင်း ဟောတော်မူချက်ရှိသဖြင့် ဓမ္မဒေသနာ ပုညကိရိယဝတ္ထု၏ မွန်မြတ်ကြီးကျယ်ပုံကို ဆင်ခြင်နိုင်ကြစေလိုသည်။

## (၁၀) ဒိဋ္ဌုဇုကမ္မ

ပုညကိရိယဝတ္ထု ၁၀-ပါးတွင် နောက်ဆုံးဖြစ်သော ဒိဋ္ဌုဇုကမ္မဟူသည်မှာ "ဒိဋ္ဌိ=အယူကို။ ဥဇုကမ္မ=ဖြောင့်မတ်စွာပြုခြင်း"ပင် ဖြစ်သဖြင့် မဟာကုသိုလ် စိတ္တုပ္ပါဒ် စေတနာကို အရကောက်ရပေသည်။ မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာမြင်သည့် အစွမ်းဖြင့် အယူကိုဖြောင့်မှန်စွာ ပြုခြင်းဖြစ်၍ ကမ္မဿကတဉာဏ်၏ တရားပင်ဖြစ်ပေတော့၏။ ထို့ကြောင့် ဒုစရိုက် ၁၀-ပါး အကျင့်များသည် အကျိုးမဲ့ကို ဖြစ်စေတတ်

သဖြင့် မိမိတို့၏ ဥစ္စာမဟုတ်ကုန်၊ သုစရိုက် ၁၀-ပါး အကျင့်တရားသည်သာ အကျိုးစီးပွား ဖွံ့ထွားစွာ ဖြစ်စေတတ်သောကြောင့် မိမိတို့၏ ဥစ္စာစင်စစ် ဧကန်ဖြစ်၏ဟုသိသော ဉာဏ်ဖြစ်လေသည်။

ထိုကမ္မဿကတဉာဏ်၌တည်၍ ဒါန သီလ ဘာဝနာတရားတို့ကို အားထုတ်ကြသော သူတို့သည် လူချမ်းသာမှ နတ်ချမ်းသာ၊ နတ်ချမ်းသာမှ နိဗ္ဗာန်ချမ်းသာသို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်သော အကျိုးတရားတို့ကို ခံစားနိုင်သဖြင့် ဤဒိဋ္ဌိဇုကမ္မပုညကိရိယတရားသည် အားလုံးသော ပုညကိရိယတရားတို့၏ အချုပ်ဥက္ကဋ္ဌပင်ဖြစ်သည်ဟု ဆိုလိုက ဆိုနိုင်ပေသည်။

ထို့ပြင် ဒိဋ္ဌိဇုကမ္မဟူသည် သမ္မာဒိဋ္ဌိဉာဏ်ကို ဖြောင့်မတ်စွာ ကျင့်ခြင်းဖြစ်၍ ပုဗ္ဗေကတဟေတုဒိဋ္ဌိ၊ ဣဿာရနိမ္မာနဟေတုဒိဋ္ဌိ၊ အဟေတုအပစ္စယဒိဋ္ဌိတို့မှ လွတ်ကင်းမှုလည်းဖြစ်ပေသည်။

ဤတွင် လောက၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ မိုက်မဲမှု၊ လိမ္မာမှု၊ အသက်တိုမှု၊ အသက်ရှည်မှု ဟူသမျှသည် ရှေးဘဝ၌ ပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ဆိုင်ရာသာဖြစ်သည်။ ယခုဘဝတွင်ရှိနေကြသော ဉာဏ် ဝီရိယ စသည်တို့၏ ဆိုင်ရာမဟုတ်၊ ဤဘဝတွင် ဘာမျှလုပ်နေဖွယ်မရှိ၊ ရှေးကံပေးသမျှအေးရတော့မည်ဟု တရားသေစွဲမှတ်၍ ယူမှုသည် ပုဗ္ဗေကတဟေတုဒိဋ္ဌိပင်ဖြစ်သည်။

လောက၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ မိုက်မဲမှု၊ လိမ္မာမှု၊

အသက်တိုမှု၊ အသက်ရှည်မှု ဟူသမျှသည် လောကကို ဖန်ဆင်းသော အရှင်ကြီး သခင်ကြီးတို့နှင့်သာဆိုင်သည်။ ဘာမဆို အရှင်ကြီး သခင်ကြီးတို့၏ အလိုအတိုင်းသာဖြစ်သည်။ အရှင်ကြီး သခင်ကြီးတို့ ဖန်ဆင်းသည့်အတိုင်းသာ ဖြစ်ကြရသည်ဟု စွဲယူခြင်းသည် ဣဿရနိမ္မာနဟေတုဒိဋ္ဌိဖြစ်လေသည်။

လောက၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ မိုက်မဲမှု၊ လိမ္မာမှု၊ အသက်တိုမှု၊ အသက်ရှည်မှု ဟူသမျှသည် အလိုလိုဖြစ်နေခြင်းသာဖြစ်သည်။ ကံကြောင့်လည်းမဟုတ်၊ အရှင်သခင်တို့ ဖန်ဆင်း၍လည်းမဟုတ်၊ ဓမ္မတာသဘောအတိုင်းဖြစ်နေခြင်းသာ ဖြစ်သည်။ မိမိတို့ကလည်း မည်သို့မျှ မဖန်တီးနိုင်၊ ဘာမျှလုပ်နေစရာလည်း မလိုဟု ခိုင်မြဲစွာယူဆထားခြင်းမျိုးသည် အဟေတုအပစ္စယဒိဋ္ဌိဟုဆိုသည်။

ဒိဋ္ဌိဇုကမ္မ ပုညကိရိယဟူသည်မှာ ၎င်းဒိဋ္ဌိအယူ သုံးမျိုးမှ ကင်းလွတ်၍ အယူမှန် အယူဖြောင့်မျိုးပင်ဖြစ်သည်။ ဒိဋ္ဌိအယူသုံးမျိုးလုံးပင် မိစ္ဆာဒိဋ္ဌိ အယူများဖြစ်၍ အလွန်ကြီးမားသော အကုသိုလ်မှုကြီးများဖြစ်သဖြင့် ပရမဝဇ္ဇကမ္မပထမျိုး၌ ပါဝင်ပေသည်။ ဤအယူဆိုးကြီးများနှင့် ဘဝကိုအဆုံးသတ်သွားပါက ငရဲ၌ဖြစ်ရန် သေချာနေပေသည်။ ထို့ကြောင့် ဤအယူဆိုးများကို စွန့်လွှတ်ရ၍ ကမ္မဿကတသမ္မာအယူသို့ အချိန်မီ ပြောင်းလဲယူနိုင်ကြရန် အရေးကြီးလှ၏။

မိစ္ဆာဒိဋ္ဌိအယူသည် အပြစ်ကြီးလှကြောင်းသိ၍ တစ်သက်ပန်ပတ်လုံး ယူစွဲနေမိသည့်တိုင်အောင် သေခါနီးအချိန်တွင်

များမှန်းသိ၍ အယူကိုစွန့်လွှတ်ကာ သမာဒိဋ္ဌိဖြစ်သော ကမ္မဿကတာဉာဏ်ကို အမြင်မှန်ဖြင့် ပြောင်းလဲယူဆနိုင်လျှင် တစ်သက်လုံးများသော မိစ္ဆာကံပျောက်၍ သေခါနီးသမ္မာဉာဏ်ကြောင့် ဂတိကောင်းသို့ ရောက်ရှိနိုင်ပေတော့သည်။

ဇာကနိပါတ် လောမဟံသဇာတ်၌ မြတ်စွာဘုရားအလောင်းတော်သည် လွန်ခဲ့သော ၉၁–ကမ္ဘာထက်၌ အာဇီဝက ရဟန်းဖြစ်၍ ဤအယူများတို့ကို တစ်သက်ပန် ပတ်လုံး ကျင့်သုံးခဲ့လေသည်။ ကိုယ်ကိုညှဉ်းဆဲ၍ကျင့်သော အတ္တကိလမထအကျင့်မျိုးတို့ကို အကျိုးရှိသောအကျင့်ဟု စွဲယူလျက်ကျင့်သုံးခဲ့ရာ သေခါနီးအချိန်သို့ ရောက်သည့်အထိပင်ဖြစ်သည်။ သေခါနီး၌ကား တစ်သက်လုံးကျင့်ခဲ့သော အကျင့်များတို့ကြောင့် ငရဲသို့ရောက်ရန် ငရဲနိမိတ်များထင်၍လာလေတော့သည်။ ထိုအခါ မိမိကျင့်ခဲ့သောအကျင့်တို့သည် မိစ္ဆာဒိဋ္ဌိ အကျင့်တို့ပါလားဟု သိကာ ထိုအကျင့်တို့ကိုစွန့်လွှတ်၍ သမ္မာဒိဋ္ဌိအယူကိုဆောက်တည်ကျင့်သုံးခဲ့လေ၏။ ထိုအခါမှ သမ္မာဒိဋ္ဌိ ဒိဋ္ဌိဇုကမ္မပုညကိရိယ၏ အစွမ်းကြောင့် နတ်ဘုံဖြစ်သော ဥယျာဉ်ရေကန် နတ်ဗိမာန်ပဒေသာပင်တို့ ထင်၍လာကာ ထိုအချိန်တွင်မှ စုတေမနေ သေလွန်၍ နတ်ရွာသုဂတိသို့ လားရောက်ရလေသည်။

ဤသို့လျှင် ခေတ္တခဏမျှ ဖြောင့်မတ်စွာပြုကျင့်ရသော သမ္မာဒိဋ္ဌိ ဒိဋ္ဌိဇုကမ္မ မနှောက်သည် သေခါနီးအချိန်ကျမှပင် ထင်ပြီးသော ဒုဂ္ဂတိနိမိတ်ကိုပယ်လျက် သုဂတိဘုံသို့ရောက်အောင် ပို့ဆောင်နိုင်ပေသည်။ အလွန်လေးသော ကျောက်တုံးကြီး

ကိုတင်လျက် သေးငယ်သောလှေကလေးသည် ရေတွင်မနစ်စေဘဲ ကမ်းသို့ သယ်ယူပို့ဆောင်နိုင်သကဲ့သို့ ကြီးမားသော ဒိဋ္ဌိ အယူကြီးကို တစ်သက်လုံးယူစွဲလာခဲ့သည့်တိုင်အောင် သေခါနီး၌ ယူသော သမ္မာဒိဋ္ဌိ ဒိဋ္ဌိဇုကမ္မ ကုသိုလ်ပုည၏ တန်ခိုးအာနိသင်ကို သိမြင်၍ ကုသိုလ်ကောင်းမှုတို့၌ အားထုတ်ကြကုန်ရာသတည်း။

## ဝဋ္ဋ နှင့် ဝိဝဋ္ဋ

ကိလေသာညစ်ကျု အကုသိုလ် မကောင်းမှုတို့မှ စင်ကြယ်ကြောင်း ကုသိုလ်ကောင်းမှုကို ပြုခြင်းဟူသော ပုညကိရိယဝတ္ထု ၁၀-ပါးကို တစ်ပါးစီ ဖော်ပြပြီးပေပြီ။ ယင်း ၁၀-ပါးတို့တွင် ဒါန သီလ ဘာဝနာ ဤတရားသုံးဖြာမှာ မူလတ်ရားများဖြစ်၍ ပုညကိရိယ ၁၀-ပါးကို ချုပ်လိုက်လျှင် ဒါန သီလ ဘာဝနာ သုံးပါးသာလျှင် ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းမှာ-

ဒါန သီလ ဘာဝနာ သုံးဖြာစဉ်၍ ခင်း၊ စ နှစ်လယ်မှာ၊ လယ်စမှာ နောက်မှာ နောက်ဆုံးသွင်း။

ဟူသော ရှေးဆရာတို့ ဆောင်ပုဒ်အတိုင်း ဒါန သီလ ဘာဝနာတရားသုံးဖြာမှ ကြွင်းသော ပုညကိရိယ ၇-ပါးကို အစနှစ်ပါးဖြစ်သော အပစာယနနှင့် ဝေယျာဝစ္စကို အလယ်ဖြစ်သည့် သီလ၌လည်းကောင်း၊ အလယ်နှစ်ပါးဖြစ်သော ပတ္တိဒါနနှင့် ပတ္တာနုမောဒနကို အစဖြစ်သည့် ဒါန၌လည်းကောင်း၊ အဆုံးသုံးပါးဖြစ်သော ဓမ္မဿဝန ဓမ္မဒေသနာနှင့် ဒိဋ္ဌိဇုကမ္မတို့ကို နောက်ဆုံးဘာဝနာ၌လည်းကောင်း သွင်းရမည်ဟု ဆိုလိုပေသည်။ တစ်နည်း

အားဖြင့် ဒိဋ္ဌိဇုကမ္မကို ဒါန သီလ ဘာဝနာ သုံးမျိုးလုံး၌ သိမ်းယူနိုင်သေးသည်ဟုဆိုသည်။ လှေတစ်စင်းလုံး ဖြောင့်ဖြောင့် သွားမှုသည် ပဲ့ကိုင်ဦးစီး လှေသူကြီးသာ ပဓာနဖြစ်သကဲ့သို့ ထို့အတူ ကမ္မဿကတာ သမ္မာဒိဋ္ဌိရှိမှသာ ဒါန သီလ ဘာဝနာ ၃-ဖြာလုံး ပြည့်စုံနိုင်ပေသည်ဟူ၏။

ဖော်ပြပါ ဒါန သီလ ဘာဝနာ စသည့် ဆယ်ဖြာသော ပုညကိရိယ ကုသိုလ်တရားများသည်လည်း ဝဋ္ဋနိဿိတ ကုသိုလ်၊ ဝိဝဋ္ဋနိဿိတ ကုသိုလ်ဟူ၍ နှစ်မျိုးကွဲပြားလာသေးသည်။ ဤ ကုသိုလ်ကိုပြုလုပ်သူ၏ သဘောဆန္ဒ ပုဂ္ဂလဇ္ဈာသယပေါ်၌ တည်၍ ဤသို့နှစ်မျိုးကွဲပြားရခြင်းဖြစ်လေသည်။ ပုညကိရိယ ဖြစ်သော ကုသိုလ်မှုတို့ကိုပြုရာ၌ လူ့ချမ်းသာ နတ်ချမ်းသာ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို မက်မော တောင့်တ၍ ပြုလုပ် လျှင် ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးမကင်းဘဲ သံသရာဝဋ် ဆင်းရဲကို မှီ၍ ပြုခြင်းမျိုးဖြစ်၍ ဝဋ္ဋနိဿိတ ကုသိုလ်ဟုဆိုရ၏။ နိဗ္ဗာန် မဂ်ဖိုလ်ကို အကျိုးမပေးဘဲ သံသရာဝဋ်အတွင်းမှာပင် အဖန်ဖန် ပဋိသန္ဓေနေရပါလို၏။ နာရပါလို၏။ သေရပါလို၏ ဟု ဆုတောင်းသကဲ့သို့ဖြစ်၍ ယင်း ပဋိသန္ဓေ အိုနာသေရေး ဒုက္ခဘေးအတွင်းမှာသာ အကျိုးပေးနေ၍ ဝဋ်ဆင်းရဲကိုသာ ရှာမှီးသည်မည်သဖြင့် အနရိယပရိယေသနဟူ၍လည်း ဆိုရပေ သည်။

ရုပ်နာမ် ခန္ဓာဇာတ်သိမ်း၍ ပဋိသန္ဓေ အိုနာသေရေး ဒုက္ခ ဘေး ကင်းငြိမ်းရာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်ချမ်းသာမြတ်

ကို လိုချင်တောင့်တ၍ပြုသော ကုသိုလ်သည် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရန် နိဗ္ဗာန်ကိုရည်သန်လျက် ပြုလုပ်သည့်အတွက် ဝဋ်မှ ထွက်မြောက်ခြင်းကို မှီ၍ဖြစ်သောကြောင့် ဝိဝဋ္ဋ နိဿိတ ကုသိုလ်မည်ပေသည်။ သံသရာဝဋ်မှ ကင်းလွတ်ထွက်မြောက်ကြောင်း အရိယာသူတော်ကောင်းတို့ တောင့်တရာမိုးနည်းဖြစ်၍ အရိယပရိယေသနလည်း မည်ပေသည်။

ဤ၌ "နိဗ္ဗာန်ကို လိုချင်တောင့်တ၍"ဟုဆိုသဖြင့် လိုချင်မှုတောင့်တမှုပါသဖြင့် လောဘသံဝင်၍နေသည် မဟုတ်လောဟု စောဒကတက်လိုသူများရှိက နိဗ္ဗာန်ဟူသည်မှာ ငြိမ်းအေးမှုသာ ဖြစ်သဖြင့် လိုချင်သည်၊ တောင့်တသည်ဆိုသည်မှာ တင်စားမှုသာဖြစ်ကြောင်း ဖြေဆိုရာ၏။ လူ့ချမ်းသာ နတ်ချမ်းသာ ဆိုသည်ကိုပင် ထားလိုက်ပါဦး၊ လူ့ခန္ဓာ နတ်ခန္ဓာ လူ့ဘဝ နတ်ဘဝဟူသော ခန္ဓာဘဝအစစအားလုံး၏ ငြိမ်းရာချမ်းရာ ကင်းရာ ကုန်ရာဟူသည်ပင် နိဗ္ဗာန်ဖြစ်သဖြင့် နိဗ္ဗာန်ကိုလိုချင်သည်ဆိုသည်မှာ ဘာကိုမျှ မလိုချင်ဟူသော သဘောပင်ဖြစ်ကြောင်း အမြင်ရှင်းကြဖို့ လိုပေသည်။

ဗုဒ္ဓတရားမြမှကို သဘောပေါက်သူတိုင်း သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်၊ ဆွမ်းတစ်ဇွန်း၊ တစ်ယောက်မ အနည်းငယ်မျှသော ဒါန၊ သူ့အသက်ကိုမသတ်မိအောင် ရှောင်ဖယ်ခြင်းစသော တစ်ပါးမျှသောသီလ၊ ဘုရားဂုဏ်တော်ကို ပွားများခြင်းစသော တစ်ပါးမျှသော ဘာဝနာ ပြုလုပ်ရာရာတိုင်းတွင်ပင် ဝိဝဋ္ဋဒါန၊

ဝိဝဋ္ဋသီလ၊ ဝိဝဋ္ဋဘာဝနာ ဖြစ်ရလေအောင် "ဣဒံမေပုညံ အာသဝက္ခယာဝဟံဟောတု"ဟူ၍လည်းကောင်း၊ "ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု"ဟူ၍လည်းကောင်း ဆုတောင်း၍ ပါရမီဒါန၊ ပါရမီသီလ၊ ပါရမီဘာဝနာ ဖြစ်အောင် ပြုလုပ်ကြလေ့ရှိသည်။

ဒါန သီလ ဘာဝနာ ကုသိုလ်တစ်ခုခု ပြုတိုင်းပြုတိုင်းပင် သံသရာဝဋ်ဆင်းရဲမှ ကင်းရာကုန်ရာ နိဗ္ဗာန်ချမ်းသာကို ဆုတောင်းခြင်းသည် ပါရမီဖြစ်၍ "ပါရမီရှင်"ဟု အခေါ်ခံထိုက်သူဖြစ်၏။ ကုသိုလ်သာပြုသည်၊ ဆုမတောင်းလျှင်၊ တစ်နည်း နိဗ္ဗာန်ကို မတောင့်တ မရည်သန်လျှင် ပါရမီကုသိုလ်မဖြစ်ပေ။ ဝဋ်ဆင်းရဲအတွင်းမှာသာ အကျိုးပေးနေမည်ဖြစ်၏။ လူမိုက်ကုသိုလ် ပြုနည်းဖြစ်သည်ဟု "လူမိုက် အလှူ၊ ပေးပါမူလည်း၊ ရွယ်ချုပ်ဖိုလ်မဂ်၊ မပန္နက်၍၊ မှားဘက်မှာသာ၊ ကျင်လည်ရာ၏"ဟု ရှေးဆရာမြတ်တို့ ဆိုထားပေသည်။ နိဗ္ဗာန်ဆုဆိုရာ၌လည်း အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြစ်ပေရာ ယင်းမှာလည်း သာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗောဓိနှင့် သမ္မာသမ္ဗောဓိဆုဟူ၍ ရှိသေးသဖြင့် မိမိနှစ်သက်ရာကို ရွေးချယ်ရန် လိုသေးသည်။

## နိဗ္ဗာန်ဆုတောင်းခြင်း

ဝိဝဋ္ဋနိဿိတဆု အကြောင်းနှင့်ဆက်စပ်၍ ထင်ရှားအောင် ဖော်ပြရသော် နိဗ္ဗာန်ဆုတောင်းခြင်းသည် (၁) ဘုရား အဖြစ်ဖြင့် နိဗ္ဗာန်ဝင်ရန်ဆုတောင်းခြင်း၊ (၂) ပစ္စေကဗုဒ္ဓါအဖြစ် ဖြင့်

နိဗ္ဗာန်ဝင်ရန်ဆုတောင်းခြင်းနှင့် (၃) ရဟန္တာသာဝကအဖြစ်ဖြင့် နိဗ္ဗာန်ဝင်ရန် ဆုတောင်းခြင်းဟူ၍ ဗောဓိဆုသုံးမျိုးရှိပေသည်။

နိဗ္ဗာန်ဝင်ခြင်း၊ ဝါ-နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုခြင်းမှာ အရဟတ္တဖိုလ်ကို ရမှ တစ်နည်းဆိုသော် ရဟန္တာဖြစ်မှသာဖြစ်၏။ အရဟတ္တဖိုလ်ကို ရသည်ဆိုရာမှာလည်း ဘုရားအဖြစ်၊ ပစ္စေကဗုဒ္ဓါအဖြစ်၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဟုဆိုအပ်သော သာဝကတစ်မျိုးမျိုးအဖြစ်ကို ရခြင်းဖြစ်ရာ ထိုသုံးမျိုးတွင် တစ်မျိုးမျိုးဖြစ်ရန် ဆုတောင်း၍ အားထုတ်ကြရမည်သာ ဖြစ်လေသည်။

ဤတွင် ဘုရားအဖြစ်ဖြင့် နိဗ္ဗာန်ဝင်လိုလျှင် ကမ္ဘာပေါင်း တစ်ဆယ့်ခြောက်သချေ်နှင့် အစွန်းထွက် ကမ္ဘာတစ်သိန်း၊ ရှစ်သချေ်နှင့်ကမ္ဘာတစ်သိန်း၊ လေးသချေ်နှင့်ကမ္ဘာတစ်သိန်း၊ ကမ္ဘာပေါင်းများစွာ ပါရမီဖြည့်မှဖြစ်နိုင်၏။ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် နိဗ္ဗာန်ဝင်လိုလျှင် နှစ်သချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှဖြစ်နိုင်၏။ သာဝကသုံးမျိုးတွင် အဂ္ဂသာဝကအဖြစ်ဖြင့် နိဗ္ဗာန်ဝင်လိုလျှင် တစ်သချေ်နှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှဖြစ်နိုင်၏။ မဟာသာဝကအဖြစ်ဖြင့် နိဗ္ဗာန်ဝင်လိုလျှင် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှဖြစ်နိုင်၏။ ပကတိသာဝကကား ကမ္ဘာအနည်းအများ၊ ဘဝအနည်းအများ ကန့်သတ်ချက်မရှိ။ သင့်လျော်သလို ပါရမီဖြည့်၍ ပါရမီပြည့်လျှင် ရဟန္တာဖြစ်၍ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပေသည်။

ဤသို့ ဘုရားအဖြစ် ဆုတောင်း၍ နိဗ္ဗာန်ဝင်ပုံကို သိသာရုံ

မှုဖော်ပြပါမည်။ ဘုရားအဖြစ်ကို ရလိုသူသည် မျက်မှောက် ဘဝတွင်–

၁။ မနုဿတ္တ = လူသားစင်စစ်ဖြစ်ရမည်။ လူ၏အဖြစ်၌ ဘည်၍ ဘုရားဆုကိုတောင်းမှဖြစ်မည်။ နဂါးဇာတ်၊ ခြင်္သေ့ ဇာတ် စသည်တို့၌တည်၍ ဘုရားဆုတောင်းလျှင် မရနိုင်။ အဘယ်ကြောင့်ဆိုသော် ပဋိသန္ဓေချို့တဲ့ခြင်းကြောင့်ပင်ဖြစ်၏။

၂။ လိင်္ဂသမ္ပတ္တိ = ယောကျ်ားစစ်စစ်ဖြစ်ရဦးမည်။ လူအဖြစ်၌ တည်သော်လည်း ဘုရားအဖြစ် စတင်ဆုတောင်းသူသည် မိန်းမ ဥဘတောဗျည်း နပုန်းပဏ္ဍုက်စသည် ဖြစ်မနေရ။ အဘယ့်ကြောင့်ဆိုသော် ၎င်းဘဝတို့ကား လက္ခဏာနှင့် ပြည့်စုံ ခြင်း မရှိသောကြောင့်ပင်။

၃။ ဟေတု = တိဟိတ် ပဋိသန္ဓေနေသူဖြစ်ရမည်။ ထို ဘဝ၌ မဂ်ဖိုလ်ကို ရနိုင်သောအကြောင်း ပြည့်စုံဖို့လို၏။ သို့မဟုတ် က ဘုရားဆုကိုတောင်းခြင်းသည် မပြည့်စုံနိုင်ပေ။

၄။ သတ္ထာရဒဿန = သက်တော်ထင်ရှားရှိသော ဘုရား အထံတော်၌ ဆုတောင်းမှသာ ပြည့်စုံနိုင်သဖြင့် ဘုရားရှင် ကိုယ်တော်တိုင်ကို ဖူးတွေ့၍ ဆုတောင်းရန် လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားအဖြစ်ကို ဘုရားကိုယ်တော်တိုင် ဗျာဒိတ်စကား မြွက်ကြားမှသာ ဖြစ်နိုင်သောကြောင့်ပင်။

၅။ ပဗ္ဗဇ္ဇံ = ရဟန်း သို့မဟုတ် ကမ္မဝါဒီ (ကံသာလျှင် ပြုပြင်နိုင်သည်ဟု ယူဆလေ့ရှိသော) ရသေ့ဘဝ ဖြစ်မှသာ ပြည့်စုံနိုင်၏။

၆။ ဂုဏသမ္ပတ္တိ = ရသေ့ ရဟန်းဖြစ်သော်လည်း အဘိညာ ငါးပါး၊ သမာပတ် ရှစ်ပါးကိုရမှသာလျှင် ပြည့်စုံနိုင်၏။ ဤဂုဏ်ကျေးဇူးမှ ကင်းသူအား ဘုရားဆုမပြည့်စုံနိုင်။

၇။ အဓိကာရ = ထိုဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံ၍ မိမိ အသက်ကို မြတ်စွာဘုရားအားစွန့်၍ ရှိသေပူဇော်မှု ပြုနိုင်မှသာလျှင် ဆုတောင်းမှု ပြည့်စုံနိုင်၏။

၈။ ဆန္ဒတာ = ဘုရားဖြစ်ရန်ဆန္ဒပြင်းပြခြင်းရှိရမည်။ ယင်းမှ စကြဝဠာ တစ်တိုက်လုံး မီးကျီးအပြည့်ရှိနေပြီး စကြဝဠာ၏ ဟိုမှာဘက်သို့ အရောက်သွားနိုင်က ဘုရားဖြစ်မည်ဆိုလျှင် မီးကျီးပြင်းကြီးကိုဖြတ်၍ သွားနိုင်သောဆန္ဒရှိရမည်ဟုဆို၏။ ထို့အတူ ရေအပြည့်၊ လက်နက်အပြည့်ရှိနေလင့်ကစား ယင်းရေ ယင်းလက်နက်ပေါ်၌ ဖြတ်၍ သွားနိုင်သောဆန္ဒ၊ ပထဝီ မြေ အောက်သို့ ရောက်အောင်သွားနိုင်လျှင် ဘုရားအဖြစ်ရမည်ဆိုက ပထဝီမြေကိုယက်၍ သွားနိုင်သော ဆန္ဒမျိုးရှိမှသာလျှင် ဘုရားဆု တောင်းမှု ပြည့်နိုင်သည်ဟု ဆိုလေသည်။

ဤအကြောင်းရှစ်ပါးနှင့်ပြည့်စုံမှသာ ဘုရားဆုကို တောင်း၍ ပြည့်စုံ၏၊ ဘုရားဖြစ်လတ္တံ့ဟူသော နိယတဗျာဒိတ်ကို သက်တော် ထင်ရှား ဘုရားရှင်ထံမှရနိုင်၏။ ထိုသို့နိယတဗျာဒိတ်ကို ရရှိပြီးလျှင်ကား ဗုဒ္ဓကိုရဟူသော ဘုရားအစစ်ဖြစ်မည့်သူ၊ ဘုရားအညွန့် ပေါက်ပြီးသူဖြစ်ကာ ဒါနစသော ပါရမီ ၁၀–ပါးတို့ကို ကမ္ဘာ အသင်္ချေပေါင်းများစွာ ဖြည့်ကျင့်နိုင်တော့ပြီ။ ဤသို့ဖြည့်ကျင့်၍ ဆုတောင်းစဉ်အခါ ပညာနုရင့်အားလျော်စွာ လေးသင်္ချေ၊ ရှစ်သင်္ချေ၊

တစ်ဆယ့်ခြောက် သချေ်နှင့် အစွန်းထွက် တစ်သိန်းမျှသော ကပ်ကမ္ဘာတို့ကို ကျော်မြောက်ရပေဦးမည်။

## ဘုရားလောင်းသုံးမျိုး

အကြောင်းအင်္ဂါ ၈–ပါးနှင့် ပြည့်စုံ၍ ဘုရားဆုကို တောင်းသော ဘုရားလောင်းသည် မုချဘုရားဖြစ်နိုင်ရန် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရာ၌ အဆင့်အတန်း သုံးမျိုးသုံးစား ဖြင့် ဘုရားဖြစ်ရန်၊ တစ်နည်းအားဖြင့် ဘုရားလောင်းသုံးမျိုး သုံးစား ကွဲပြား၍ ဗျာဒိတ်ခံယူလေသည်။ ဘုရားလောင်း သုံးမျိုးသုံးစားကား– (၁) ပညာဓိကဘုရားလောင်း၊ (၂) သဒ္ဓါဓိက ဘုရားလောင်း၊ (၃) ဝီရိယာဓိက ဘုရားလောင်းဟူ၍ သုံးမျိုး သုံးစားပင် ဖြစ်ပေသည်။

ဤဘုရားလောင်း သုံးမျိုးသုံးစားမှာ ဆုတောင်းရယူရသော အမျိုးအစားမဟုတ်၊ ဘုရားအလောင်းတို့ ဆုတောင်းသည့်အခါ၌ ရှိနေသော ဉာဏ်အဆင့်အတန်းအရဖြစ်သည်ဟု ဆိုပေသည်။ ပါရမီခန်းတွင် "ဆုတောင်းသောစဉ်၊ ဉာဉ်ဝီရိယာ၊ သဒ္ဓါဓိက၊ သုံးမည်ရလျက်" (ပါရမီ–၂)၌ ဤအဓိပ္ပာယ်ကိုရည်၍ စပ်ဆိုထား ခဲ့ပေသည်။

သို့သော် ပါရမီပျို့ဆရာ အရှင်မဟာသီလဝံသ၏အဆို ကို ဆုတောင်းသောအစဉ်အတိုင်း ပညာဓိက သဒ္ဓါဓိက ဝီရိယာ ဓိက ဘုရားလောင်းများဖြစ်လာရသည်မှာ အဓိပ္ပာယ်ကောက်ယူ၍ ပညာဓိက ဘုရားလောင်းအဖြစ်၊ သဒ္ဓါဓိကဘုရားလောင်းအဖြစ်၊

ဝီရိယာဓိက ဘုရားလောင်းအဖြစ် မိမိနှစ်သက်ရာဆုတောင်း၍ ယင်းဆုတောင်းသော အစဉ်အတိုင်း ဖြစ်ရသည်ဟု ယူဆကြသူများရှိလာပြီး ဤကောင်းမှုကြောင့် ပညာဓိကဘုရား ဖြစ်ရပါလို၏ စသည် ဆုတောင်းသူများ ပေါ်ပေါက်၍ပင် နေလေသည်။

'ဆုတောင်းသောစဉ်'ဟူသော စကားကို ဆုတောင်းသော အစဉ်အတိုင်းဟု အဓိပ္ပာယ်ဆိုလျှင် မမှန်ကန်ပေ။ ဆုတောင်းစဉ်–ဆုတောင်းသော အခါကဟုသာ အဓိပ္ပာယ်ဆိုသင့် ပေသည်။ မြတ်စွာဘုရားများ သက်တော်ထင်ရှား ရှိတော်မူနေကြစဉ် ကျွတ်တမ်းဝင်ထိုက်သော ပုဂ္ဂိုလ်တို့သည် ဉာဏ်အဆင့်အတန်း သုံးမျိုးရှိကြပေသည်။ ဝေနေယျပုဂ္ဂိုလ် သုံးမျိုးပင်ဖြစ်၏။ ၎င်းတို့မှာ– (၁) ဥဃ္ဃဋိတညူပုဂ္ဂိုလ်၊ (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်၊ (၃) နေယျပုဂ္ဂိုလ်ဟူ၍ ဖြစ်ကြ၏။

ယင်းသုံးမျိုးတွင် (၁) ဥဃ္ဃဋိတညူသည် မြတ်စွာဘုရား အထံတော်မှ ဂါထာတစ်ပိုဒ်မျှကို ကြားနာရလျှင် ဂါထာမဆုံးမီမှာပင် မဂ်ဖိုလ်ကိုရနိုင်သော ဉာဏ်အဆင့်အတန်းရှိသော ပထမတန်းစား ပုဂ္ဂိုလ်မျိုးဖြစ်၏။ (၂) ဝိပဉ္စိတညူသည် မြတ်စွာဘုရား တရားဟော၍ တစ်ဂါထာ အဆုံးတွင်ပင် မဂ်ဖိုလ်ကိုရနိုင်သော ဉာဏ်အဆင့်အတန်းရှိသော ဒုတိယပုဂ္ဂိုလ်မျိုးဖြစ်သည်။ (၃) နေယျပုဂ္ဂိုလ်မှာမူ ကြားနာရသော ဂါထာအဓိပ္ပာယ်ကို ဆင်ခြင်တွေးဆ၍ မဂ်ဖိုလ်ကိုရနိုင်သော တတိယပုဂ္ဂိုလ်မျိုးဖြစ်၏။ ဤပုဂ္ဂိုလ် သုံးမျိုးသုံးစားသည် ဘုရားလောင်းဖြစ်၍ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလျှင် ထိုစဉ်အခါတွင် ဥဃ္ဃဋိတညူ

ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ပညာဓိကဘုရားလောင်း ဖြစ်နိုင်လေတော့သည်။ ဆုတောင်းသောစဉ် ဟူသည်ကား ထိုအဓိပ္ပာယ်ပင်ဖြစ်၍ ဆုတောင်းသောအခိုက်အတန့်၌ ဥဃ္ဃဋိတညူဟူသော ဉာဏ်အထက်မြက်ဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ပညာဓိကဘုရားလောင်း ဖြစ်သည်ဟုဆိုလိုပေသည်။ ကျန်ဘုရားလောင်းတို့အားလည်း အစဉ်အတိုင်း ဟပ်၍ယူပါလေ။

ဤဘုရားလောင်းသုံးမျိုးတွင် ပညာဓိကဘုရားလောင်းသည် ပညာအထက်မြက်ဆုံးဖြစ်သည်နှင့်အညီ ပါရမီဖြည့်ရသော ကမ္ဘာမှာလည်း အနည်းဆုံးဖြစ်လေသည်။ တစ်နည်းအားဖြင့် ကမ္ဘာနည်းနည်း ပါရမီဖြည့်၍ ဘုရားအဖြစ်သို့ ရောက်သည်ဟု ဆိုလိုပေသည်။ သို့သော် လျင်မြန်စွာ ဖြစ်ပွင့်နိုင်သော ဖြတ်လမ်းသဘောမျိုး လုံးဝမရှိပေ။ အမြန်ဆုံး အထက်မြက်ဆုံးဖြစ်သည့် ပညာဓိက ဘုရားလောင်းသည် နိယတဗျာဒိတ်ပန်း ဆင်မြန်းရပြီးနောက် နေ့စဉ်နေ့တိုင်း ဝေဿန္တရာမင်း၏ အလှူကြီးမျိုး ပေးနေလင့်ကစား ထိုအားလျော်သော သီလ စသည် ပါရမီတို့ကို လွန်လွန်ကဲကဲ ဖြည့်ကျင့်လင့်ကစား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အချိန်မစေ့သေးသမျှ ဘုရားဖြစ်လာနိုင်ရိုး မရှိချေ။

အဘယ်ကြောင့်ဆိုသော် ဗောဓိဉာဏ်၏ ပြန့်ပြော ရင့်ကျက်မှု မရှိသေးသောကြောင့်ပင်ဖြစ်၏။ သုံးလေးလလွန်မှ ပွင့်သီးခြင်းသို့ ရောက်မည့် ကောက်စပါးမျိုးကို ထိုလပိုင်းသို့ မရောက်မီ ပွင့်သီးရန် ရေအကြိမ်ပေါင်း ထောင်ကိုးရာ လောင်း

လင်္ကစား ကောက်စပါး၏ ပြန့်ပြောရင့်ကျက်ခြင်းသို့ မရောက်သေးသမျှ မပွင့်သီးနိုင်သကဲ့သို့ပင်။

ထို့ကြောင့် ပညာဓိက ဘုရားလောင်းသည် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပြီးနောက် ကမ္ဘာလေးအသင်္ချေနှင့်တစ်သိန်း၊ ဒုတိယ သဒ္ဓါဓိကဘုရားလောင်းသည် ကမ္ဘာ ရှစ်သင်္ချေနှင့် တစ်သိန်း၊ တတိယ ဝီရိယာဓိက ဘုရားလောင်းသည် ကမ္ဘာ တစ်ဆယ့်ခြောက်သင်္ချေနှင့် တစ်သိန်းပါရမီဖြည့်ပြီးမှ ဘုရားအဖြစ်သို့ ရောက်ရလေသည်။

အဘယ့်ကြောင့် ဤသို့သုံးမျိုးသုံးစား ပါရမီဖြည့်ကျင့်ရာ၌ ကာလအထူးအပြား ကွာခြားရပါသနည်းဆိုသော် ဆိုခဲ့သည့် ပါရမီခန်း လင်္ကာအရ "ဆုတောင်းသောစဉ် ဉာဏ်ဝီရိယာ သဒ္ဓါဓိက သုံးမည်ရလျက်"ဆိုသည့်အတိုင်း (၁) ပညာဓိက ဘုရားအလောင်းတော်တို့သည် ပညာထက်၍ သဒ္ဓါ နုံ့၏။ (၂) သဒ္ဓါဓိက ဘုရားလောင်းတော်တို့သည် သဒ္ဓါထက်၍ ပညာအလတ်စားဖြစ်၏။ (၃) ဝီရိယာဓိက ဘုရားလောင်းတော်တို့သည် ဝီရိယထက်၍ သဒ္ဓါပညာနုံ့၏ဟု အဋ္ဌကထာဆရာတို့ ပြဆိုထားကြပေသည်။

ဤသို့ ပညာ၏ အထက် အလတ် အနုံ့ကိုစွဲ၍ သမ္မာသမ္ဗောဓိဆုသည် ကမ္ဘာလေးအသင်္ချေနှင့် တစ်သိန်း၊ ရှစ်အသင်္ချေနှင့် တစ်သိန်း၊ တစ်ဆယ့်ခြောက်အသင်္ချေနှင့် တစ်သိန်းဟူ၍ ပါရမီဖြည့်ရာကာလ အတိုအရှည် ကွဲပြားကြပုံကို ရှေးအဋ္ဌကထာ

ဆရာကြီးတို့၌ ဆိုထားကြောင်းဖြင့် စရိယာ ပိဋကအဋ္ဌကထာ (၃၂၀) စသည်တို့၌ ညွှန်ပြတော်မူကြလေသည်။

## ပစ္စေကဗုဒ္ဓဆုအကြောင်း

မြန်မာသက္ကရာဇ် ၅၅၉–တွင် ပုဂံ၌ နန်းတက်တော်မူသော နန်းတောင်းများခေါ် ဇေယျသိခ် မင်းကြီးသည် သားတော်တစ်ပါး ကွယ်လွန်၍ အလွန်ကြေကွဲဝမ်းနည်းကာ သက်ကြီးရှုက်ငင် ငိုကြွေးတော်မူ၍ အမတ်များက တရားချရ၏။ ထို့နောက် အမတ်တို့ကို ဤသို့ဆင်းရဲခြင်းသည်ကား ချစ်တတ်သောသဘော ကြောင့်ဖြစ်သည်။ ထို့ကြောင့် ချစ်ခြင်းကင်းသော နိဗ္ဗာန်ကို သဗ္ဗညုတဘုရားဆုဖြင့် တောင်းသော် အလွန်ကြာလှသည်။ ပစ္စေကဗုဒ္ဓအဖြစ်ဖြင့် နိဗ္ဗာန်သို့ရောက်စေသောဝ်ဟု ဘုရားဆုမှ ပစ္စေကဗုဒ္ဓဆုသို့ ပြောင်း၍တောင်းသည်ဟုရာဇဝင်ကြီး (ရာဇဝင်ကြီး၊ ပ–၂၇၇)တွင် တွေ့ရသည်။

ဘုရားဆုဆိုက အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမည်။ ပစ္စေကဗုဒ္ဓဆိုက နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမည်ကို ရည်ရွယ်၍ဖြစ်သည်။ ဤထက်ပို၍ နိဗ္ဗာန်တရားကိုရရန် သာဝကဆုအထိချ၍ တောင်းပါလော့ဟု ဆိုဖွယ်ရှိသည်။ ဘုရင်မင်းမြတ်တို့စိတ်ထားကား သူတစ်ပါးတရားဟောမှ သိရသည်ထက် မိမိအလိုလိုတရားသိလိုသော စိတ်ရှိသဖြင့် ပစ္စေကဗုဒ္ဓအထိသာ လျှော့ချ ဆုတောင်းဟန်ရှိပါသည်။

ဤအဆိုအတိုင်းပင် ပစ္စေကဗုဒ္ဓတို့သည် နှစ်သင်္ချေနှင့်

ကမ္ဘာတစ်သိန်းသာ ပါရမီဖြည့်ရ၏။ ကိုယ်တိုင်ပင် သစ္စာလေးပါးတရားကိုသိ၏။ ထို့ကြောင့် "ဗုဒ္ဓတီတိ ဗုဒ္ဓေါ" ကိုယ်တိုင်တရားကိုသိ၍ ဗုဒ္ဓပင်ဖြစ်၏။ သို့သော် သီးခြားဟူသော အမိပ္ပာယ်ရသည့် ပစ္စေက သဒ္ဒါနှင့်တွဲ၍ ပစ္စေကဗုဒ္ဓဟုဆိုသည်။ သဗ္ဗညုတမြတ်စွာဘုရားတို့ကဲ့သို့ သတ္တဝါတို့အား လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဖြစ်စေနိုင်သည့် တရားဟောခြင်း၊ တရားပြခြင်း စသည်မရှိ။ လူချမ်းသာ နတ်ချမ်းသာတို့ကိုသာ ပေးနိုင်သည့် ဒါန သီလ စသည်မျှသာ ရှေ့ဆောင်ရှေ့ရှုက် ပြုနိုင်ပေသည်။

ဆုတောင်းရာ၌လည်း ဘုရားအလောင်းတော်ကြီးများ ကဲ့သို့ အင်္ဂါ ၈–ပါး ပြည့်စုံရန်မလို–

၁။ လူသားစင်စစ် ဖြစ်ရခြင်း။

၂။ ယောကျ်ားအစစ် ဖြစ်ရခြင်း။

၃။ သဗ္ဗညုဘုရားရှင်ကိုဖြစ်စေ၊ ပစ္စေက ဗုဒ္ဓကိုဖြစ်စေ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာ တစ်ပါးပါးကိုဖြစ်စေ တွေ့ကြုံဖူးမြင်ရခြင်း။

၄။ ကိုယ်အသက် စသည်ကို စွန့်လွှတ်ပြီး ပါရမီဖြည့်နိုင်ရခြင်း။

၅။ ပစ္စေကဗုဒ္ဓဖြစ်လိုသောဆန္ဒအားကြီးရခြင်း အင်္ဂါ ၅–ပါးသာ လိုပေသည်။

သဗ္ဗညုမြတ်စွာဘုရား အလောင်းတော်တို့မှာ သက်တော်ထင်ရှား မြတ်စွာဘုရားတို့ထံ၌သာ ဆုတောင်းနိုင်၍ ပစ္စေက

ဗုဒ္ဓအလောင်းတော်တို့ကား ဖော်ပြပါအမှတ် ၃–အင်္ဂါအရ ဘုရား ပစ္စေကဗုဒ္ဓ ရဟန္တာသာဝက မည်သည့်ထံမှာဖြစ်စေ ဆုတောင်းခွင့် ဆုတောင်းနိုင်ပေသည်။ သို့သော် နိယတဗျာဒိတ်ပန်းကိုကား ဘုရားနှင့် ပစ္စေကဗုဒ္ဓတို့ကသာ ပေးနိုင်ကြပေသည်။

ထိုသို့ နိယတဗျာဒိတ် ရပြီးနောက်အနည်းဆုံး ကမ္ဘာပေါင်း နှစ်သင်္ချေနှင့် အစွန်းထွက် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။ အနည်းငယ်ပို၍လည်း ကမ္ဘာသိန်းသန်း ကုဋေအစွန်းထွက်၍လည်း ဖြည့်ကျင့်ရသည်။ သို့သော် သုံးသင်္ချေအထိကား ပါရမီမဖြည့်ရပေ။ ဖြစ်ပွင့်မည့်အချိန်ကာလမှာလည်း ဘုရားမပွင့်သော သုညကမ္ဘာမှာမဟုတ်၊ ဘုရားပွင့်နိုင်သည့် ကမ္ဘာမှာသာ ဖြစ်၍ ဘုရားသာသနာမရှိစဉ် သာသနာပအချိန်တွင်သာ ဖြစ်ပွင့်နိုင်ပေသည်။

"လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓစက်"ဟူသော ဘုရားရှိခိုးပါ စကားအရ နေရောင်ပမာ မြတ်ဗုဒ္ဓသာသနာ ပွင့်လင်းနေစဉ်တွင် မပွင့်၊ ဘုရားတည်းဟူသော နေမင်းကြီး ကွယ်ရာညဉ့်အခါနှင့် ဉပမာတူသော သာသနာပ၌ ပွင့်တော်မူ၍လည်း ပစ္စေကဗုဒ္ဓ အရှင်မြတ်များကို လမင်းနှင့်ဉပမာပြု၍ လရောင်ဝင်းလျက်ဟု ဆိုခြင်းဖြစ်လေသည်။ ပစ္စေကဗုဒ္ဓတို့သည် ကြံချိုပမာ တစ်ချောင်းတည်း၊ တစ်ပါးတည်းဟု ဆိုသော်လည်း တစ်ကြိမ်တည်း၌လည်း ပစ္စေကဗုဒ္ဓပေါင်း ငါးရာတစ်ထောင် ပွင့်နိုင်ပေသည်။ ပစ္စေကဗုဒ္ဓတို့၏ ပညာဉာဏ်သည် မြတ်စွာ

ဘုရားတို့၏ သဗ္ဗညုတဉာဏ်တော်ကိုမမီသော်လည်း အဂ္ဂသာဝက တို့၏ ပညာဉာဏ်ထက် အဆင့်မြင့်သည်ဟု ဆိုပေသည်။

မည်သူမဆို ပစ္စေကဗုဒ္ဓတို့အား လှူဒါန်း၍ ဆုတောင်းလျှင် ပစ္စေကဗုဒ္ဓ အရှင်မြတ်က "ဣစ္ဆိတံ ပတ္ထိတံ၊ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု"ဟု ဆုပေးလျှင် မုချပြည့်နိုင်ပေသည်။ ဇာတ်တော်တို့တွင်လည်းကောင်း၊ ဓမ္မပဒဝတ္ထုစသည်တို့တွင် လည်းကောင်း၊ ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့ ချီးမြှောက်၍ ဒိဋ္ဌဓမ္မ အကျိုးရကာ ဆင်းရဲသားဘဝမှ သူဌေးကြီး၊ စစ်သူကြီးနှင့် မင်းအဖြစ်သို့ရောက်ရသော ဝတ္ထုများကို ဖတ်ရှုရပေသည်။

ဤကျွန်ုပ်တို့ မြတ်စွာဘုရားလက်ထက်တွင်လည်း ပစ္စေကဗုဒ္ဓ အလောင်းအလျာများရှိကြောင်း ထိုထိုကျမ်းစာတို့ တွင် ပါရှိပေသည်။ ၎င်းတို့မှာ–

၁။ ဒေဝဒတ်။ ။မြတ်စွာဘုရားအားပြစ်မှား၍ မြေမျို ကာနိရဲ၌ ရှိခိုးပူဇော်ခဲ့၍ ဤကမ္ဘာမှ နောက်ကမ္ဘာတစ်သိန်း မြောက်တွင် အဋ္ဌိဿရမည်သော ပစ္စေကဗုဒ္ဓ ဖြစ်လတ္တံ့ဟု မြတ်စွာဘုရား မိန့်ကြားခဲ့သည်။ ကမ္ဘာနှစ်သချေ ပါရမီဖြည့် ခဲ့ပြီဟု သိနိုင်၏။ (ဓမ္မပဒ အဋ္ဌကထာ)

၂။ အဇာတသတ်။ ။ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိ၍ ပိသုဃာတကကံကြောင့် ငရဲဖြစ်ရမည်ဖြစ်သော်လည်း ငရဲကလွတ်ပြီးသည့်နောက်တွင် ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓ ဖြစ်လိမ့်မည်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ (သုတ်သီလက္ခန် အဋ္ဌကထာ သာမညပလသုတ်အဖွင့်)

၃။ သုမနပန်းသည်။ ။မြတ်စွာဘုရားအား အသက်ကို စွန့်၍ ပန်းလှူခဲ့သောကြောင့် နောင်တွင် သုမနမည်သော ပစ္စေကဗုဒ္ဓ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ (သုတ္တနိပါတ် အဋ္ဌကထာ)

၄။ လယ်စောင့်ယောကျ်ား။ ။ရဟန္တာ ပုဂ္ဂိုလ်အား ကောက်ရိုးတည်း ကျောင်းဆောက်လှူဒါန်းခဲ့၍ နောင်တွင် ရတနကုဋိ မည်သော ပစ္စေကဗုဒ္ဓဖြစ်မည်။ (ထေရဂါထာ အဋ္ဌကထာ)

၅။ ခီးကွက်ငှက်။ ။မြတ်စွာဘုရားအားကြည်ညို၍ ဆွမ်းခံကြွရာ၌ လိုက်ပို့ခြင်း၊ ဆွမ်းခံပြန်ရာ၌ ကြိုဆိုခြင်းကြောင့် သောမနဿ ဟူသောအမည်ဖြင့် ပစ္စေကဗုဒ္ဓဖြစ်မည်ဟုဆိုသည်။ (မဋ္ဌ ၁၊ ၃၂၂)

၆။ ဦးဆောက်ပန်း လှူသောသူ။ ။မြတ်စွာဘုရား ဆွမ်းခံ ကြွလာစဉ် ဦးဆောက်ပန်းကို လှူဒါန်းပူဇော်သော ယောကျ်ား အား နောင်အခါ ဝဋ္ဋသကာ ဟူသော အမည်ဖြင့် ပစ္စေကဗုဒ္ဓ ဖြစ်လိမ့်မည်ဟု မြတ်စွာဘုရား ဟောကြားတော်မူလေသည်။ (နေတ္တိပါဠိတော်)

အထူးသိဖွယ်တစ်ရပ်မှာ မြတ်စွာဘုရား၏ အရိုးတော် တို့သည် ကွင်းဆက်များဖြစ်သကဲ့သို့ အရှင်ပစ္စေကဗုဒ္ဓတို့၏ အရိုးတော်တို့မှာလည်း ချိတ်ဆက်များဖြစ်ကြောင်း မဟာပရိနိဗ္ဗာန သုတ် နာဂါပလောကိတဝဏ္ဏနာ (ဒိဋ္ဌ၊ ၁၅၄)၌ ဖွင့်ဆိုထားပေ သည်။ ရဟန္တာတို့ကား ပကတိလူတို့ကဲ့သို့ပင် တစ်ဆက်ရိုးရိုး ပင် ဖြစ်ကြောင်းဆိုပေသည်။

# သာဝကဗောဓိ

ဗောဓိဟူသည် အသိဉာဏ် အထူးအမြတ်ကိုဆိုရာ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ် ဗောဓိဆုအပြင် ပစ္စေကဗုဒ္ဓါဆုနှင့် သာဝကဗောဓိဆုဟူ၍လည်း ရှိသေးသည်။ သာဝကဗောဓိဆုဟူရာ၌လည်း အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဟု သုံးမျိုးပြားသဖြင့် ဆုတောင်းရာ၌လည်း ဤသုံးမျိုးအားလျော်စွာ ဆုသုံးမျိုးဖြစ်၍လာလေသည်။ အဂ္ဂသာဝကဆု၊ မဟာသာဝကဆုနှင့် ပကတိသာဝကဆုပင် ဖြစ်၏။

ဤဖော်ပြခဲ့သည့် ဆုအားလုံးမှာပင် လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆဖြင့် မရနိုင်ကြောင်းကို အဋ္ဌကထာကျမ်း (အံဋ္ဌ-၁၊ ၆၃)စသည်တို့တွင် သတိစသော တရားတို့၏ အညီအညွတ်ဖြစ်မှု၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားမှု၊ သစ္စာလေးပါးကို မျက်မှောက်ပြုမှုတို့နှင့် ကင်း၍ မဖြစ်နိုင်ကြောင်းကို ဆိုထားသဖြင့် သာမန်မျှ ဆုတောင်း၍ မေ့လျော့ပေါ့ဆစွာနေသူတို့နှင့် လုံးဝသင့်လျော်မှုမရှိကြောင်း မှတ်သားသင့်ပေသည်။

ဆုအားလုံးတွင် သာဝကဆုသည် ဖော်ပြပါအတိုင်း သုံးမျိုးကွဲသည်ဟုဆိုသော်လည်း ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ရာ၌ကား ကွဲပြားမှုမရှိ အတူတူပင်ဖြစ်သည်။ ထို့ပြင် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတစ်ပါးပါးထံ၌ ဒါန စသည်ပြုလုပ်၍ ဆုတောင်းလျက် ရဟန္တာသာဝက တစ်မျိုးမျိုးဖြစ်ရန် အားကြီးသော ဆန္ဒနှင့် ပါရမီတို့ကို ဖြည့်ကျင့်ရပေသည်။ ဤ၌ သာဝကရဟန္တာအဖြစ်တွင်လည်း (၁) အဂ္ဂသာဝက = တပည့်အများ

တွင် အမြတ်ဆုံးသော သာဝက၊ (၂) မဟာသာဝက = တပည့် သာဝကကြီး၊ (၃) ပကတိသာဝက = ရိုးရိုးတပည့်သာဝကဟူ၍ သုံးမျိုးရှိပေသည်။

ထိုသုံးမျိုးတို့တွင် (၁) အဂ္ဂသာဝကသည် ကမ္ဘာတစ်သချေ နှင့် တစ်သိန်းပါရမီဖြည့်ရ၏။ ယခု ဂေါတမမြတ်စွာဘုရား လက်ထက်၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် တို့ပင်ဖြစ်သည်။ အဂ္ဂသာဝကဆိုသည့်အတိုင်း ပညာတန်ခိုး အမျိုးမျိုးတို့တွင် မဟာသာဝကတို့ထက် ဆထက်များစွာ သာလွန် လှပေသည်။ (၂) မဟာသာဝကသည် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ရ၏။ ယခု ဂေါတမမြတ်စွာဘုရားလက်ထက်၌ အရှင်မဟာ ကဿပ စသော အသီတိ မဟာသာဝကတို့ပင်ဖြစ်ပေသည်။ အသီတိ မဟာသာဝကဟူသည်မှာ မဟာသာဝက ပါရမီဖြည့် ခဲ့သော ရဟန္တာရှစ်ကျိပ်(၈၀)ရှိပေသည်။ အချို့ တေဒဂ်ဘွဲ့ထူး ရ၍ အချို့မရပေ။ အသီတိ မဟာသာဝကဟူသည် တေဒဂ် ရဟန္တာများကိုဆိုသည်ဟု ပြောကြသူများ ရှိ၏။ အမှန်မှာ မဟာသာဝကတိုင်း တေဒဂ်မရကြပါ။ မဟာသာဝက ရှစ်ကျိပ် (၈၀)ထဲတွင် တေဒဂ်ရ ရဟန္တာ(၄၁)ပါး မျှသာရှိပေသည်။ ကျန် ၃၉-ပါးမှာ တေဒဂ် မရကြပေ။ (ဘုရာ မယ်တော် ခမည်းတော် တို့လည်း မဟာသာဝကစာရင်းတွင် မပါသော်လည်း ကမ္ဘာ တစ်သိန်းပင် ဆုတောင်း၍ ပါရမီဖြည့်ရကြောင်း အထူးမှတ်သား ထားသင့်ပေသည်။)

(၃) ပကတိသာဝကဟူသည်မှာ ပါရမီဖြည့်ရသော

ကာလအပိုင်းအခြားမရှိ၊ ဝဋ်မှလွတ်ရာ (မဂ်ဖိုလ်ကို တောင့်တ၍ အမှတ်မထား၊ တစ်ပါးပါးသော ဘဝကာလများကစ၍ ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီအဆောက်အအုံနှင့် ပြည့်စုံလျှင် ပကတိ သာဝကဉာဏ်ကို ရနိုင်သည်။ ဤ၌ အမှတ်မထား တစ်ပါးပါး သော ဘဝကာလဟူသည် ဘဝတိုတိုနှင့် ဖြစ်နိုင်သလို၊ ဘဝ ရာထောင်သိန်းသန်းလည်း ရှည်နိုင်သည်။ ကမ္ဘာသင်္ချေလည်း ကြာနိုင်သည်ကို သတိပြုရပေမည်။

ဘဝတိုတိုနှင့် ကျွတ်တန်းဝင်နိုင်ရန် ပကတိသာဝကဆု ကို တောင်းသည်ဟုဆိုသော်လည်း ပါရမီဖြည့်မှုအား အကြီး အသေးကိုမှီ၍ အတိုအရှည်ဖြစ်နိုင်ကြောင်း ကလျာဏမိတ္တ စသည်လည်း ပါနိုင်သေးကြောင်း တွက်ဆကြရာ၏။ အပဒါန် အရ အတ္ထသန္ဒက မထေရ်စသည်တို့သည် ပကတိသာဝက ဖြစ်သော်လည်း ပဒုမုတ္တရဘုရားလက်ထက်မှစ၍ ဆုတောင်း ပါရမီ ဖြည့်ခဲ့ရသဖြင့် မဟာသာဝကများနှင့်အတူပင် ကမ္ဘာ တစ်သိန်းပင် ကြာမြင့်ခဲ့ပေသည်။

အနုလေပဒါယက မထေရ်သည် အနောမဒဿီဘုရား လက်ထက်မှစ၍ ဆုတောင်းပါရမီဖြည့်ခဲ့ရသဖြင့် အဂ္ဂသာဝကများ နှင့်အတူပင် ကမ္ဘာတစ်သင်္ချေနှင့် တစ်သိန်းပင်ကြာမြင့်ခဲ့ပေသည်။ ဓမ္မရုစိမထေရ်ကား ဘုရားလောင်း သုမေဓာရှင်ရသေ့နှင့်အတူပင် ဒီပင်္ကရာမြတ်စွာဘုရားထံ ဆုတောင်းခဲ့သူဖြစ်ရာ ဂေါတမ မြတ်စွာ ဘုရားလက်ထက်အထိဆိုသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပင် ကြာခဲ့ပေသည်။ ထို့ကြောင့် ပကတိသာဝကဆုဆို၍ ဘဝတိုတို

နှင့် မဂ်ဖိုလ်ကို ရနိုင်သည်ဟု မမှတ်ရာ၊ မိမိ၏ဆန္ဒ ကြီးကျယ်မှု၊ ပါရမီကို လွန်ကဲစွာဖြည့်ကျင့်မှုတို့နှင့်လည်း သက်ဆိုင်သေးသည်။

ဖော်ပြပါ ဓမ္မရှစိမထေရ်သည် ဒီပင်္ကရာဘုရားထံတွင် ဆုတောင်းခဲ့သူဖြစ်ရာ ဆုတောင်းသက်အနေနှင့်သော် အင်္ဂသာဝက တို့ထက်ပင် များစွာပိုသေးသည်။ သို့သော် သူသည် ထိုဘဝမှစ၍ ပါရမီဖြည့်နေစဉ် ဘဝတစ်ခုခု၌ မကောင်းသော အပေါင်းအသင်း တို့နှင့် ပေါင်းသင်းဆက်ဆံမိ၍ အမိသတ်ခြင်း စသော အနန္တရိယ ကံကြီးများကို ကျူးလွန်မိသဖြင့် အဝီစိငရဲကြီး၌ ကျခဲ့ရသည်။ ထို့နောက် ဘဝပေါင်းများစွာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော ဒုဂ္ဂတိဘုံတို့၌သာ ဖြစ်နေရပြီး ကမ္ဘာလေးသင်္ချေနှင့် တစ်သိန်းကြာမှ ဤဘုရားလက်ထက်တွင် ငါးသတ္တဝါဖြစ်၍ ဘုရားဟူသော အသံကိုကြားကာ ထိုဘဝမှစုတေပြီး ဗာရာဏသီ ပြည်၌ လူဖြစ်ကာ ဘုရားထံရောက်၍ ရဟန္တာဖြစ်ခဲ့ရပေသည်။ ကလျာဏမိတ္တနှင့် မပေါင်းမိဘဲ မိတ်ပျက်ဆွေပျက်နှင့် ပေါင်းဖက်မိ မှား၍ ဘဝများစွာ နစ်မွန်းပြီးမှ ဆုတောင်းပြည့်ခဲ့ရသည်ကိုလည်း မှတ်သားဖွယ်ပင် ဖြစ်ပါသည်။

ရဝေထွန်း

## ရန်အောင်စာပေမှ ထုတ်ဝေပြီးသော ဦးအေးမောင်၏စာအုပ်များ

- ပိဋကတ်မှ ဗုဒ္ဓနှင့်ဝမ္ပ
- စိတ်ပညာနှင့်ကိုယ်ကျင့်တရား
- စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု
- လူ့စိတ်သဘာဝ
- လူ့ဘဝလူ့လောကအမြင် (ပ-ဒု)
- ဗိဇနှင့်ပတ်ဝန်းကျင်
- သေသည်၏အခြားမဲ့၌
- ဗုဒ္ဓအမြင် လူသားစွမ်းအင်

ဆက်လက်၍

- ဘဝဆည်းဆာ

## ရန်အောင်စာပေထုတ် အခြားစာအုပ်ကောင်းများ

- စိတ်တန်ခိုးကိုလေ့လာခြင်း (မောင်ကျောက်တိုင်)
- အစာလည်းဆေး, ဆေးလည်းအစာ (မောင်ယဉ်နွယ်)
- လျှို့ဝှက်ဆန်းကြယ်ကမ္ဘာ့ရနယ် (တိုးထက်)
- မြန်မာပြည်အရပ်ရပ်မှ လူဝင်စားများ (တိုးထက်)
- အမေ့တမလွန်ဘဝနှင့်အံ့ဖွယ်ထူးခြားစိတ်နယ်လွန်ဇာတ်လမ်းများ (တိုးထက်)
- ဂဏ်တော်နဝရတ်နှင့်သူပြတ်ကျင့်စဉ် (သုသုက)
- ထူးအတွေ့ကြုံဆန်း တစ္ဆေဇာတ်လမ်းများ (ဒေါက်တာအောင်ကျော် သွား/ဆရာဝန်)
- တမလွန်ဘဝပြဿနာ (ဦးကောသလ္လ-လကမ္ဘာမောင်)
- သူတို့အဆိုသူတို့ဟာသ (အငြိမ်းစားသံအမတ်ကြီးဦးသက်ထွန်း)
- အိမ်ထောင်ရေးအဘိဓမ္မာ (ရန်အောင်)
- ယမုံနာနှင့်ဂင်္ဂါ (နတ်မောက်ဘုန်းကျော်)
- မြန်မာ့သွားကျွဲနှင်း (ဒေါ်ရီကြိန်)
- အလောင်းတော်ကဿပတောဆင်း (ကြည်ဦး)

- မြန်မာနိုင်ငံရောက် ဗုဒ္ဓသာသနာ အနှစ်ချုပ်
- မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်ရှိလာပုံ
- မနုဿသီဟရုပ် ဖန်ဆင်းခြင်း
- သရေခေတ္တရာ သာသနာ
- ပုဂံသာသနာ သာသနာပြု ရှင်အရဟံမထေရ်
- သင်္ဂါယနာတင်ခြင်းများ
- ဩကာသကန်တော့ခန်းအကြောင်း
- ဘုရားရတနာ ရခဲစွာ
- သာသနာတော်နှင့် တွေ့ကြုံရကျိုး
- သုံးပါးရတနာ ကန်တော့ခြင်းသာ
- သရဏဂုံ
- သံသရာလည်သည်ဆိုရာဝယ်
- ငါးပါးသီလခန်း
- သီလရတနာဆင်ယင်ရာ
- နိဗ္ဗာန်ဆုတောင်း
- ဘုရားလောင်းသုံးမျိုး
- ပစ္စေကဗုဒ္ဓဆုအကြောင်း
- သာဝကဗောဓိ

ရဝေထွန်း

# ဗုဒ္ဓဘာသာဟူသည်မှာ